
www.burmeseclassic.com

# ကိုပိုက်

# ထူးခြားဆန်းကြယ်
# ကကြီး ခခွေး ဂငယ်




မှဆိုးဝတ္ထုရှည် အသစ်စက်စက်

www.burmeseclassic.com

www.burmeseclassic.com

(၁) (၂)

မွေးမေ

မွေးဖေ

မြီးတော့ . . . . .

ဘရသေ့ . . . . .

BURMESE CLASSIC

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဖြစ်သည့်

ဆရာသော်တာဆွေအား ဤစာအုပ်ဖြင့်

ဂါရဝပြုပါသည်။

ကိုပိုက်

(၃) (၄)

www.burmeseclassic.com

www.burmeseclassic.com

# ကိုပိုက်

## ထူးခြားဆန်းကြယ် ကကြီး ခခွေး ဂငယ်

စီစဉ်သူ - ကိုသိန်းဇော်

ဖြန့်ချိရေး

ပညာရဲ့ရှင်စာပေ

အမှတ် (၁၉)၊ ၄ လွှာ၊ တာမွေဈေးလမ်း၊
တာမွေပလာဇာအနောက်ဘက်၊ တာမွေမြို့နယ်၊
ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com




ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၈၈၀၃၀၈

အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၇၅၀၀၆၀၈

ပုံနှိပ်ခြင်း

ပထမအကြိမ်

(အောက်တိုဘာလ- ၂၀၀၈)

အုပ်ရေ (၅၀၀)

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ

ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်) (၀၂၉၀၉)

အမှတ် (၁၇၁)၊ ၃၃လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဒေါ်တင်တင်ဝေ (၀၁၇၆၀)၊ မိုးမြင့်စာပေ

အမှတ် (၇၅)၊ ၄-လွှာ၊ ဓမ္မစိန္တာလမ်း၊

ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းဖလင်

ကိုအောင်မင်းလွင်

မျက်နှာဖုံးပန်းချီ

(K)ဘသက်း

ကွန်ပျူတာစာစီ

*Asia Born (Desktop Publishing & Media Group)*

*Ph : 727709*

တန်ဖိုး - ၁၀၀၀ကျပ်


www.burmeseclassic.com

www.burmeseclassic.com

## ထူးခြားဆန်းကြယ် ကကြီး၊ စခွေး၊ ဂငယ်

ညဥ့်ဦးပိုင်းက တိတ်ဆိတ်ငြိမ်သက်နေသည်ဆိုပေမင့် ညဥ့်နက်ပိုင်းရောက်လာသည်တွင် သစ်ရွက်လေတိုးသံများ ပြင်းပြင်းကြားရ၏။ အဝေးဆီမှ တော်လဲသံများကြားရ၏။ တောကောင်တို့ဝရုန်းသုန်းကားပြေးသံများ ကြားရ၏။ တချက်တချက် လူသံတို့လိုလို ကြားရသည်။ ထိုသည်ကတော့ စိတ်ထင်၍ဖြစ်ချိမ့်မည်။ သည်ကြား ငှက်ဆိုးကောင်တစ်ကောင်သည် အနားမှကပ်၍ အော်ဟစ်ပျံသွားလေ၏။ လေပြေးလေးနှင့်အတူ အပုပ်နံ့သည်လည်း ပါလာသေးလေ၏။ သို့ကြောင့် ကြက်သီးမွေးညှင်းပင် ထမိ၏။ တောသည်ကျွန်တော်တို့ကို ကြောက်လန့်အောင် ခြောက်လှန့်နေခြင်းဖြစ်သည်။

တစ်နှစ်တာ၏နောက်ဆုံးလဖြစ်ခြင်းကြောင့် ညဥ့်နက်လေပိုချမ်းလေဖြစ်ကြ၏။ ကျွန်တော်လိုက်လာမိတာ မှားပြီလားဟုပင်ထင်မိ၏။ လင်းမြင့်လှိုင်ကတော့ အပြောသား။

"ကိုပိုက် စခန်းမှာနေချင်နေခဲ့ပါလား"

"ကျွန်တော်လဲ လင်းစင်စောင့် သားကောင်ပစ်တာ ဝါသနာပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဆိုလျှောက် လိုက်ခဲ့ခြင်းဖြစ်၏။ သို့ထက် ထူးဆန်းသော ဟင်းကောင် (ကျား)တို့ မြင်လိုတွေ့လိုခြင်းသည် အဓိကအကြောင်းရင်း ဖြစ်လေ၏။

"ပျဉ်းမတောထဲမယ် ငါတို့ လင့်ထိုးပြီး ဟင်းကောင်(ကျား) ပစ်တယ်ကွာ၊ ထိတယ်ကွာ၊ နို့ပေမင့် မနက်ကျ လင့်ပေါ်က ဆင်းကြည့်တော့ (ကျား)ဟင်းကောင်က မရှိတော့ပြန်ဘူး၊ တစ်ခါလည်း မဟုတ်၊ နှစ်ခါလည်းမဟုတ်။

"တောမှောက်တာနေမှာပါ"

"အဲလိုလည်း မဖြစ်နိုင်ဘူးထင်တယ်၊ တောမှောက်လျှင် တစ်ခါပေါ့၊ နို့မှမဟုတ် နှစ်ခါပေါ့၊ ခုတော့ အကြိမ်ကြိမ်အလီလီ၊ ပြီးတော့ လင့်သွားစောင့်ပစ်တိုင်းပင်၊ အဲလိုချည်းပဲဆိုတော့ အံ့ဖို့ မကောင်းပေဘူးလား"

သို့ပြောလာသည့် 'မီးလောင်ကုန်း'ရွာသား မုဆိုးကြီး စောတာပုနှင့်အတူ သူပြောသည့်ထူးဆန်းသော ကျားကောင်ကို ပစ်ရန်အလို့ငှာ လာကြခြင်းဖြစ်၏။ သို့ဆိုတော့ ပျဉ်းမတောနှင့် တစ်မိုင်ခန့်ဝေးသောနေရာတွင် စခန်းချကြပြီးနောက် ကျားကောင်တွေ့တွေ့နေသည်ဆိုသည့် ပျဉ်းမတောတွင် လင့်စင်ထိုးလိုက်ကြ၏။ လင့်စင်ထိုးသည့်အခါတွင် အခက်အခဲသိပ်မရှိလှချေ။ စောတာပုတို့ ထိုးထားသည့်လင့်စင်ကို အနည်းငယ်မျှ ပြုပြင်ထားခြင်းဖြစ်၏။

လင့်စင်ထိုးပြီးသည်နှင့် ကျွန်တော်တို့သည် အပင်အောက်ခြေရှိ လင့်စင်ထိုးရာတွင် အပိုင်းအစများ ကျကျန်နေသည်တို့ကို ရှင်းလင်းဖျောက်ဖျက်လိုက်ကြ၏။ သစ်မှုန့်ခြောက်များဖြင့် ထိုနေရာ

www.burmeseclassic.com

www.burmeseclassic.com



ကို ဖုံးလွှမ်းထားလိုက်ကြ၏။

သည်နောက် စခန်းတဲသို့ပြန်ကာ စားသောက်လိုက်ကြ၏။ သေနတ်များကိုလည်း တစ်စစီဖြုတ်၍ ပွတ်တိုက်လိုက်ကြ၏။ ကျည်အိမ်ကို စစ်ဆေးလိုက်ကြ၏။ ကျည်အပြည့်ထည့်ထားလိုက်ကြ၏။

အားလုံး အိုကေပြီဆိုတော့ မမှောင်ခင် လင့်စင်ပေါ်သို့ တက်နေလိုက်ကြလေ၏။

သည်သို့ဖြင့် ကျွန်တော်တို့သည် လင့်စင်ပေါ်မှနေ၍ တာပုပြောသည့် ထူးဆန်းသောကျားကောင်ကို စောင့်နေလိုက်ကြသည်မှာ ညဦးနက်ပိုင်းပင် ရောက်လာချေပြီဖြစ်၏။ နာရီဝက်ခန့် တောခြောက်လှန့်ခြင်းကို ခံလိုက်ရပြီးနောက် ရွတ်ခြည်းဆိုသလို တောသည် တိတ်ဆိတ်ငြိမ်သက်သွားပြန်၏။

လေတိုးသံကြောင့် သစ်ရွက်လှုပ်ခတ်သံတို့သာလျှင် ကြားရချေလေ၏။ ကျွန်တော်တို့သည်လည်း တစ်ဦးကိုတစ်ဦး စကားမပြောဖြစ်ကြချေ။ မျက်လုံးအကြည့်ဖြင့်သာ ပြောကြခြင်းရှိချေ၏။

ညနေက တာပုသည် ကျားကောင်လာတတ်သည့် လမ်းကြောင်းလေးကို ပြထားသည်ကြောင့် ကျွန်တော်သည် ထိုလမ်းကြောင်းလေးကို ငုံ့ကဲကြည့်နေလိုက်၏။

သစ်ပင်ကြီးတို့၏ သစ်ရွက်ဖားဖား အုံ့အုံ့စိုင်းစိုင်းတို့ကြားမှ လရောင်သည် ထိုးဖောက်ဆင်းလာချေ၏။

သို့လမ်းကြောင်းပေါ်သို့ တစိတ်တပိုင်းကျနေလေခြင်းကြောင့် တော်သေးလေ၏။ သို့မဟုတ်ပါမူ မှောင်နှင့်မည်းမည်း ကျားကောင်ရောက်လာသည်ပင် တွေ့နိုင်လိမ့်မည်မဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



သို့ စူးစိုက်ကြည့်နေစဉ် ကျွန်တော်၏ပခုံးကို သေနတ်ပြောင်းတစ်ခုက ထိကပ်တိုးလာသဖြင့် လှည့်ကြည့်လိုက်၏။

လင်းမြင့်လှိုင်ဖြစ်၏။ ပြုံးပြလာ၏။ လမ်းကြောင်းလေးဘက်မေးထိုးပြ၏။ ကျွန်တော်လည်းကြည့်နေသည်ဆိုသည့် အဓိပ္ပါယ်ပါသည့်အကြည့်ဖြင့် ပြန်ကြည့်ကာ မေးဆတ်ပြလိုက်၏။ ပြီးနောက်မုဆိုးကြီးတာပုကို လှမ်းကြည့်လိုက်ကြ၏။

အလိုလေးဗျာ အိပ်ငိုက်နေပါကောလား၊ သို့ကြောင့်တတောင်ဖြင့်တွက်၍ သတိပေးလိုက်၏။

မုဆိုးကြီးတာပု မျက်လုံးဖွင့်ကြည့်လာပြီး ခေါင်းဆတ်ပြလာချေ၏။ မုဆိုးကြီးအိပ်ငိုက်ရာမှ အိပ်ပျော်သွားလို့မဖြစ်။ အိပ်ပျော်သွားလျှင် ဟောက်သံပေါ်လာချေတော့မည်။ သည်ခါ ကျွန်တော်တို့လင့်စင်စောင့်ရကျိုးနပ်ချေမည်မဟုတ်။

လင့်စင်စောင့် သားကောင်ချောင်းရသည်မှာ ပင်ပန်းလွန်းလှချေ၏။ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်ရ၏။

ဆီးသွားချင်လို့ မသွားရ၊ အိပ်ချင်လို့ မအိပ်ရ၊ မှက်ခြင်ကိုက်လို့ မရိုက်ရ၊ စကားပင် မပြောကြရ။ ကိုယ့်ဒုက္ခ ကိုယ်ရှာ၊ ဒုက္ခစရိယကျင့်ခြင်းသာဖြစ်ချေလေ၏။ သို့ကြောင့် လင်းမြင့်လှိုင်နှင့်ကျွန်တော်သည် ကျားသောင်းကျန်းကောင်ကို နှိမ်နင်းရန်ရှိသည့်အခါ လိုအပ်ပါလေမှ လင့်စင်စောင့်ပစ်ကြခြင်းရှိချေ၏။ သို့မဟုတ်ပါက လင့်စင်စောင့်ပစ်ခြင်းကို လုံးဝမလုပ်ကြပါချေ။

ယခု စောတာပုပြောသည့် ထူးဆန်းသောကျားကောင်ကို တွေ့မြင်လိုသောကြောင့် လင့်စင်စောင့်ကြခြင်းဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင်၊ စောတာပုတို့နှင့်စာလျှင် ကျွန်တော်သည် အသက်အရွယ်ကြီး သူဖြစ်လေသဖြင့် ကျန်းမာရေးကလည်း မကောင်းသည်ကြောင့် လင်းမြင့်လှိုင်က စခန်းတွင်နေခဲ့ရန် ပြောခဲ့ သည်ပဲ၊ ကျွန်တော်ကိုယ်နှိုက်က ထူးဆန်းသောကျားကောင်နှင့် ဆုံ လိုသည်ကြောင့် သို့ဒုက္ခခံလိုက်လာခဲ့ခြင်းဖြစ်ချေ၏။

သည်သို့ဖြင့် ကျွန်တော်တို့သည် ညဥ့်နက်သန်းခေါင်ပင် ကျော်ခဲ့သည်တိုင် ကျားကောင်လာနိုးစောင့်နေကြ၏။

အိပ်ချင်စိတ်လည်း ဖြစ်ပေါ်လာ၏။ မနည်းစိတ်ထိန်းထား ရ၏။ စောတာပုပြောတာ ဟုတ်မှဟုတ်ပါလေစဟုပင် ထင်မိ၏။

ကျွန်တော်၏မျက်လုံးမှေးစင်းနေရာမှ ရုတ်ခြည်းဆိုသလို ပြူးကျယ်ထွက်လာရလေ၏။

ကျားကောင်လာချေပြီ၊ စောတာပုပြောသည့်လမ်းလေးမှ တလှုပ်လှုပ်လာနေခြင်းဖြစ်၏။ လရောင်ဖြာကျ လမ်းကြောင်းလေး အပိုင်းသို့ ရောက်လာ၏။

အလိုလေးဗျာ နဲ့တဲ့အကောင်ကြီး မဟုတ်ပါကလား။

"ဝေါင်း"

"အလိုလေးဗျာ"

လျှောက်လှမ်းလာရင်း ခေါင်းကိုငဲ့စောင်း ဟိုသည် လှည့် လိုက်လေပြီး၊ သို့နှယ်အော်ဟစ်လာချေ၏။

သားကောင်ငယ်လေးတွေကို ငြိမ်းခြောက်လေခြင်းများလေ လား၊ ကျွန်တော်တို့ရှိမှန်းသိလို့ စိမ်ခေါ်လေသည်လား မသိမိချေ။

"ချောက်"

www.burmeseclassic.com

www.burmeseclassic.com



ခပ်အုပ်အုပ်အသံဖြင့် သေနတ်မောင်းတင်လိုက်သံကို ကျွန်တော် ကားလိုက်၏။ စောတာပုသေနတ်မှ ဖြစ်၏။

သို့အသံသည် တိုးညှင်းလှသည်ဆိုပေမင့် ကျားကောင်သည် ကြားသွားလေသည်ကြောင့်လားမသိ၊ လှမ်းနေသောခြေလှမ်းကို ရပ်တန့်လိုက်ကာ ဘေးတဖက်တစ်ချက်သို့ ခေါင်းငဲ့ကြည့်လိုက်၏၊ ကျွန်တော်တို့ရှိရာကိုလည်း မော်ကြည့်လာချေ၏။

ကျွန်တော်တို့ လင့်စင်ကို သစ်ကိုင်းသစ်ရွက်တို့ဖြင့် ချောင်းကြည့်ပေါက်သာထား ကာရံထားခြင်းကြောင့် ကျားကောင်သည် ကျွန်တော်တို့ကို မြင်နိုင်လိမ့်မည်မဟုတ်ချေ။

စောတာပု၏သေနတ်ပြောင်းသည် ကျားကောင်ကို ချိန်ရွယ်ပြီးဖြစ်ပေမင့် လင်းမြင့်လှိုင်က မပစ်ရန် အချက်ပြအကြည့်ဖြင့် ကြည့်ထားလေခြင်းကြောင့် စောတာပုသည် သေနတ်မောင်းထိန်းခလုတ်ပေါ်သို့ သူလက်ညှိုးလေးကိုပင် တင်ထားခြင်းမပြုပါချေ။

လင်းမြင့်လှိုင်က သူ၏သေနတ်မောင်းကို သာသာညှင်းညှင်း တင်လိုက်ပြန်၏။ လင်းမြင့်လှိုင်ပစ်မည်ဆိုတော့ ကျွန်တော်သည် သေနတ်မောင်းကိုပင် မတင်ပါတော့ချေ။ လင်းမြင့်လှိုင်၏ လှုပ်ရှားမှုကို တချက်ကြည့်လိုက်ပြီး၊ ကျားကောင်ရှိရာသို့ ငုံ့ကဲကြည့်လိုက်ပြန်၏။ ကျားကောင်သည် သူ့တွက်အန္တရာယ် မရှိလောက်ပြီတွက်ကာ ရှေ့ဆက်လျှောက်လာပြန်ချေ၏။ ခါကိုနွဲ့ ဖင်ကိုယမ်းခါလို့ နေ၏။

ကျားကောင်သည် တဖြည်းဖြည်း လင့်စင်နှင့်နီးတင်လာချေ၏။

www.burmeseclassic.com

www.burmeseclassic.com



ပစ်မှတ်အကောင်းဆုံးအကွာအဝေးသို့ ရောက်လာသည် တွင်-

"ဒိုန်း"

ပြင်းထန်သောယမ်းအားပေါက်ကွဲသံနှင့်အတူ ကျားကောင် သည် နေရာမှအနည်းငယ် ရွှေ့လျားကာ လဲပြိုသွားလေ၏။

"ဂါး ဂရောင်း ခေါင်း ဂရား ဂရူး"

မြေပြင်တွင် လူးလိမ့်နေလေ၏။

"ဒိုန်း"

လင်းမြင့်လှိုင်ပင် နောက်ထပ်တစ်ချက် ပစ်လိုက်လေခြင်း ဖြစ်၏။ ကျားကောင်၏ရင်ညွန့်မှ သွေးတို့ဖြာထွက်လာသည်ကိုပင် မြင်လိုက်၏။

"ဒိုန်း"

တတိယတစ်ချက် ထပ်ပစ်လိုက်ပြန်၏။ သည်တစ်ချက် သည် ကျားကောင်၏ဦးနှောက်တို့ကို ဖြာထွက်လာစေ၏။

ကျည်သုံးတောင့်ဖြင့် ကျားကောင်အရုပ်ကြိုးပြတ်ဖြစ်သွား ရချေ၏။

"ဟူး"

လင်းမြင့်လှိုင်တစ်ယောက် သို့နှယ်လေပူတစ်ချက် မှုတ်ထုတ်လိုက် လေပြီး-

"ဖထီးပြောတဲ့ ထူးဆန်းတဲ့ကျားကောင်တော့ မထူးဆန်း လောက်တော့ပါဘူးဗျာ"

သို့ ပြောလိုက်ချေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ယခုမှ ကျွန်တော်တို့ စကားပြောဖြစ်ကြခြင်းဖြစ်လေ၏။

"ဝေး ဝေး ဝေး ဝေး"

"ဝေး ဝေး ဝူး ဝေး ဝေး ဝူး ဝူး"

ခပ်လှမ်းလှမ်းနေရာလောက်ဆီမှ လူတို့အော်ဟစ်သံကို ကြားလိုက်ရသဖြင့် သုံးယောက်သား အံ့သြတကြီး လှမ်းကဲကြည့်လိုက်ကြ၏။

ဆူဆူညံညံ လူသံများသည် တဖြည်းဖြည်း ပျောက်ကွယ်သွားချေ၏။

"နာနာဘာဝတွေများလား"

မုဆိုးကြီးတာပုက ညည်းတွားပြောလေ၏။

"တောခြောက်တာပါ"

လင်းမြင့်လှိုင်က သို့ပြောပြီး ဝီစကီပြားလေးကို ထုတ်ပေးလာချေ၏။

ကျွန်တော်သည် အားရဝမ်းသာလှမ်းယူ၊ တစ်ငုံမော့သောက်လိုက်၏။ လင်းမြင့်လှိုင်ကို ပြန်ပေးလိုက်၏။

"သည်ကောင် ထူးဆန်းကျားကောင် မဖြစ်နိုင်ပါဘူး"

လင်းမြင့်လှိုင်က သေချာပေါက် ပြောလိုက်၏။

"မနက်ကျ သိပါလိမ့်မယ်"

မုဆိုးကြီးစောတာပုက သို့သာပြောပြီး သားပုဆိုးခါးပုံစတွင်းမှ ကွမ်းယာတစ်ခုကိုထုတ်၍ ပါးစပ်တွင်း ထိုးထည့်လိုက်ချေ၏။

ခုတော့ စကားပြောလို့လည်း ရချေပြီ၊ အရက်သောက်လို့လည်း ရချေပြီ၊ ကွမ်းစားလို့လည်း ရချေပြီ၊ ခြင်မှတ်တို့ကို ရိုက်သတ်လို့လည်း ရချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သည်သို့ဖြင့် ကျွန်တော်တို့သည် မိုးလင်းလုတွင် လုံးဝ မအောင့်နိုင်တော့ဘဲ အိပ်ပျော်သွားကြလေ၏။

မည်မျှကြာကြာ အိပ်ပျော်သွားကြလေသည်မသိ။ ကျွန်တော်တို့ လင့်စင်အပင်အပေါ်မှ ဇီးကွက်ကောင်၏ ဆူဆူညံညံ အော်ဟစ်သံကြောင့် အိပ်ယာမှ နိုးလာရလေ၏။ အလိုလေးဗျာ မိုးစင်စင် လင်းပါကောလား။

လင်းမြင့်လှိုင်နှင့်စောတာပုသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေလေသည်။ ကျွန်တော်သည် ညကပစ်လိုက်သော ကျားကောင်ကို သတိရသဖြင့် လှမ်းကဲ့ကြည့်လိုက်၏။

အလိုလေးဗျာ ကျားကောင်ကြီး မရှိတော့ပါကလား။ ဟုတ်မှဟုတ်ပါလေစ။ ကျွန်တော် သေချာရန်အလို့ငှာ မျက်လုံးကို ပွတ်သပ်ကြည့်လိုက်ပြန်၏။ တကယ် မရှိတော့ပါချေ။ သို့ကြောင့် လင်းမြင့်လှိုင်ကို ပုတ်ခတ်နှိုးလိုက်ရချေလေ၏။

"ကျွန်တော် ညက သုံးချက်တောင်ပစ်လိုက်တာပဲဗျ၊ လာဗျာ အောက်ဆင်းကြမယ်"

သို့ကြောင့် ကျွန်တော်သည် မုဆိုးကြီးတာပုကို ပုတ်ခတ်နှိုးလိုက်၏။ မုဆိုးကြီးတာပုအတွက် မထူးဆန်းသလို ဖြစ်နေလေ၏။ သို့အဖြစ်မျိုး သူတို့ မကြာခဏ ကြုံကြသည်ပဲ။

ညက ကျားကောင်သေဆုံးသည့် နေရာတွင်မတော့ သွေးတို့အိုင်ထွန်းနေသည်ကို တွေ့ရ၏။

"သည်လိုဆိုတော့ ဒါ တောမှောက်ခံရတာ မဖြစ်လောက်ဘူးဗျ၊ သည်ကျားကောင်ကို တစ်ဦးတစ်ယောက်က လာယူသွားတာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မယ်" ကျွန်တော်က ပြောလိုက်၏။

"ဘယ်လိုဖြစ်နိုင်မှာတုန်း" မုဆိုးကြီးတာပုက ပြောလေ၏။

"နေဦးဗျ"

လင်းမြင့်လှိုင်က သို့ဆိုပြီး အနားတဝိုက် မြေပြင်သို့ စေ့စပ်သေချာကြည့်နေလေ၏။ ခြေရာများ ရှာဖွေနေခြင်းဖြစ်၏။

ကျားကောင်၏ လာလမ်းတလျှောက် ကျားခြေရာကိုသာ တွေ့ရ၏။ သို့ပေမင့် ပတ်ဝန်းကျင်တဝိုက် လူခြေရာကိုတော့ဖြင့် မတွေ့ပါချေ။

သို့ဆိုတော့ ကျားကောင်ကို လူတို့ လာရောက်သယ်ယူသွားခြင်း မဖြစ်နိုင်ပြီပေါ့။

"ကိုလင်း ဘယ်လိုသဘောရသလဲ"

ကျွန်တော်က မေးလိုက်၏။

"လောလောဆယ်တော့ မပြောတတ်သေးဘူးဗျ"

သို့နှယ် လင်းမြင့်လှိုင်ကပြောပြီး တဲအပြန်လမ်းသို့ ဦးဆောင်သွားလိုက်ချေလေ၏။

"ငါပြောတာ ယုံကြစမ်းပါကွာ၊ ဒါ နတ်ကျားကြီးပဲဖြစ်မယ်၊ အင်မတန်ထူးဆန်းတာကလား၊ ငါတို့ မကြာခဏ အဲလိုဖြစ်ဖူးတယ်၊ နို့ကြောင့် ဆရာလေးတို့ကို အဖြေမှန်သိဖို့ အကူအညီတောင်းရတာပေါ့"

"မပူပါနဲ့ တာပု၊ သည်ကိစ္စအဖြေမှန်သိအောင် ကျွန်တော်တို့ လုပ်ပေးပါ့မယ်"

သို့ လင်းမြင့်လှိုင်က အာမခံလိုက်ချေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ကျွန်တော်တို့သည် စခန်းတဲရှိရာသို့ ပြန်ရောက်ခဲ့လေ၏။

အလိုလေးဗျာ ကျွန်တော်တို့စခန်းတဲ ပြိုကျပျက်ဆီးနေပါကောလား၊ ဘယ်သူလာရောက် ဖျက်ဆီးသွားပါလိမ့်။

"ဒါ လူတွေ ဖျက်ဆီးသွားတာ မဟုတ်ဘူး"

လင်းမြင့်လှိုင်က ပြောလေ၏။

"နို့ဖြင့် ဘယ်လိုဖြစ်လို့ . . ."

"သည်မယ် ဆင်ရိုင်းကောင်တွေခြေရာလေ ဆင်ရိုင်းကောင်တွေ ဖျက်ဆီးသွားတာ"

အလိုလေးဗျာ သို့သိလိုက်သဖြင့် ကျွန်တော် လွန်မင်းစွာ ထိတ်လန့်တုန်လှုပ်သွားရလေ၏။

မနေ့က လင်းမြင့်လှိုင် ကျွန်တော့ကို စခန်းတဲတွင် နေလိုက နေခဲ့ရန် ပြောခဲ့၏။ သို့ စခန်းတဲတွင် နေခဲ့ပါက ယခုတော့ဆိုလျှင် ကျွန်တော်၏အလောင်းသည်ပင် လင်းမြင့်လှိုင်တို့ တွေ့သွားကြလေပြီ၊ စိတ်မကောင်းဖြစ်နေကြရပေဦးမည်။

"ကျွန်တော်တို့ ဘာဆက်လုပ်မလဲ"

"သည်တာည စောင့်ပစ်ချဦးမယ်"

လင်းမြင့်လှိုင်က ပြောလေ၏။

"သည်အတိုင်းပဲ ဖြစ်ပေဦးမှာပါ"

မုဆိုးကြီးတာပုက ပြောလာချေ၏။

"ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ဗျာ၊ သည်ထက် ရှင်းတဲ့အကြောင်းစိခု ရနိုင်ကောင်းပါရဲ့" သို့ လင်းမြင့်လှိုင်က ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"တုတ်ပြီလေ၊ နို့ဖြင့် လတ်တလော ကျွန်တော်တို့ အမဲရှာပစ်ပြီး၊ မနက်စာတော့ လုပ်ရဦးမှာပေါ့"

သို့ဖြင့် ကျွန်တော်တို့သည် မုဆိုးကြီးတာပု၏ဦးဆောင်မှုဖြင့် မိကျောင်းချောင်းသို့ ထွက်ခဲ့ကြ၏။

"မိကျောင်းချောင်းဘက်မယ် ဂျီကောင်တွေပေါတယ်"

သို့ မုဆိုးကြီးတာပုက ပြောလာသည်ကို၊ ကျွန်တော်တို့ ဂျီကောင်လေးတစ်ကောင်ကို ပစ်ခတ်စားသောက်ရန်အလို့ငှာ ထိုနေရာနှင့် နှစ်မိုင်သာသာမျှသာ ဝေးသည်ဆိုသည့် မိကျောင်းချောင်းသို့ ထွက်ခဲ့ကြလေ၏။

နာရီဝက်မရှိလောက်သည့်အချိန်တွင် မိကျောင်းချောင်းဝသို့ ရောက်လာကြ၏။

"ဒါ မိကျောင်းချောင်းပဲ"

မိကျောင်းချောင်းသည် အဝကျယ်၍အတွင်းသို့ ကျဉ်းသွားပုံရချေ၏။ ရေစပ်စပ်တော့ဖြင့် ရှိသေး၏။

ချောင်း၏တဖက်တချက် နံရံတို့တွင် တောရှောက်ပင်တို့ အမြစ်များ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် တွယ်နေကြ၏။ ချောင်းဂမ်းတွင်ပေါက်နေသည့် တောရှောက်ပင်တို့၏အမြစ်များဖြစ်ချေ၏။ လင်းမြင့်လှိုင်သည် မိကျောင်းချောင်းအဝနားအတွင်းသို့ ဦးဆောင်ဝင်သွား၏။

"သည်ချောင်းထဲကို ဂျီကောင်ဝင်သွားပုံရတယ်ဗျ"

ချောင်းဝတွင်တွေ့ရသည့် ခြေရာကိုကြည့်၍ လင်းမြင့်လှိုင်က ပြောလာခြင်းဖြစ်ချေ၏။

www.burmeseclassic.com

www.burmeseclassic.com



"နို့ဖြင့် ဝင်လိုက်သွားကြမယ်"

ကျွန်တော်က သို့ပြောလိုက်ပေမင့် လင်းမြင့်လှိုင်က စာတာပုကို လှမ်းကြည့်လိုက်ချေပြီး-

"သည်ချောင်းက ရှည်သလား"

"အင်း"

"ချောင်းကမ်းပါးမြင့်လား"

"အထက်ပိုင်းကျလျှင်တော့ ချောင်းကမ်းပါးမြင့်တယ်၊ ကွယ်ဖက်တက်စရာတွေတော့ရှိတယ်ဆိုပေမင့် ဆေးမြင်းခွာနဲ့ ကြက်ခြမ်းပင်တွေလဲ ချောင်းနံရံမယ် ကပ်ပေါက်နေကြတယ်"

"ချောင်းအဝဝန်းကျင်မှာတော့ မြောင်ကမ်းနိမ့်တယ်၊ လှခါး စောင်းလောက်တောင် မရှိချင်ဘူး၊ မြောင်ပေါ်တက်ပြီး၊ တောင်ကြော ကို သွားလို့ရတယ်"

"နို့ဖြင့်လည်း လာကြချေဗျာ၊ ချောင်းထဲဝင်ကြမယ်"

သို့ဆိုလျှက် လင်းမြင့်လှိုင်သည် ချောင်းအတွင်းဦးဆောင် ဝင်သွားလေတော့၏။ ချောင်းအလယ်လောက်တွင် ကျွန်တော်တို့ သည် ချောင်းကမ်းနိမ့်သည်လည်းဖြစ် ဝါးတောဖြစ်သည်ကြောင့် သည်းဖြစ်၍ ချောင်းကမ်းပေါ်တက်လိုက်ကြ၏။

ဝါးတောသည် တပင်တိုင်ဝါးတောလို့ပင် ပြောရချိမ့်မည်။ ကြသောင်းဝါးများ ပေါက်နေ၏။ ထီးရိုးများ ပေါက်နေ၏။ ဝါးဘိုးအုံ အချို့လည်း ရှိချေ၏။ ဝါးတောအစပ်တွင်မူ ဝါးဖြူများရှိချေ၏။

ကျွန်တော်တို့သည် ဝါးတောအတွင်း ဝင်လိုက်ကြသည် တွင် . . .

www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဆင်ကောင်တို့စားကျက်ဖြစ်မယ်ဗျ"

ဝါးများပြိုလဲနေခြင်း၊ လဲကွဲနေခြင်း၊ ဆင်ချေးတုံးများတွေ့ခြင်း၊ ဆင်ခြေရာ ရှုပ်ရှုပ်ထွေးထွေးများ တွေ့ရခြင်းကြောင့် မုဆိုးကြီးတာပုက ပြောလာလေ၏။

လင်းမြင့်လှိုင်သည် ဆင်ချေတုံးတို့ကို စေ့စပ်သေချာ ကြည့်လိုက်လေပြီး-

"သည်ကောင်တွေ သည်စားကျက်လာသွားတာ မကြာသေးဘူးဗျ" လို့ ပြောလေ၏။

"နို့ဖြင့်လည်း သတိနဲ့သွားကြတာပေါ့"

ကျွန်တော်က ပြောလိုက်၏။

"မလိုပါဘူး ကိုပိုက်ရယ်၊ သည်ကောင်တွေက သည်ဘက်ကိုသွားတာလေ၊ ကျွန်တော်တို့က သည်ကောင်တွေသွားတဲ့ဘက်နဲ့ ဆန့်ကျင်ဘက်အရပ်ကို သွားမှာပဲဗျာ"

သို့ လင်းမြင့်လှိုင်က ပြောရင်း၊ ဆင်ကောင်တို့သွားရာနှင့် ဆန့်ကျင်ဘက်သို့ လျှောက်သွားလေတော့၏။

သို့ဖြင့် ကျွန်တော်တို့သည် ဝါးတောအတွင်းသွားလာရင်း အရှည်အားဖြင့် ငါးပေသာသာရှိ တောကြီးမြွေဟောက်တစ်ကောင်ကို ဝါးဘိုးဝါးတောအုံအခြေတွင် တွေ့လိုက်ကြ၏။

"ဒိန်း"

လင်းမြင့်လှိုင်က လက်မနှေး၊ လျှပ်တစ်ပြတ် ပစ်လိုက်လေ၏။

မြွေကောင်တခေါင်းလုံး ဖွာထွက်သွား၏။ ကိုယ်လုံးမှာ အမြီးပိုင်း လူး

www.burmeseclassic.com

www.burmeseclassic.com



လွန့်နေသေးလေ၏။

အတန်ကြာတွင် ငြိမ်သက်သွားချေ၏။ လင်းမြင့်လှိုင်ကပင် မြွေကောင်ကို ကောက်ယူလိုက်ချေ၏။

"ကျွန်တော်တို့ ရှေ့နားကကျွန်းပင်ကြီးအခြေမှာ ခဏနားကြရင်း သည်ကောင်ကို ကင်စားကြတာပေါ့"

သို့ဆိုသလို လင်းမြင့်လှိုင်က ပြောလာလေ၏။ သို့ဖြင့် ကျွန်တော်တို့သည် ဝါးတောအတွင်းရှိ ကျွန်းပင်ကြီးအောက်ခြေတွင် နားနေလိုက်ကြ၏။ တောကြီးမြွေဟောက်ကို တာပုက အရေစုတ်၊ ဗိုက်ခွဲ အူထုတ်၊ လက်တစ်ဝါးခန့် အတုံးလေးများ ပြုလုပ်ပြီး တံစို့ထိုးမီးကင်လိုက်ကြလေ၏။

"ကိုပိုက်ရေ သည်နားလာချေဗျ"

တံစို့ထိုးအသားများကို မီးပုံနံဘေးတွင် စနစ်တကျ ထိုးနစ်ထားပြီးချိန်တွင် သို့ဆိုသလို လင်းမြင့်လှိုင်က လှမ်းခေါ်သဖြင့် သူ့နားသွားထိုင်လိုက်၏။

"ငါ ဟိုနား သွားချေမယ်"

ကျွန်တော် လင်းမြင့်လှိုင်နား ကပ်ထိုင်လိုက်ပြီးချိန်တွင် စောတာပုက သို့ပြောလာလေပြီး ကျွန်တော်တို့အပါးမှ ထွက်သွားလေတော့၏။

လင်းမြင့်လှိုင်သည် စောတာပု၏နောက်ကျောပြင်ကိုကြည့်ရင်း 'ရှော့ဗျာ' ဆိုလျှက် ဝီစကီပုလင်းပြားလေးကို ထိုးပေးလာချေ၏။

ကျွန်တော်တို့သည် တစ်ယောက်တစ်ငုံမျှ သောက်လိုက်ပြီးနောက် ဆက်မသောက်လေတော့ဘဲ မြွေသားမီးကင်အချက်ကို

www.burmeseclassic.com

www.burmeseclassic.com



စောင့်နေလိုက်ကြ၏။

အမြည်းအလို့ငှာထက် ဆာလောင်နေခြင်းကြောင့် ဖြစ်ချေ၏။

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် သေနတ်ကိုယ်စီ ရင်ခွင်ပိုက်ရင်းမှ မှေးခနဲဖြင့် အိပ်ပျော်သွားကြလေ၏။

မည်မျှကြာကြာ အိပ်ပျော်သွားလေသည်မသိချေ။ လင်းမြင့်လှိုင်က ပုတ်ခတ်နှိုးလာလေမှ အိပ်ယာမှ နိုးခဲ့ရလေ၏။

"ကိုလင်း ဘယ်အချိန်က နိုးနေတာတုန်း"

ကျွန်တော်က မေးလိုက်၏။

"စောလေးကတည်းကပဲ၊ ခုထိ စောတာပုတစ်ယောက် ပြန်မလာသေးလို့ဗျ"

"ဟုတ်လား၊ သူ ဟိုနားသည်နား သွားတာဖြစ်မယ်၊ ခုထိပြန်မရောက်သေးဘူးဆိုတော့ တောတိုးသွားရင်း အပြန်လမ်းမသိ ဖြစ်သွားလားမှ မသိရတာချည်း"

သို့လည်းဖြစ်နိုင်သည်ကြောင့် လင်းမြင့်လှိုင်နှင့်ကျွန်တော်သည် မြွေကောင်အသားကျက်သည်နှင့် ယူစားလိုက်ကြ၏။ အမြည်းလုပ်လိုက်ကြ၏။

ကျွန်တော်တို့ ဝိစကီတစ်ပြား ကုန်သွားသည်တွင်မှ-

"အင်း စောတာပုပြန်မရောက်လာပါကလား"လို့ သတိရလိုက်ကြပြန်၏။

"သူထွက်သွားတာ ကျွန်တော်တို့မအိပ်ခင်ကတည်းကဆိုတော့ အတော်လေးအချိန်လင့်နေပြီဗျ၊ ဘာများဖြစ်လို့ပါလိမ့်"

www.burmeseclassic.com

www.burmeseclassic.com



"ကိုလင်း ကျွန်တော်လည်း ထိုင်နေတာပျင်းတယ်၊ တစ်ရေးသဲ အိပ်ပျော်သွားပြီဆိုတော့ ဟိုနားသည်နား စောတာပုကို လိုက်ရှာချဉ်းမယ်"

"နို့ဖြင့်လည်း ကျွန်တော်လိုက်ခဲ့မယ်လေ"

"ကိုလင်းနေခဲ့ပါ၊ အကယ်၍ စောတာပုပြန်ရောက်လာလျှင်ဖြင့် ကျွန်တော်တို့ သူ့ကို ထားရစ်ထွက်သွားပြီထင်နေဦးမယ်"

"အင်းလေ နို့ဖြင့် သွားချေပါ၊ ကျွန်တော် သည်ကပဲ စောင့်နေမယ်လေ၊ အရေးအကြောင်းရှိလျှင်ဖြင့် သေနတ်ကို မိုးပေါ် ထောင်ပစ်လိုက်ပါ၊ သုံးချက်ဆက်တိုက်ပေါ့"

"ဟုတ်ပါပြီ"

သို့ဖြင့် ကျွန်တော်သည် ထိုနေရာလေးမှ ထွက်ခဲ့လေတော့၏။ စောတာပုထွက်သွားရာဘက် ဦးတည်သွားလေခြင်းဖြစ်ချေ၏။

စောတာပုတစ်ယောက် သွားရင်းလာရင်း နံဘေးရှိ သစ်တိုင်းသစ်ခက်တို့ကို ချိုးပြီးခုတ်ဖြတ်သွားပုံရချေ၏။

အပြန်လမ်းအတွက် အမှတ်အသားလုပ်သွားခြင်း ဖြစ်နိုင်၏။

ကျွန်တော်သည် ထိုလမ်းအတိုင်း တောတိုးလျှောက်ခဲ့လေ၏။

'ဝူး'

'ဝူး'

'ဝူး' 'ကျီးည်'

ခပ်လှမ်းလှမ်းမှ တောဆင်ရိုင်းတို့အသံကြားရသဖြင့် ရှေ့ဆက်မသွားလေဘဲ၊ ခေတ္တမျှရပ်နားလိုက်ကာ ဘယ်နေရာလောက်တွင် ရှိနိုင်

www.burmeseclassic.com

www.burmeseclassic.com



သည်ကို မှန်းဆကြည့်လိုက်၏။

တောင်ကြောနှစ်ဖြတ်လောက်ဆီမှ ဖြစ်ချေ၏။ သို့ကြောင့် ကျွန်တော်သည် ရှေ့ဆက်လျှောက်ခဲ့ပြန်၏။

သို့လျှောက်ခဲ့ရာမှ တောဝက်တစ်ကောင်ကို တွေ့လိုက်ချေ၏။

တောဝက်ကောင်သည် ဝါးပင်အခြေရှိမြေကို တူးဆွနေလေခြင်းကြောင့် ကျွန်တော့်ကို မြင်ဟန်မတူချေ။

ထိုဝက်ကောင်ကိုပစ်ခတ်ရန် ကျွန်တော် စိတ်ကူးရလိုက်၏။ သို့ကြောင့် မုဆိုးဒူးထောက်ထိုင်လိုက်ကာ ဝက်ကောင်ကို သေနတ်ဖြင့် လှမ်းချိန်ထားလိုက်၏။ ဝက်ကောင်သည် ကျွန်တော့်ကို ကျောပေးအနေအထားတွင် ရှိနေချေ၏။

အကွာအဝေးကတော့မူ သေနတ်တကမ်းပင်မရှိပါချေ။ ခက်သည်ကား ဝက်ကောင်သည် ကျောပေးအနေအထား ဖြစ်သည်တကြောင်း၊ ဖင်ယမ်းခါနေသည်ကြောင့်လည်း ပစ်မှတ်ငြိမ်ကို အတန်ကြာကြာ စောင့်နေမိလေ၏။

သို့ရှိစဉ် ဝက်ကောင်ဘယ်လိုဖြစ်သွားလေသည်မသိ ကျွန်တော်ပင် မပစ်ရသေး၊ ရုတ်တရက် လဲပြိုသွားလေ၏။

ကျိုလ်

ကျိုလ်

ကျိုလ်

မြေပြင်တွင် တစောင်းလဲလျှက်မှ လှုပ်ခါနေ၏။ နာကြင်ခြင်းဝေဒနာခံစားနေရပုံပင်၊ ဘယ်လိုကြောင့်ပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



သို့ လှုပ်ခတ်ရှုန်းကန်နေရင်းမှ တောဝက်ကောင် ငြိမ်ကျသွားလေ၏။

သို့ဆိုလျှင်ဖြင့် ဝက်ကောင်ကို မြေပြင်သို့လဲကျအောင် လုပ်လိုက်သူသည် ဝက်ကောင်အနားသို့ ရောက်လာတော့မည်။ ဘယ်သူများပါလိမ့်။ ကျွန်တော် စိတ်ဝင်တစား စိုက်ကြည့်နေမိချေ၏။

အလိုလေးဗျာ မဖြစ်နိုင်တာချည်း။ အသက်အားဖြင့် (၇၀) ကျော်မနည်းလေသည့် အဖိုးအိုတစ်ယောက် ချုံပုပ်ပင်တို့ကြားမှ ထွက်လာလေ၏။ ပတ်ဝန်းကျင်ကိုလည်း ဝေ့ဝိုက်ကြည့်လိုက်ပြန်၏။ ထို့ကြောင့် ကျွန်တော်သည် နီးစပ်ရာသစ်ပင်တစ်ပင်နောက် ပြေးကပ် ပုန်းကွယ်ချောင်းမြောင်းကြည့်နေလိုက်၏။

အဖိုးအိုသည် တောဝက်ကောင်သေနား ရောက်လာလေ၏။ အဖိုးအိုလက်ထဲတွင် ဝါးခုတ်ဓါးမတစ်ချောင်း ပါလာလေ၏။

အလိုလေးဗျာ တောဝက်ကောင်၏ရှေ့လက်နှစ်ချောင်းကို ခုတ်ဖြတ်နေလေ၏။

အဖိုးအို၏ ဝါးခုတ်ဓါးမသည် ထက်မြတ်လွန်းလှ၏။ ဝက်လက်နှစ်ချောင်းကို အရင်းမှနေ၍ ငါးမိနစ်ခန့်ပင် မကြာလိုက်သည့် အချိန်ကလေးအတွင်း ခုတ်ဖြတ်သွားနိုင်ချေလေ၏။

အဖိုးအိုသည် ထိုဝက်လက်နှစ်ချောင်းကို အားရဝမ်းသာ ထမ်းပိုးသွားချေလေ၏။

ဝက်ကောင်ကို လဲကျသေဆုံးအောင် လုပ်လိုက်သူသည် အဖိုးအိုလေလား၊ အခြားတစ်ယောက်လေလား ဆိုသည်ကိုတော့ မသိပါချေ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ပုန်းကွယ်နေရာမှပင် အချိန်ကြာကြာ စောင့်ဆိုင်းကာ နောက်ထပ်ရောက်လာမည့်သူရှိနိုး စောင့်နေလိုက်လေ၏။

အချိန်ကြာသည့်တိုင် မည်သူမျှထွက်လာခြင်းမရှိသဖြင့် ကျွန်တော်သည် ပုန်းကွယ်နေရာမှထွက်ကာ ဝက်ကောင်သေနား သွားလိုက်ချေ၏။ ဝက်ကောင်သေနား ရောက်သွားလေမှ ဝက်ကောင်သည် မြှားစူးသေရခြင်းကို သိလိုက်ရလေ၏။

ကျွန်တော် သေနတ်ဖြင့်ချိန်ရွယ်နေစဉ် တစ်စုံတဦးက မြှားဖြင့်ပစ်ခတ်လိုက်သည်ကို ကျွန်တော် သတိမထားလိုက်မိခြင်း ဖြစ်ချေ၏။

ကျွန်တော် မြှားတံကို နှုတ်ကြည့်လိုက်၏။ မြှားတံတွင် အဆိပ်လူးထား၍သာ ဝက်ကောင်မြှားချက်မှန်သည်နှင့် လဲကျသွားခြင်း ဖြစ်ချေသည်ကိုး။

သို့ကြောင့်လည်း အဖိုးအိုသည် အဆိပ်မပြန့်သေးသော ရှေ့လက်နှစ်ချောင်းကိုသာ ခုတ်ဖြတ်ယူသွားခြင်းပါကလား။

တစ်ခု ကျွန်တော်မရှင်းသည်မှာ အဖိုးအိုတွင် မြှားမှမရှိလေတာ၊ ဝက်ကောင်ကိုမြှားဖြင့် ပစ်လိုက်သူသည် ဘယ်သူပါလိမ့်။

အဖိုးအိုနှင့်ထိုမြှားတံပိုင်ရှင် ဆက်စပ်မှုတော့ရှိနိုင်လေ၏။ သို့ရှိစဉ် အဖိုးအိုထွက်သွားရာဘက်မှ ဝရုန်းသုန်းကားအသံကြောင့် ကျွန်တော်သည် ထိုနေရာသို့ ကပျာကသီပြေးသွားချေ၏။ဝါးတောကိုလွန်၍ ပန်းစုံတောသို့ ရောက်ခဲ့ချေ၏။ ပန်းစုံတောတွင်း ချုံပုပ်နွယ်ပင် ထူထူထပ်ထပ် နေရာလောက်ဆီမှ သို့ဝရုန်းသုန်းကားအသံများ ထွက်ပေါ်လာခြင်းကြောင့် ကျွန်တော်သည် ခြေတွေမှုရပ်ငေးကြည့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

ချုံပုပ်ပင်နောက်ကွယ်တွင် လုံးထွေးသတ်ပုတ်နေဟန် ဖြစ်ချေ၏။ သားရဲကောင်နှစ်ကောင် သတ်ဖြတ်သတ်ပုတ်နေခြင်းလား၊ သို့တည်းမဟုတ် လူသားနှင့်သားရဲကောင် သတ်ဖြတ်နေခြင်းများလေလား မသိပါချေ။

ကျွန်တော် အတန်ကြာမျှကြည့်နေမိ၍ ချုံပုပ်နွယ်ပင်နောက်ကွယ်မှ အောင်နိုင်သူထွက်လာသည်ကို စောင့်မျှော်နေမိ၏။ လက်ထဲရှိ သေနတ်ကို အရံသင့်ပင် ပစ်ခတ်နိုင်ရန် မောင်းတင်ထားပြီး ဖြစ်လေ၏။

လုံးထွေးသတ်ပုတ်မှုသည် ပြင်းထန်ပုံရ၏။ တဦးနှင့်တဦး အသက်လု သတ်ပုတ်နေပုံဖြစ်ချေ၏။

ကျွန်တော် ချုံပုပ်ပင်လှုပ်ခတ်နေသည်သာ မြင်နေရ၏။ ဘာရယ်ဘယ်လိုကြောင့် မသိခြင်းကြောင့် ငေးမောလို့သာ ကြည့်နေမိ၏။ အတန်ကြာသည့်တွင်မှ ချုံပုပ်ပင်နောက်ကွယ်မှ လူတစ်ယောက် ပြေးထွက်သွားလေ၏။ အလိုလေးဗျာ ဝက်ရှေ့လက်နှစ်ချောင်းကို ခုတ်ဖြတ်သွားသော အဖိုးအိုဖြစ်နေပါကောလား၊ တကိုယ်လုံး သွေးတို့စိုရွှဲနေ၏။

မည်သူနှင့်တိုက်ခိုက် သတ်ပုတ်အောင်နိုင် ပြေးထွက်သွားတာပါလိမ့်။

ကျွန်တော်သည် ထိုချုံပုပ်ပင်နောက်ကွယ်သို့ ပြေးသွားကြည့်လိုက်၏။

အလိုလေးဗျာ ကျွန်တော့မျက်စိကိုပင် ကျွန်တော် မယုံနိုင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရချေလေ၏။

ခွေးသာသာ ကျားသစ်ကောင်ပါကလား။ ထိုကျားသစ်ကောင် ပါးစပ်ဟာ အောက်မေးရိုးပြုတ်ထွက် သေနေပါကလား။ အဖိုးအိုလက်ချက်ဖြစ်ချေ၏။

ကျားသစ်ကောင်သို့ မေးရိုးပြုတ်ရုံသာမက တကိုယ်လုံးလည်း ပြုတ်ရှဒဏ်ရာများဖြင့် ဖြစ်ချေလေ၏။

အဖိုးအို၏ ဝါးခုတ်ဓါးလက်ချက်များ ဖြစ်ချေလေ၏။ ကျွန်တော် အဖိုးအိုကိုအံ့ဩမိလေ၏။ သည်အသက်အရွယ်ဖြင့် ကျားသစ်ကောင်ကို လုံးထွေးသတ်ပုတ်နိုင်ခြင်းကြောင့်ပင် မျက်မြင်ကိုယ်တွေ့ဟုပင် ပြောရချိမ့်မည်။

ထူးဆန်းသည်မှာ အဖိုးအိုသည် သူသတ်ဖြတ်လိုက်သော ကျားသစ်ကောင်ကိုတော့ဖြင့် ထားရစ်ခဲ့ကာ ဝက်ကောင်၏ရှေ့လက်နှစ်ချောင်းကိုသာလျှင် ယူသွားသောကြောင့် ဖြစ်ချေ၏။

ကျွန်တော်သည် အဖိုးအို ဘယ်မှာနေသည်ကို သိလိုသဖြင့် အဖိုးအိုပြေးသွားရာနောက် လိုက်သွားလေ၏။

လင်းမြင့်လှိုင်ကို ကျွန်တော် မေ့သွားလေပြီဖြစ်၏။ အချိန်ကလည်း ရှိသေးသည်ဖြစ်၍ သို့ လိုက်သွားရခြင်းဖြစ်၏။

အဖိုးအိုကြည့်ရသည်မှာ ဝေးဝေးလံလံသို့ သွားခြင်းတော့ဖြင့် မဖြစ်နိုင်ချေ။ သို့အဖိုးအိုနောက် လိုက်ခဲ့ရာမှာ မြောင်ကြပ်လေးတစ်ခုအတွင်း အဖိုးအိုဝင်သွားသည်ကို ရိပ်ခနဲတွေ့လိုက်ဖြင့် ဝမ်းသာသွားမိလေ၏။

သို့ဆိုလျှင် အဖိုးအိုကို ကျွန်တော် လိုက်မိနိုင်လောက်မည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် အဖိုးအိုဝင်သွားသည့် မြောင်ကြပ်လေးအဝသို့ ရောက်သည်တွင် ခေတ္တမျှရပ်လိုက်ပြီး အတွင်းသို့လှမ်းကဲကြည့်လိုက်၏။

မြောင်ကြပ်အတွင်း ရေတော့ဖြင့် မရှိနိုင်လောက်ချေပြီ၊ သို့ကြောင့် ကျွန်တော်သည် ထိုမြောင်ကြပ်အတွင်း ဝင်လိုက်၏။

လိုရမယ်ရဆိုသလို သေနတ်ကိုတော့မူ ရှေ့သို့ထိုးချိန်ထားလိုက်၏။ မြောင်ကြပ်ဆိုတော့ အန္တရာယ်ကျရောက်လာနိုင်သည်ကိုး။

သို့ပေမင့် အဖိုးအိုတောင် ဝင်သွားတာ၊ ကျွန်တော့်တွက် ဘယ်လိုကြောင့် အန္တရာယ်ဖြစ်လာနိုင်ပေလိမ့်မည်နည်း။

မြောင်ကြပ်အတွင်း ကျွန်တော်ထင်ထားသလိုမဟုတ်၊ ရေစီးလေးရှိနေလေ၏။ ဖက်ရွက်ပုတ်တို့ကြောင့် အနံ့အသက် မကောင်းလှချေ။ မြောင်နံရံတစိုက်တွင်လည်း ဆူးချုံနွယ်ပင်တို့ ပြွတ်သိပ်ပေါက်နေလေ၏။

သို့ ကျွန်တော် မြောင်အတွင်း စမ်းတဝါးဝါး ဝင်ခဲ့ရာမှ-

"အား"

ကျွန်တော့်ခေါင်းသို့ မာကျောသောအရာတစ်ခုနှင့် ထုရိုက်ခံလိုက်ရလေ၏။

ကျွန်တော် လုပ်ကြံခံလိုက်ရချေပြီ၊ မူးဝေသွားကာ လဲကျသွားလေ၏။ သတိမေ့လျော့သွားလေ၏။

ကျွန်တော်ကိုတော့ ဆင်ရိုင်းကောင်တို့ လိုက်လံတိုက်ခိုက်နေသည်ဟု ထင်လိုက်ရ၏။ ကျွန်တော် အသက်လုပြေးနေရချေ၏။ ကျွန်တော်ပြေးရင်း မှောက်လျက်လဲသွားမည်ဆိုပါက တောဆင်ရိုင်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်တို့၏ ခြေဖဝါးအောက်တွင် ပြားပြားဝပ် ဖြစ်သွားရပေရော့မည်။

ဇောချွေးများ ပျံ့နေရချေ၏။ ခြေမယိုင်လဲလု ဖြစ်နေချေ၏။

ကျွန်တော့်ကို တဦးတစ်ယောက်က လာမကယ်လျှင် ကျွန်တော် ဆင်နင်းခံရကာ စိစိညက်ညက်ကြေမွသွားရပေရော့မည်။

သို့ တွေးမိလေ ကြောက်စိတ်ပြင်းထန်လေ ဖြစ်ချေ၏။ ‘ကံဆိုးမ သွားရာ မိုးလိုက်၍ရွာ’ ဆိုသကဲ့သို့ ကျွန်တော် ချောက်ကမ်းပါးကြီးတစ်ခုအတွင်း အရှိန်လွန် ပြုတ်ကျသွားရပြန်လေ၏။

“အား”

လေဟာနယ်တွင် လူရောက်သွားရခြင်းကြောင့် အေးခနဲခံစားလိုက်ရ၏။ ချောက်ကြီးအောက်ခြေရှိ ကျောက်တုံး၊ကျောက်ခဲ၊ကျောက်ချွန်တို့သည် ကျွန်တော်မျက်နှာသို့ လျင်မြန်စွာတိုးလာသည်ဟု ထင်ရ၏။ ကျွန်တော် ဘယ်လိုမှ ရှောင်လွှဲမရနိုင်တော့ပါကလား၊ စက္ကန့်ပိုင်းအချိန်ကလေးတွင် ကျွန်တော်မျက်နှာသို့ ကျောက်ချွန်၊ ကျောက်တုံး၊ ကျောက်ခဲတို့နှင့် ဝင်ရောက်တိုက်မိသည်နှင့် ကျွန်တော့ခေါင်း အစိတ်စိတ် အမွှာမွှာ ကွဲထွက်သွားရပေတော့မည်။

“ဘုရားရေ”

“အား”

ကျွန်တော် အော်ဟစ်မိချေလေ၏။ ရုတ်ခြည်းဆိုသလို အမှောင်ထု လွှမ်းမိုးသွားလေ၏။

ကျွန်တော် ဘာကိုမျှမမြင်ရသလို၊ မည်သို့မျှလည်း မခံစားရပါချေ။ ဘယ်လိုဖြစ်ရတာပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မျက်လုံးကိုဖွင့်လိုက်လေခြား လောကကြီး တစ်ခုလုံး မှောင်မည်းနေလေ၏။ သို့အမှောင်ထုကိုပင် ကျွန်တော် ဝိုင်းစက်သောမျက်လုံးဖြင့် စူးစိုက်ကြည့်နေမိလေ၏။ အမှောင်ထု တွင် ကြာကြာ စူးစူးစိုက်စိုက်ကြည့်နေရင်းမှ အလင်းတန်းလေး တစ်ခုကို မြင်လိုက်ရလေ၏။

သို့မှသည် ကျယ်ပြန့်လာ၏။

အလိုလေးဗျာ လူမျက်နှာတစ်ခုကို နီးနီးကပ်ကပ် မြင်လိုက် ရလေ၏။ သည်မျက်နှာကို ကျွန်တော် ကောင်းကောင်းမှတ်မိနေ၏။

ကျွန်တော် တွေ့လိုသော အဖိုးအိုမျက်နှာပါကလား။ ကျွန်တော့ကို အဖိုးအိုက စူးစိုက်ကြည့်နေလေ၏။ အဖိုးအိုသည် အသက်အရွယ်ကြီးနေပြီဖြစ်ခြား အဖိုးအို၏မျက်ဝန်းအကြည့်သည် သိန်းငှက်တစ်ကောင်၏မျက်ဝန်းကဲ့သို့ ဖြစ်ချေ၏။ ကျွန်တော် အဖိုး အို၏အကြည့်ကို ယှဉ်ပြိုင်မကြည့်ဝံ့ပါချေ။ သို့ကြောင့် အကြည့်ချင်း မျက်နှာလွှဲလိုက်ချေပြီး ကပျာကသီ ကုန်းရုန်းထလိုက်၏။

အလိုလေးဗျာ ခေါင်းက မိုက်ကနဲဖြစ်လာလေပြီး ပြန်လဲ ကျသွားလေ၏။

"မင်း ဆန္ဒ မစောပါနဲ့ဦး၊ သက်သောင့်သက်သာလှဲ တရေး အိပ်လိုက်ပါဦး"

သို့ဆိုလျှက် အဖိုးအိုက ကျွန်တော့်ပါးကို သူ၏လက်ဝါးဖြင့် ပျော့ပျောင်းစွာ ရိုက်နှက်လာချေလေ၏။

သည့်နောက် အဖိုးအိုသည် ကျွန်တော့အပါးမှ ထွက်သွားပုံ ရချေ၏။ ကျွန်တော့်ခေါင်းသည် ကြည်လင်ခြင်းမရှိသေးချေ။ အရိုက်

www.burmeseclassic.com

www.burmeseclassic.com



ခံထားရသည့်ဒဏ် ဖြစ်ချေမည်။ ကျွန်တော် အဖိုးအိုပြောသလို အိပ်ပျော် သွားပြန်၏။

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခြင်းတော့ဖြင့်မဟုတ်။ ထိုသည်ကြားမှ ကျွန်တော့်ကို တစုံတစ်ယောက်က ပုတ်ခတ်နှိုးလာပြန်သဖြင့် မျက်လုံးကျယ်လာရပြန်၏။

"ကိုပိုက် ကိုပိုက်"

အလိုလေးဗျာ ကျွန်တော်အမြင်အာရုံတွင် လင်းမြင့်လှိုင် ရောက်လာပြန်ချေ၏။

"ကိုလင်း"

"အင်း သက်သာရဲ့လား"

"ဗျာ"

စိုးရိမ်ပူပန်စွာဖြင့် ကြည့်နေသည့် လင်းမြင့်လှိုင်ကို ကျွန်တော် တအံ့တသြကြည့်ရင်း ကပျာကသီ ထထိုင်လိုက်၏။

သည်တစ်ကြိမ်တော့မှ ကျွန်တော့ခေါင်း ကြည်လင်လို့နေ၏။ ကျွန်တော် တဲတစ်တဲတွင် ရောက်နေသည်ပဲ၊ လင်းမြင့်လှိုင် ဘယ်လိုက ဘယ်လို ရောက်လာလေသည်မသိ။

"အဖိုးအိုကော"

ကျွန်တော် တဲပတ်ဝန်းကျင်ကို ဝေ့ဝိုက်ကြည့်လိုက်ကာ မေးလိုက်၏။

"ဘယ်က အဖိုးအိုတုန်း"

"ဟင်"

ကျွန်တော် လင်းမြင့်လှိုင်ကို စေ့စေ့ကြည့်လိုက်၏။

"သည်တဲရှင် အဖိုးအိုလေ"

www.burmeseclassic.com

www.burmeseclassic.com



သို့ ကျွန်တော်က ပြောလိုက်၏။

"ကျွန်တော်မသိဘူး၊ ကိုပိုက် ဘာတွေပြောနေတာတုန်း"

သည်တော့ ကျွန်တော်က-

"နို့ဖြင့် ကိုလင်းပြောချေဗျာ၊ ဘယ်လိုလုပ် သည်ရောက်လာတာတုန်း"

"ကိုပိုက် တာပုကိုရှာမယ်ဆိုပြီး ထွက်သွားတယ်လေ၊ အတော်နဲ့ပြန်မလာဘူး၊ တာပုလဲ ပြန်မလာဘူး၊ သည်လိုနဲ့ တညအချိန်ကုန်သွားတယ်၊ သည်မနက် ကျွန်တော် ကိုပိုက်နဲ့တာပုကို လိုက်ရှာတာပေါ့၊ တာပုတော့ မတွေ့ဘူး၊ ကိုပိုက်ကိုတော့ သည်တဲပေါ်မှာတွေ့တာပဲ၊ ကိုပိုက် တစ်ခုခုဖြစ်ထားပုံပဲ"

"အော် အဲလိုလား"

"ပြောစမ်းပါ ကိုပိုက် ဘယ်လိုဖြစ်တာတုန်း"

သည်တွင် ကျွန်တော် ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်၏။

"ဟင် နို့ဖြင့် ကိုပိုက်ကို အဖိုးအိုက တဲမှာထားသွားတာပဲ၊ အံ့ဩစရာတော့ အကောင်းသားကလား၊ ကိုပိုက် အရိုက်ခံရတဲ့ ဒဏ်ရာသက်သာလား"

"သက်သာပါ့ဗျာ"

"ကျွန်တော်ထင်တယ် ကိုပိုက် အဖိုးအိုနောက်လိုက်သွားတဲ့ အခါ တစုံတဦးက ချောင်းမြောင်းရိုက်လိုက်တာဖြစ်မယ်၊ အဖိုးအိုက တယ် လိုက်တာဖြစ်မယ်"

"နို့ဖြင့် ကျွန်တော့ကို ချောင်းရိုက်သူက ဘယ်သူဖြစ်မလဲ၊ ဘာကြောင့် ရိုက်ရတာတုန်း"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက ကျွန်တော်မပြောတတ်ဘူးလေ၊ ကိုပိုက် တွေ့လိုက်တယ်ဆိုတဲ့ အဖိုးအိုကို တွေ့လျှင်တော့ သိနိုင်လောက်မယ် ထင်ပါရဲ့"

"ကဲ ကဲ ကိုပိုက် မနေ့က မြွေသားမီးကင် ကျွန်တော့မယ် ပါလာတယ်၊ စားလိုက်ချေဦး"

သို့ဆိုလျှက် လင်းမြင့်လှိုင်သည် မြွေသားမီးကင် အသားတုံးကို ထုတ်ပေးလာသလို ဝီစကီပုလင်းပြားလေးကိုလည်း ထုတ်ပေးလာလေ၏။

ကျွန်တော်သည် ဝီစကီသောက်၊ အမြည်းစားရင်း အဖိုးအိုအကြောင်းကို စဉ်းစားနေမိ၏။

"တာပုကော ဘယ်ရောက်နေပါလိမ့်"

"ကျွန်တော်လဲ သိချင်နေတာပါ"

ကျွန်တော်တို့ သည်ကနေထွက်ပြီး တာပုကိုလိုက်ရှာကြတာပေါ့"

လင်းမြင့်လှိုင်က ပြောလာလေ၏။ သို့ကြောင့် ကျွန်တော်တို့သည် စားသောက်ပြီးနောက် ထိုတဲမှထွက်ခဲ့လေ၏။

ဆင်လမ်းဟောင်းတွေ့သဖြင့် ထိုလမ်းအတိုင်း တောတိုးလျှောက်ခဲ့ကြ၏။ လမ်းတလျှောက် သစ်ပင်တို့ထက်တွင် မျောက်ကောင်တို့ တွေ့ပါ၏။ သို့ပေမင့် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် တာပုကိုသာ တွေ့လိုသည်ကြောင့် ပစ်ခတ်ခြင်းမပြုပါချေ။ ဘယ်တွက်မူ ကျွန်တော်တို့ သွားလမ်းတလျှောက် သားကောင်ငယ်တို့ကို လှမ်းလှမ်းတွေ့နေကြခြင်းကြောင့် ဖြစ်ချေ၏။ လိုအပ်မှ ထိုသားကောင်ငယ်တို့ကို ပစ်ခတ်ရန် စိတ်ကူးရှိသဖြင့် စားမကောင်းသော

www.burmeseclassic.com

www.burmeseclassic.com



မြောက်ကောင်ကို မပစ်လေခြင်းဖြစ်ချေ၏။

ကျွန်တော်တို့ လျှောက်ခဲ့သည်မှာ ခရီးအတော်အတန် ပေါက်လာပြီဖြစ်၏။ သွားလမ်းတလျှောက် 'ဝူး ဝူး ဝူး'လို့ အသံပြုခဲ့ကြပြား မည်သည့်ပြန်လည် တုံ့ပြန်မှုမျှ မရခဲ့ကြချေ။

"တာပုက တောင်ဘက်သွား၊ ကျွန်တော်တို့က မြောက်ဘက်လိုက်များ ဖြစ်နေမလားပဲဗျ"

ကျွန်တော်က ပြောလိုက်၏။

"ပြောတတ်ဘူးဗျ"

သို့ရှိစဉ်-

"ဒိန်း"

ယမ်းအားပေါက်ကွဲသံကို အတော်လှမ်းလှမ်း တောင်ကြောအောက်ခြေမှ ကြားလိုက်သည်ကြောင့်-

"တာပုများဖြစ်နေမလားပဲ"

ကျွန်တော်က ပြောလိုက်၏။

"ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ ကျွန်တော်တို့ အဲဒီနေရာကို သွားကြစို့ဗျာ၊ တာပုမဟုတ်လည်း အခြားမုဆိုးတစ်ယောက်ယောက် ဖြစ်နေဦးတော့ မေးစမ်းလို့ရတာပေါ့"

သို့ဖြစ်၍ ကျွန်တော်တို့သည် သို့တောင်ကြောရှိရာသို့ သွားရန်အလို့ငှာ ကျွန်တော်တို့ရှိနေသည့်တောင်ကြောမှ အောက်သို့ဆင်းလိုက်ကြ၏။

သို့ဖြင့် ကျွန်တော်တို့သည် တောင်ကြောစွယ်အောက်မြောင်လေးသို့ ရောက်လာကြ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့မြောင်းလေးအတိုင်း ကျွန်တော်တို့ စုန်ဆင်းလိုက်ကြပြန်၏။ မြောင်းက အရှည်သားကလား၊ ကျွန်တော်တို့ မြောင်းထိပ်ရောက်သည်တွင် ချောင်းငယ်တစ်ခုသို့ ရောက်လာကြ၏။

"ဘာချောင်းလဲ မသိဘူး"

"ပြောတတ်ပေဘူးဗျ၊ ကျွန်တော်တို့လည်း ဘယ်ရောက်လို့ ရောက်မှန်း မသိတော့ပါဘူးဗျာ"

သို့ဆိုသလို လင်းမြင့်လှိုင်က ပြောလာလေ၏။

"အမဲပစ်ထွက်လာတာပဲဗျာ၊ ဘယ်ရောက်ရောက်ပေါ့၊ ခြေဦးတည့်ရာသွားရင်း တာပုကို ရှာတာပေါ့"

ကျွန်တော်တို့သည် ထိုချောင်းလေးအတိုင်း စုန်ဆင်းလိုက်ကြပြန်၏။ ချောင်းလေး၏တဖက်တချက် ချောင်းကမ်းသည် အတန်ငယ်မြင့်လေ၏။ ဆယ်ပေမက ရှိချိမ့်မည်။ ချောင်းကမ်းနဖူးတွင် သစ်ပင်ကြီးများ ပေါက်လျက်ရှိချေ၏။ အုံ့အုံ့ဆိုင်းဆိုင်း အရွက်အခက်တို့ကြားမှ ကျေးငှက်တို့ တစာစာအော်ဟစ် ပျံသန်းလျက်ရှိချေ၏။ အတွင်းကျကျဘက်တွင်မတော့ တောကျိုးကန်းအုပ် ရှိပုံရချေ၏။ တောကျိုးကန်းအသံများ ကြားရ၏။

"ကျွန်တော်တို့ ချောင်းကမ်းပေါ် တက်ကြမလား"

ကျွန်တော်က ဆန္ဒပြုလိုက်၏။

"သေနတ်သံကြားတဲ့တောင်ကြောပဲ သွားတာပေါ့"

"ချောင်းထဲရောက်နေတာပဲလေ သေနတ်သံကြားတဲ့တောင်ကြော ဘယ်နေရာဆိုတာ မသိလောက်ဘူးဗျ"

ကျွန်တော့စကားကြောင့် လင်းမြင့်လှိုင်တစ်ယောက် တွေ

www.burmeseclassic.com

www.burmeseclassic.com



သွားလေပြီး ခေါင်းတစ်ချက် ဆတ်ခနဲညိတ်လိုက်ကာ-

"နို့ဖြင့်လည်း ချောင်းကမ်းပေါ် တက်ကြစို့" ဆိုလျှက် ...တော့ ချောင်းကမ်းပေါ် တွယ်တက်သွားကြ၏။

သို့ဖြင့် ကျွန်တော်တို့သည် ချောင်းကမ်းပေါ် ရောက်ခဲ့လေ၏။ ချောင်းကမ်းတောင်ကြောတွင် သစ်ပင်ကြီးများ ပေါက်လျှက်ရှိချေ၏။ အောက်ခြေတွင်မတော့ ချုံပုပ်ပင်ငယ်များ ရှိချေ၏။ သို့ပေ...င့် အောက်ပေါင်းရှင်းသည်ဟု ဆိုရချိမ့်မည်။ အချို့နေရာများ...တွင်မတော့ သစ်ပင်ကြီးများပေါ်သို့ ကြီးမားသောနွယ်များ ရစ်ပတ်...ယ်ထားကာနေသည်ကို တွေ့ရ၏။

သည်နေရာလေးတွင် မျောက်ပေါမည့်ပုံပင်။

ထင်ထားသည့်အတိုင်း ကျွန်တော်တို့ တောင်ကြောအတိုင်း ...တိုးလျှောက်ခဲ့ရာမှ မျောက်ကောင်တို့ သစ်ပင်ထက်တွင် ...လွှား အော်ဟာစ်နေသည်ကို တွေ့ရချေ၏။

ကျွန်တော်တို့ကို မြင်သည့်ကြောင့်ဖြစ်ချိမ့်မည်။

...တစ်ကောင်လောက် ပစ်လိုက်မှထင်တယ်"

သို့ပြောပြီး ကျွန်တော်သည် သေနတ်ဖြင့် လှမ်းချိန်လိုက်...၏ ကျွန်တော်ပစ်ကွင်းအတွင်းသို့ မျောက်မကြီးတစ်ကောင် ရောက်...ချေ၏။

ရင်ခွင်ပိုက် မျောက်သားပေါက်လေး ပါသဖြင့် ကျွန်တော် ...နတ်ပြောင်းကို ရွှေ့လိုက်လေ၏။

"ခွီးလ်"

"ဟာ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အဲလွှတ်ပေးလိုက်သော မျောက်မကြီးသည် ထို
သစ်ပင်ကိုင်းထက်မှ အရှုပ်ကြိုးပြတ် ကျလာချေ၏။

"ဘယ်လိုဖြစ်ရတာပါလိမ့်"

မျောက်မကြီးရောဂါကြောင့် မူးမိုက်ကျလာခြင်းများလေ
လား၊ ကျွန်တော်သည် မျောက်မကြီးပြုတ်ကျသွားသည့် သစ်ပင်ရှိရာ
သို့ ပြေးသွားလိုက်၏။

ထိုသစ်ပင်ကိုတော့ဖြင့် မှတ်မိချေ၏။

ကျွန်တော်နှင့်တော့ သိပ်လှမ်းလှသည်မဟုတ်ဆိုပေမင့် ထို
သစ်ပင်ရှိရာသို့ ရောက်ရန်အတွက်တော့မူ ချုံပုပ်နွယ်ပင်များကို
တိုးဝှေ့ သွားရလေခြင်းဖြစ်၏။

ကျွန်တော့်နောက်မှ လင်းမြင့်လှိုင် ကပ်ပါလာချေ၏။

မကြာလိုက်သောအချိန်လေးတွင် ကျွန်တော်တို့ထိုသစ်ပင်ကြီး
အောက် ရောက်သွားလေ၏။

"ဟာ"

"ဟင်"

မျောက်မကြီးကို တွေ့လိုက်သည်နှင့် လင်းမြင့်လှိုင်နှင့်
ကျွန်တော် လွန်မင်းစွာအံ့ဩသွားကြရလေ၏။

မျောက်မကြီးသည် ထိုအပင်အောက်ခြေတွင် ပက်လက်
ဖြစ်နေ၍ ရင်အုံတွင် မြှားတစ်စင်းစိုက်ဝင်နေ၏။

ခြေနှစ်ဖက်ပေါင်ရင်းမှ ပြတ်နေလေ၏။

ခြေနှစ်ချောင်းကို ခုတ်ဖြတ်ယူသွားခြင်းဖြစ်သည်။
ကျွန်တော် ကြုံခဲ့ဖူးသော အဖိုးအိုလက်ချက်ဖြစ်ရှိမည်။

www.burmeseclassic.com

www.burmeseclassic.com



"သည်တောင်ကြောမယ် အဖိုးအိုရှိတာ သေချာပြီဗျ"

သို့ ကျွန်တော်က ပြောလိုက်ရင်း ပတ်ဝန်းကျင်သို့ ဝေ့ဝိုက်ကြည့်နေလိုက်၏။

လင်းမြင့်လှိုင်ကမူ မြောက်ကောင်အနီးတဝိုက် သဲလွန်စဆိုရငြား ရှာနေဟန်တူချေ၏။

"ကျွန်တော်တို့ ဘာဆက်လုပ်မလဲ"

"အဖိုးအို သည်တောင်ကြောမှာရှိနိုင်တယ် လိုက်ရှာမယ်ဗျာ"

ကျွန်တော်က ပြောလိုက်၏။

"တာပုကိုကော"

"ခရီးသွားဟန်လွဲ ရှာတာပေါ့၊ တာပုအတွက် စိုးရိမ်စရာတော့ သိပ်မရှိလောက်ဘူးထင်တယ်၊ တာပုက သည်လမ်းခရီးအတွက် ကျွန်တော်တို့ကို လမ်းပြအဖြစ်လိုက်လာတာပဲ၊ သူ့ကိုယ်သူတော့ စောင့်ရှောက်နိုင်ပါလိမ့်မယ်"

သို့ဖြင့် ကျွန်တော်တို့သည် ထိုနေရာလေးမှ ထွက်ခဲ့ကြပြန်၏။

"အဖိုးအိုက သည်နေရာတဝိုက် ကျက်စားနေတာဖြစ်မယ်"

"အဖိုးအိုက အဆိပ်လူးမြှား သုံးတတ်သူပဲဗျ"

"အင်း . . . စဉ်းစားစရာတခုတော့ ရှိတယ် ကိုလင်းရဲ့"

"ပြောကြည့်လေ"

"ကျွန်တော်တွေ့တဲ့ အဖိုးအိုက သူ့မယ် ဝါးခုတ်ဓါးပဲရှိတယ်ဗျ၊ သူ့မှာ လေးမြှားရှိပုံမပေါ်ဘူး၊ လေးမြှားကို တဦးတယောက်က ကိုင်ပြီး ပစ်ခတ်တာဖြစ်မယ်၊ အဖိုးအိုနဲ့မြှားကိုင်မုဆိုး တူတူပဲလား၊ ...

www.burmeseclassic.com

www.burmeseclassic.com



ယောက်ဆီပဲလား မသိဘူး၊ အဲဒါက စဉ်းစားစရာမဟုတ်လား"

"အင်း"

လင်းမြင့်လှိုင်က စဉ်းစားလိုက်ချေ၏။ အတန်ကြာ စဉ်းစားပြီးလေ

"အင်း စဉ်းစားစရာပဲပေါ့"

သို့ဖြင့် ကျွန်တော်တို့သည် ထိုတောင်ကြောလေးတွင်

တောတိုးလျှောက်ခဲ့ကြရင်း-

"ကျွန်တော်တို့ သားကောင်တစ်ကောင်တော့ ပစ်ခတ်မှဖြစ်

မယ်" လို့ ပြောလိုက်၏။

"ကိုပိုက် ဆာနေပြီထင်တယ်"

"ဟုတ်ပ"

ကျွန်တော်တို့နှစ်ယောက် ရှေ့ဆက်ခရီးတွင်မတော့ သား

ကောင်ကို ရှာခဲ့မိလေ၏။ ကံအားလျော်စွာပင် ဒရယ်လေးတစ်

ကောင်ကို တွေ့လိုက်၏။

"ဒိုန်း"

အတော်လှမ်းလှမ်း ဝေးသည်ဆိုပေမင့် လင်းမြင့်လှိုင်လက်မှ မြေ

မလွတ်ပါချေ။

ဒရယ်လေးလဲပြိုသွားသည်ကို တွေ့လိုက်၏။

အတော်အတန်ကြီးသည့် ဒရယ်လေးဖြစ်ချေ၏။

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ဒရယ်လေးလဲကျသွားရာသို့

သုတ်သုတ်လျှောက်သွားလိုက်ကြလေ၏။

ချုံပုပ်ပင်တို့ကို ရှောင်ကွင်းသွားရလေခြင်းကြောင့် ခရီးကြာ

သွားရ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟိုရှေ့က သစ်ပင်နားမယ် မဟုတ်လား"

"အင်း အဲဒီသစ်ပုပ်ပင်ကြီးနားမှာဗျ"

ထိုသစ်ပုပ်ပင်ကြီးနား ရောက်သွားသည်တွင် ကျွန်တော်တို့ ပစ်လိုက်၍ လဲကျသွားသော ဒရယ်လေးကို မတွေ့ကြပါချေ။

"ကိုလင်းရယ် ဘယ်လိုလဲ၊ အသေအချာကြီး မြင်လိုက်တာပဲ ဒရယ်လေးဒဏ်ရာနဲ့ ပြေးသွားတာ မဖြစ်လောက်ဘူးဗျ"

ကျွန်တော်တို့သည် ထိုနေရာတဝိုက် စေ့စေ့ရှာမိကြလေ၏။

"ဟောသည်မယ် သွေးကွက်ဗျ"

မြေပေါ်ရှိ သစ်ရွက်ခြောက်တို့ပေါ်တွင် သွေးအိုင်ထွန်းနေလေ၏။

"ဒဏ်ရာနဲ့ ပြေးသွားတာများလား"

"မဖြစ်နိုင်ဘူး"

သို့ လင်းမြင့်လှိုင်ကပြောရင်း မြေပြင်တဝိုက် စေ့စေ့စူးစိုက်ကြည့်နေလေ၏။

"ဟာ"

"ဘာဖြစ်တာလဲ ကိုလင်း"

"သည်မယ် လူတစ်ယောက်ခြေရာဗျ"

ခြေဗလာခြေရာဖြစ်ချေ၏။

"ဒီတော့ ကျွန်တော်တို့ပစ်လိုက်တဲ့ ဒရယ်ကောင်လေးကို သည်ခြေရာရှင် ကောက်ထမ်းသွားတာလို့ ဆိုလိုချင်တာပေါ့"

"ဆိုချင်တာ မဟုတ်ဘူး၊ အသေအချာကို ဟုတ်နေတာ"

"ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလူကများ သစ္စာမဲ့စွာနဲ့ သူများပစ်လိုက်တဲ့ သားကောင်ကို ကောက်ယူသွားတာပါလိမ့်"

ကျွန်တော်က မကျေမနပ်ပြောလိုက်၏။

"အေးဗျာ အတော်သစ္စာမဲ့တာပဲ"

"သည်တောသည်တောင်မယ် အဖိုးအိုပဲရှိနေတယ်ဆိုတော့ အဖိုးအိုပဲ ယူသွားတာဖြစ်မလား"

သို့ ကျွန်တော်က သံသယစိတ်ဖြင့် ပြောလိုက်၏။

"ဘယ်လိုဖြစ်နိုင်မှာတုန်း ကိုပိုက်ရယ်၊ ကိုပိုက်ပဲ ပြောတယ်လေ၊ အဖိုးအိုက သားကောင်ကို ခြေလက်တွေပဲ ဖြတ်ယူတတ်တာဆို"

"အင်း နို့လည်း ဟုတ်သားကလား'

"လာဗျာ ကိုပိုက်၊ သည်လူကို လိုက်ရှာမယ်၊ သည်နားတင်ရှိမှာပါ"

သို့ဆိုလျှက် လင်းမြင့်လှိုင်သည် ရှေ့မှတောတိုးသွားပြန်၏။

သို့ဖြင့် ကြခတ်ဝါးရုံတောသို့ ရောက်ခဲ့လေသည်တွင်

"ကိုပိုက် ဟိုရှေ့မယ်ကြည့်စမ်း၊ စိုင်ကောင်မဟုတ်လား"

"ဟုတ်တယ် ကိုလင်း၊ ကြခတ်ဝါးရုံကိုပဲ သဲကြီးမဲကြီး တိုးတိုက်နေပါကလား၊ ဘာများဖြစ်တာပါလိမ့်"

အတော်အလှမ်းဝေးသဖြင့် ကျွန်တော်တို့သည် ရှေ့တိုးကပ်သွားလိုက်ပြန်၏။ မြင်သာသောနေရာ ရောက်လေသည်တွင်

"ဟာ ကိုပိုက် လုပ်ပါဦး၊ ကြခတ်ဝါးရုံအတွင်းထဲမှာ လူတစ်ယောက်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



"စိုင်ကောင်က ကြခတ်ဝါးရုံအတွင်းက လူကို တိုက်ခိုက်နေတာပဲဗျ"

"သည်လူက စိုင်ကောင်ကို ခုလိုဒေါသကြီးဖြစ်အောင် ဘာသွားလုပ်သလဲမှ မသိတာ၊ နို့ကြောင့် စိုင်ကောင်က အဲဒီလူကို သဲကြီးမဲကြီး တိုက်ခိုက်နေတာပဲဗျ"

သို့နှယ် လင်းမြင့်လှိုင်ကပြောပြီး လက်တွင်းရှိသေနတ်ဖြင့် စိုင်ကောင်ကို ပစ်ခတ်ရန်ချိန်ရွယ်လိုက်သဖြင့်-

"ကိုလင်း ကြည့်လဲလုပ်ပါဗျာ၊ စိုင်ကောင်ကိုမထိဘဲ ချော်ထွက်ပြီး လူကိုသွားမှန်နေဦးမယ်"

"နို့ကြောင့် ကျွန်တော် စိုင်ကောင်အငြိမ်ကို စောင့်နေတာပေါ့"

လင်းမြင့်လှိုင် တွက်ထားသလိုပင် စိုင်ကောင်သည် ကြခတ်ဝါးရုံကို တိုက်ခိုက်နေရာမှ အားအင်ပြန်လည်ဖြည့်ဆည်းရန် ငြိမ်သက်စွာ နားနေလိုက်စဉ်-

"ဒိန်း"

လင်းမြင့်လှိုင်သည် အချိန်ဆွဲမနေလေဘဲ ကျည်တစ်တောင့် ပစ်လွှတ်လိုက်ချေလေသည်။ ထင်မှတ်မထားသော တိုက်ခိုက်မှုကို ခံလိုက်ရသဖြင့် စိုင်ကောင်သည် မြေပြင်သို့ ခွေလဲသွားချေလေ၏။

လင်းမြင့်လှိုင်နှင့်ကျွန်တော်သည် ထိုနေရာလေးသို့ ပြေးလွှားသွားလိုက်၏။

"ဟာင်"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

ကြခတ်ဝါးရုံအတွင်းမှ လူသည် ကျွန်တော်တို့ အနား ရောက်မသွားမီ ချိန်ကလေးမှာပင် ပြေးထွက်သွားချေလေ၏။ ထိုသူကို အနီးကပ်မြင်လိုက်ရသဖြင့် အံ့ဩမိသေးလေ၏။ အသက်အားဖြင့် (၇၀)ဝန်းကျင်ရှိ အဖိုးအိုတစ်ယောက်ဖြစ်နေသောကြောင့်ပင်။

ကျွန်တော်တို့ တွေ့တွေ့နေသည့် အဖိုးအိုဖြစ်ချေ၏။ ဘယ်တွက်မူ သူလက်ထဲတွင် ဝါးခုတ်မါးမကြီး ဆုပ်ကိုင်ထားသောကြောင့်ဖြစ်ချေ၏။

"ကိုလင်းရေ သည်အဖိုးအို သည်တောဝန်းကျင်မှာပဲ နေတာဖြစ်မယ်ဗျ၊ သည်သက်သည်ရွယ်နဲ့ တောတောင်ထဲ လျှောက်သွားနေတာ အံ့ဖို့တော့ အကောင်းသားဗျ"

"အမဲလိုက်နေတာတော့ မဟုတ်လောက်ဘူးဗျ၊ သူ့မယ်မါးမတိုကလွဲပြီး ဘာလက်နက်မှမရှိတာ"

"တခုတော့ရှိတယ်၊ သစ်ခုတ်ဝါးခုတ်ရင်း တောထဲ တဝဲလည်လည် ဖြစ်နေတာများလား"

သို့ ကျွန်တော်က ပြောလိုက်မိ၏။

"ဘယ်လိုဖြစ်နိုင်မှာတုန်း ကိုပိုက်ရယ်၊ နို့ဖြင့် ကျွန်တော်တို့ကို တွေ့ပြီး အကူအညီတောင်းတော့မပေါ့"

"အင်း ဟုတ်ပေသားပဲ"

"သည်ကောင်ကြီး မသေသေးဘူးဗျ"

လင်းမြင့်လှိုင်က မြေပေါ်တွင်လဲကျ ကြောက်လန့်လူးခတ်နေသည့်

www.burmeseclassic.com

www.burmeseclassic.com



စိုင်ကောင်ကို ကြည့်၍ပြောလိုက်လေ၏-

"ဒီနှီး"

ပွဲသိမ်းကျည်တစ်တောင့် ပစ်လွှတ်လိုက်ပြန်၏။

"ဘယ်လိုဆက်လုပ်ကြမလဲ"

"သွားကြမယ်" လင်းမြင့်လှိုင်က ပြောလာသဖြင့်

"စိုင်ကောင်ကြီးကို သည့်အတိုင်းထားခဲ့မှာလား"

ကျွန်တော်က မေးလိုက်၏။

"တကယ်တော့ သည်ကောင်ကြီးကို ကျွန်တော်က လူသားကို ဒုက္ခပေးလို့ ဟန့်တားပစ်ခတ်လိုက်တာပဲ၊ စားဖို့အတွက် ရည်ရွယ်ပြီး ပစ်လိုက်တာ မဟုတ်ဘူးလေ၊ သည်တော့ သည်အတိုင်း ထားခဲ့သွားကြတာပေါ့၊ အင်းလေ ကိုပိုက် ဆာနေတယ်ဆိုလျှင်ဖြင့် ပေါင်သား လှီးဖြတ်ခဲ့ချေပေါ့ဗျာ"

ကျွန်တော် အမှန်တကယ် ဆာလောင်နေသည်ဆိုသော်လည်း သို့မလုပ်လိုသဖြင့် လင်းမြင့်လှိုင်နောက် လိုက်သွားချေပြီး-

"အဖိုးအိုနောက် လိုက်မယ်ဆိုလျှင်ဖြင့် သည်ဘက်ကို သွားရမယ်လေ"

သို့ လင်းမြင့်လှိုင်ကို ပြောလိုက်၏။

"အဖိုးအိုနောက် လိုက်စရာမလိုဘဲ အဖိုးအိုနဲ့ ထိပ်တိုက်ဆုံနိုင်ကောင်းပါတယ်ဗျာ"

သို့ဆိုလျက် လင်းမြင့်လှိုင်သည် ရှေ့ဆက်လျှောက်သွားလေ၏။

သည်တော့ ကျွန်တော် မည်သို့မျှ မပြောတော့ချေလေပြီ၊

www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင်နောက်သာ ဆိတ်ငြိမ်စွာလိုက်သွားမိချေလေ၏။

အတန်လှမ်းလှမ်း ရောက်သည်တွင်-

"နားချေဦးမယ်"

သို့ပြောကာ လင်းမြင့်လှိုင်က သစ်တစ်ပင်အောက် ခြေပစ်လက်ပစ် ထိုင်လိုက်၏။ ကျွန်တော်သည် သူနားကပ်ထိုင်လိုက်သည်။

နှစ်ယောက်သား ဝီစကီထုတ်သောက်လိုက်ကြပြန်၏။ လင်းမြင့်လှိုင်က ပြုံး၍သာနေလိုက်ချေပြီး လာလမ်းကို လှမ်းငေးကြည့်နေလေ၏။

"ကိုလင်းလည်း နောင်တရနေပြီလား"

မည်သည့်တုန့်ပြန်စကားမျှ ပြောမလာရလေဘဲ ငေးမောလို့သာ လာလမ်းကို ပြန်ကြည့်နေလေခြင်း ရှိချေ၏။

" အား အား အား အား အား အ"

ကျွန်တော်တို့လာလမ်း နောက်ဘက်လောက်ဆီမှ ကျီးတစ်အုပ် လန့်ဖျတ်ပျံသန်းသွားသည်ကို တွေ့လိုက်၏။

"သည်ကျီးကောင်တွေ ဘာကောင်တွေ့လို့ လန့်ဖျတ် ပျံရင်း အော်ဟစ်နေကြတာလဲ မသိဘူး"

သို့ ကျွန်တော်က ပြောလိုက်၏။

"သူတို့နားတဲ့သစ်ပင်နားကို လူရောက်လာပြီး သူတို့ကို ခြောက်လန့်လို့သော်လည်းကောင်း၊ ရန်မူလို့သော်လည်းကောင်း တခုခုကြောင့်ပေါ့ဗျာ"

"အော်"

"လာဗျာ ကိုပိုက်၊ ကျွန်တော်တို့ အဖိုးအိုနဲ့သွားတွေ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ဘယ်လို"

"ကျွန်တော့နောက်သာ လိုက်ခဲ့ပါဗျာ"

ကျွန်တော် လင်းမြင့်လှိုင်နောက် လိုက်သွားရချေလေ၏။ လာလမ်းအတိုင်း ပြန်လျှောက်သွားနေခြင်းဖြစ်၏။

"ဘယ်ပြန်သွားမလို့တုန်း"

သို့သာ မေးမိ၏။

"အဖိုးအိုကို တွေ့မယ်"

သို့သာ လင်းမြင့်လှိုင်ကပြော၏။ သို့ပြောသလိုပင် စိုင်ကောင်သေနားရောက်သည်တွင် အဖိုးအိုကို အံ့ဩဖွယ်လှမ်းတွေ့လိုက်၏။

"ကိုလင်း ဘယ်လိုလုပ်သိလဲ"

လင်းမြင့်လှိုင်က သွားတက်လေးပေါ်ရုံ ပြုံးပြကာ လက်တွင်းရှိ သေနတ်ဖြင့် အဖိုးအိုထံလှမ်းချိန်လိုက်၏။

"ဘာလုပ်မလို့တုန်း"

"ဒီန်း"

စိုင်ကောင်အနားတွင်ထိုင်လျှက် လက်တွင်းရှိဓါးဖြင့် ပေါင်ရင်းကို ဖြတ်ခုတ်နေသော အဖိုးအိုသည် မမျှော်လင့်ဘဲ သေနတ်သံကြားလိုက်သည်နှင့်အတူ သူ့အနားသို့ ရောက်သွားကြသော လင်းမြင့်လှိုင်နှင့်ကျွန်တော်ကို အံ့ဩတကြီး မော်ကြည့်လာလေ၏။

"ဒါလေးတစ်ခုတော့ ငါပြီးအောင် လုပ်ချေဦးမယ်"

အလိုလေးဗျာ သွေးအေးလွန်းလှပါကလား၊ သို့ တအံ့တသြ ငြိမ်ငြိမ် ပြောလာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့လည်း ဝိုင်းကူပါ့မယ်"
လင်းမြင့်လှိုင်က သို့ပြောပြီး ကျွန်တော့ကို ခေါင်းဆတ်ပြ၊ မျက်စိမှိတ်ပြလာ၏။
ကျွန်တော် သဘောပေါက်လိုက်ချေပြီးဖြစ်၏။
သို့ကြောင့် ခါးချိတ်ဓါးဖြင့် စိုင်ကောင်ကြီး၏ရှေ့လက်တစ်ချောင်းကို အရင်းမှလှီးဖြတ်လိုက်ချေလေ၏။
သည်သို့ဖြင့် စိုင်ကောင်၏ခြေနှစ်ချောင်း၊ လက်နှစ်ချောင်း ရလိုက်ချေလေ၏။
"ငါနဲ့လိုက်ခဲ့ကြချေ"
"ခုလိုဖိတ်တာ ဝမ်းသာပါတယ်"
"ငါ အသိအမှတ်မပြုနိုင်ဘူး၊ ငါမခေါ်ဘဲလဲ မင်းတို့က လိုက်ခဲ့ကြမှာပဲ မဟုတ်လား"
သို့ပြောလာသည့် အဖိုးအိုကို လင်းမြင့်လှိုင်က သူ့ဝသီအတိုင်း သွားတက်လေးပေါ်ရုံ ပြုံးပြလိုက်ချေပြီး တစုံတရာပြောလိုက်မည်အလုပ်တွင်-
"ကျွန်တော်တို့လမ်းပျောက်နေတာပါ၊ အဖိုးလဲ လိုက်ခဲ့ပါရစေ၊ တစ်ညတည်းခိုခွင့်ပေးပါ၊ မနက်ကျ သွားကြပါမယ်၊ လမ်းညွှန်ပေးပါ"
"အဲလိုပြောမယ်ဆို မပြောနဲ့တော့ ငါသိပြီးပြီ"
"ဟင်"
ကျွန်တော် အဖိုးအိုကို အံ့သြတကြီးကြည့်မိလေ၏။
"ဟင်း ဟင်း ဟင်း ဟုတ်ပါတယ်၊ ဝန်ခံပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင်ကတော့ သို့ပြောလိုက်ချေ၏။

"အေးလေ ငါက အရှုံးသမားဆိုတော့ မင်းတို့ဖြစ်ချင်သလို ဖြစ်ရမှာပေါ့၊ လုပ်ပေးရမှာပေါ့"

သို့ဆိုလျှက် အဖိုးအိုသည် နောက်ခြေတစ်ချောင်းကို ပုခုံးထက်ထမ်း ဆောတိုးသွားလေ၏။

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ရှေ့လက်နှစ်ချောင်းနှင့် ခြေတစ်ချောင်းကို ဝါးလုံးလျှိုထမ်းပိုးသွားလိုက်ကြ၏။

"အတော်လေးဝေးတော့ လေးသားကလား"

သို့တောတိုးလျှောက်ခဲ့ရင်းမှ ချောင်းလေးနံဘေး တောင်ကြောစွယ်လေးထိပ်တွင်ရှိ တဲတစ်လုံးသို့ ရောက်ခဲ့ကြလေ၏။

"ဒါက ငါနေတဲ့တဲပဲ"

အဖိုးအိုက သူထမ်းပိုးလာသည့်ခြေတစ်ချောင်းကို တဲရှေ့တွင် ပစ်ချလိုက်ပြီးပြောကာ တဲပေါ်တက်ထိုင်လိုက်၏။

"ဒါက ငါနေတဲ့တဲဆိုတော့ ဟိုရှေ့က တဲမတော့ ဘယ်သူနေတာတုန်း"

အလိုလေးဗျာ အတော်မျက်စိလျင်သည့် လင်းမြင့်လှိုင်ပါလား၊ သို့လင်းမြင့်လှိုင်ပြောမှ ကျွန်တော် သတိထားမိလေ၏။

ချောင်းတဖက်ကမ်း သစ်ပင်ချုံနွယ်တို့နောက်ဘက်တွင် တဲတစ်လုံးရှိနေပါကလား။

"ဒါက ငါနေတာဆိုတော့ ဟိုတဲမှာ တခြားတစ်ယောက်နေတာဖြစ်တော့မပေါ့၊ ဘယ်သူလဲ၊ ဘာလဲတော့ ငါမပြောနိုင်ဘူး၊ မင်းတို့ဘာသာသွားမေးကြချေ"

www.burmeseclassic.com

www.burmeseclassic.com



"နို့ဖြင့် အဲသည်တဲမှာလည်း လူတွေရှိတယ်ဆိုတဲ့သဘော ပေါ့"

"ဟကောင်ရ တုံးလှချည်လား၊ တဲရှိလျှင် လူရှိရမပေါ့၊ နို့မှမဟုတ် တဲက ဟောင်းနွမ်းပျက်ဆီးနေတာမပေါ့၊ မင်းမြင်ပါတယ် တဲက အကောင်းကြီးလေ၊ လူနေသေးတာပေါ့"

"နို့ဖြင့် ရှိပါစေတော့ဗျာ၊ ကျွန်တော်တို့က အဖိုးတဲမယ် တစ်ညအိပ်ရလျှင်ပဲ တော်ပါပြီ၊ သည်ရိက္ခာတွေအားလုံး အဖိုး အတွက်ချည်းပါပဲ"

"ဟကောင်ရ ငါတစ်ယောက်တည်း ဘယ်လိုလုပ် ဒါတွေ စားကုန်မှာတုန်း၊ သက်သက်အလေးခံ သယ်လာရတယ်လို့"

"အဲလိုလဲ ဘယ်ဟုတ်ပါ့မလဲ၊ အဖိုးအတွက် ကျွန်တော်တို့ အသားဖျက်ပြီး တံစို့ထိုးမီးကင်ပေးမယ်၊ ကြပ်တိုက်ထားပေးမယ် လေ"

"ဟင်း ဟင်း ဟင်း ဟင်း"

အဖိုးအိုက လင်းမြင့်လှိုင်စကားဆုံးသည်နှင့် သို့နှယ်လျှောင် ရယ် ရယ်နေလေ၏။

"အဖိုးထင်ချင်သလိုထင်၊ တကယ်ပြောနေတာ၊ ကျွန်တော် တို့ နက်ဖြန်မနက်စောစော ပြန်မယ်၊ မိကျောင်းချောင်း ဘယ်ရှိလဲ တာ လမ်းညွှန်လိုက်ပါ၊ အဲဒီချောင်းရောက်လျှင် ကျွန်တော်တို့ သွားလာတတ်ပြီ"

"ကောင်းပြီလေ၊ မင်းတို့သည်ကနေ ထွက်သွားနိုင်ဖို့ဆိုတာ ငါတစ်ယောက်တည်းနဲ့ ဆုံးဖြတ်ပေးလို့မရဘူး၊ ဟိုတဲက လူရယ်၊

www.burmeseclassic.com

www.burmeseclassic.com



ပဲနောက်ဘက်မှာရှိတဲ့ လင့်စင်ပေါ်ကလူရယ်၊ ခွင့်ပြုမှဖြစ်မှာ"

"ဗျာ"

"ဘယ်လို"

အဖိုးအိုစကားကြောင့် ကျွန်တော်တို့နှစ်ယောက် အံ့အား င့်သွားကြလေ၏။

"ဟင်း ဟင်း ဟင်း မင်းတို့နှစ်ယောက်က တကယ်တော့ သို့သေတွင်းကိုယ်တူးကြသူတွေပဲ မိုက်လိုက်တာ၊ မင်းတို့နှစ် ယောက်ကို ငါတို့မြင်နေတွေ့နေကြုံနေတာပဲ၊ နို့ပေမင့်လို့ ငါတို့ရှောင် ကြတယ်၊ မင်းတို့အမဲပစ်ပြီး ပြန်ကြမယ့်သူပဲလို့ တွက်ထားကြလို့ ခုတော့ အဲလိုမဟုတ်ဘူး၊ ငါတို့ကို အရအမိခြေရာခံလိုက်နေကြ တကိုး ဟင်း ဟင်း ဟင်း ဟင်း"

ကျွန်တော် လင်းမြင့်လှိုင်ကို ကြည့်နေလိုက်မိ၏။

လင်းမြင့်လှိုင်က ကျွန်တော့ကို စိတ်မပူနဲ့အမိပွါယ်ရသည့် အပြုံးဖြင့် ပြလာချေပြီး အဖိုးအိုဘက် လှည့်လိုက်ကာ-

"တစ်ယောက်နဲ့တစ်ယောက် ခုမှမြင်ဖူးဆုံကြတာမဟုတ် ဘာလို့များ . . ."

လင်းမြင့်လှိုင်စကား မဆုံးလိုက်ချေ။

"စပ်စုလွန်းတယ်၊ ငါတို့ရဲ့ အေးချမ်းတဲ့ဘဝလေးကို ဖျက် ချင်ကြတယ်"လို့ ဒေါသ ဖြင့် အဖိုးအိုက ပြောလာလေတော့၏။

"ကျွန်တော်ဘာမှနားမလည်ဘူး"

"တစ်ခုတော့ မေးရပါဦးမယ်"

"မေးကြည့်လေ"

www.burmeseclassic.com

www.burmeseclassic.com



"ရွှေမြယာရွာက သူကြီးနဲ့ ပတ်သက်ကြတာလား"

"ဗျာ ဘယ်လို ရွှေမြယာရွာဆိုတာ မကြားဖူးပါဘူး၊ သိလဲ မသိဘူး"

"နို့ဖြင့် မင်းတို့ဘယ်ကလဲ"

"မြို့ပြကပါ"

"သည်ထိတောင် လာကြတာလား၊ ယုံအောင်ပြောကြစမ်းပါ"

"ကျွန်တော်တို့ မီးလောင်ကုန်းရွာသူကြီး ဦးဇာမဏိနဲ့မိတ်ဆွေတွေပါ၊ အမြဲလိုလို မီးလောင်ကုန်း ရောက်လာကြပြီး၊ သည်တောသည်တောင်ထဲ အမဲလာပစ်ကြတာပါ"

သို့ လင်းမြင့်လှိုင်က ပြောလိုက်၏။

"ဘာကွ မီးလောင်ကုန်းရွာ ဟုတ်လား"

"ဟုတ်တယ်"

"မီးလောင်ကုန်းရွာဆိုတာ သည်က အဝေးကြီးရယ်"

"ဗျာ နို့ဖြင့် ဒါ ဘယ်နေရာတုန်း"

"မင်းတို့ တကယ်မသိတာလား"

"ဟုတ်ပါတယ်၊ ကျွန်တော်တို့တောထဲ မျက်စိလည်လမ်းပျောက်နေကြတာပါ၊ ကျွန်တော် မီးလောင်ကုန်းရွာကလာကြတုန်းက သုံးယောက်ပါ၊ လမ်းပြမုဆိုးပါတယ်လေ၊ သူနဲ့လမ်းကွဲသွားကြတယ်"

သို့လင်းမြင့်လှိုင်ကပြောလိုက်သည်တွင် အဖိုးအိုက ငချက်တွေဝေစဉ်းစားလိုက်ပြီး-

"အင်း ယုံလောက်စရာတော့ ရှိပါပေတယ်" ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ပြောတာ အမှန်ပါအဖိုးရယ်"

ကျွန်တော်က ဝင်ပြောလိုက်၏။

"အမှန်ချည်းမဟုတ်ပါဘူး၊ မင်းတို့ ငါ့နောက် လိုက်နေကြ သာကော ငြင်းချင်သေးလား"

"အင်း အဲဒါက ဝန်ခံပါတယ်၊ အဖိုးနောက် လိုက်နေကြ သာ ဘာကြောင့်လဲဆိုတာ အမှန်ပြောလျှင် ယုံမလား"

ကျွန်တော်က ပြောလိုက်၏။

အဖိုးအို စဉ်းစားဟန်ပြုလိုက်ပြီး-

"ပြောကြည့်ဦးပေါ့၊ ယုံသင့်မယုံသင့်၊ မင်းပြောတဲ့စကားနဲ့ သယူလေ့သိမ်းကို ကြည့်ရမယ်"

"ဗျာ"

"မြှော့မှသာ ပြောပါကွာ"

"သည်တော့ သည်တောင်ထဲမယ် အဖိုးအိုတစ်ယောက် သွားလာနေ သာ တွေ့တွေ့နေရတော့ စိတ်ဝင်စားတယ်လေ၊ အဲဒီအကြောင်း သေးတစ်ခုပါပဲ"

သို့သာ ပြောပြီး ကျွန်တော်သည် အဖိုးအိုကို စေ့စေ့ကြည့် နေလိုက်လေ၏။

"လက်တလောတော့ ယုံလိုက်မယ် ကဲ ကဲ သည်လိုလုပ် ချတဲကို မင်းတို့သည်ပေါင်တစ်ချောင်း သွားပေးနှချ ပြီးတော့ နောက်က လင့်စင်ပေါ် ကို ပေါင်တစ်ချောင်းသွားပေးချေ၊ ရှေ့လက် နှစ်ချောင်းကိုတော့ ငါတို့စားကြမယ်"

အဖိုးအိုကို ကျွန်တော် ကြည့်နေလိုက်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"ငါပြောတဲ့အတိုင်းမလုပ်ကြဘူးဆိုလျှင် မင်းတို့ကို သည်မယ် ညအိပ်လက်မခံနိုင်ဘူး"

သို့ပြောလာသဖြင့် ကျွန်တော်သည် လင်းမြင့်လှိုင်၏ သဘောထားကို သိလိုသဖြင့် စေ့စေ့ကြည့်လိုက်၏။

"သွားမယ် ကိုပိုက်"

လင်းမြင့်လှိုင်က သို့ဆိုလျှက် ပေါင်တစ်ချောင်းကို ကောက်ယူလိုက်၏။

"အဲလိုလုပ်ပါကွာ၊ အေး မှာလိုက်ပါရစေ၊ 'ကကြီး'ပေးလိုက်တာ၊ ကကြီးရဲ့ညွှသည်လို့ပြော နို့မှ . . ."

"သိပါပြီ"ဆိုလျှက် ကျွန်တော်တို့သည် တဲရှေ့ ချောင်းတစ်ဖက်ကမ်းတွင်ရှိ တဲသို့သွားလိုက်ကြ၏။

ချောင်းရေသည် ဒူးခေါင်းလောက်ရှိချေ၏။ ထိုရေကိုဖြတ်ကျော်လိုက်ကြ၏။ သည်တွင် အဖိုးအိုတဲသို့ လှမ်းကြည့်လိုက်၏။

အဖိုးအိုသည် စိုင်ကောင်၏ရှေ့လက်နှစ်ချောင်းကို အရေဆုတ်၊ ခုတ်ဖြတ်နေလေ၏။

"အဖိုးအို ဘယ်ဆိုးလို့တုန်း၊ သူလည်းပဲ ရေသာခိုမနေပါကလား"

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ချောင်းတဖက်ကမ်းပေါ်သို့ ရောက်သွား၏။ ချောင်းကမ်းစပ်ရှိ ချုံနွယ်ပင်တို့ကို တိုးဝှေ့သွားလိုက်ကြပြန်၏။ ချုံနွယ်ပင်တို့ တဖက်ရောက်သွားသည်တွင်-

"ဒုစ်"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ကံသီပေလို့" တဲတစ်လုံးတွေ့လိုက်၏။ တဲတွင် လူရှိ,မရှိ ကြည့်နေကြစဉ် သို့ဆိုသလို ရဲဒင်းတစ်လက်က ကျွန်တော်တို့ နှစ်ယောက်ကြားမှ အရှိန်အဟုန်ပြင်းစွာ ဖြတ်လာချေပြီး နောက် ဘက်နားရှိ သစ်ပင်သို့ စိုက်ဝင်သွားလေ၏။

"ချောက်"

"ချောက်"

ကျွန်တော်တို့ သေနတ်ကိုယ်စီ မောင်းတင်လိုက်ပြီးဖြစ်၏။ ရဲဒင်းပိုင်ရှင်ကိုတော့ တွေ့လိုက်ပြီဖြစ်၏။ အဖိုးအိုတစ်ယောက် ဖြစ်ချေ၏။

"မပစ်နဲ့ ကိုပိုက်"

"ကိုလင်း ကျွန်တော်တို့အဖိုးအို မဟုတ်လား"

"မဟုတ်ဘူး အမှားဖြစ်နိုင်တယ်"

"ညွှဲသည်တွေကို စော်ကားရာမကျဘူးလား"

လင်းမြင့်လှိုင်က မေးလိုက်၏။ ရဲဒင်းနှင့်ပစ်လိုက်ခြင်းကို ရည်ညွှန်းပြောလိုက်ခြင်းဖြစ်သည်။

"မင်းတို့ 'ကကြီး'ညွှဲသည်ဆိုတာသိလို့ မှန်အောင် မပစ် လိုက်တာကို ကျေးဇူးတင်ဦး"

"ဟင်"

"ဗျာ"

သို့နှယ်ပြောပြီး အဖိုးအိုက သူ့လက်ထဲရှိရဲဒင်းတစ်ချောင်း ကို ရုတ်ခြည်းဆိုသလို ကျွန်တော်တို့နှင့်ဒလွယ်ခုတ်တွင်ရှိ သစ်ပင် သို့ လှမ်းပစ်လိုက်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



'တစ်'

'ဒုတ်'

"အလိုလေးဗျာ"

ကျွန်တော်နှင့်လင်းမြင့်လှိုင် တစ်ယောက်ကိုတစ်ယောက် အံ့ဩတကြီးကြည့်လိုက်ကြ၏။ အဖိုးအိုကိုလည်း ကြည့်လိုက်ကြပြန်၏။

အဖိုးအိုသည် ကျွန်တော်တို့ကို ပြုံးပြလာသည်ဆိုပေမင့် ရင်တွင်းလှိုက်လှိုက်လှဲလှဲရှိပုံ မပေါ်ချေ။ မတတ်သာ၍သာ သည်းခံဆက်ဆံနေရပုံပင်။

"သည်ကောင် မင်းတို့ကို လက်ခံဆောင်ပေးလိုက်မယ်"

သို့ဆိုလျှက် သစ်ပင်အောက်ခြေရှိ ခေါင်းပြတ်ဖွတ်ကောင်ကို ကောက်ယူပေးလာလေ၏။ စောစောက ရဲခင်းနှင့်ပစ်လိုက်၍ ခေါင်းပြတ်သေသွားသော ဖွတ်ကောင်ဖြစ်ချေ၏။

"ဒါ ဖိုး'ကကြီး'ပေးလိုက်တာ"

"ထားခဲ့ ပြန်ကြချေ"

ကျွန်တော်သည် အဖိုးအိုကို မကျေမနပ် စွေကြည့်လိုက်ချေပြီး၊ ထမ်းပိုးလာသော စိုင်ကောင်ခြေတစ်ချောင်းကို ပေးလိုက်၏၊

"ကကြီးပြောလိုက် မနက်ဖြန်မနက်ဆုံမယ်လို့"

သို့သာပြောပြီး အဖိုးအိုက တဲပေါ်တင်ပုလွေ တက်ထိုင်လိုက်၏။ ကျွန်တော်တို့တိုလည်း သရော်ပြုံး ပြုံးပြနေလေ၏။

ကျွန်တော်တို့သည်လည်း အဖိုးအိုနှင့်အတိုက်အခံ မဖြစ်လို၍ ချက်ချင်းဆိုသလို ထိုတဲမှ လှည့်ထွက်ခဲ့ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



တဲခိုရာတဲသို့ ပြန်ရောက်သည်တွင်-

"ဆက်ဆံရေး သိပ်မစွံပါဘူး"

သို့ ကျွန်တော်က ပြောလိုက်၏။

"အဖိုးနဲ့သူ အမွှာလား"

လင်းမြင့်လှိုင်က နောက်ဘက်လင့်စင်ပေါ်သို့ သွားပေးရသည့် စိုင်ခြေထောက်ကို ကောက်ထမ်းရင်းမေး၏။

"ဟုတ်တယ်"

"နို့ဖြင့် နာမည်ဘယ်လိုခေါ်လဲ"

ကျွန်တော်က မေးလိုက်ပြန်၏။

"ခခွေး တဲ့"

"ဗျာ"

"ဟင်"

"ခင်းတို့ခုသွားပေးမှာ 'ဂငယ်'ဆိုပဲ"

"အလိုလေးဗျာ နာမည်တွေက 'ကကြီး' 'ခခွေး' 'ဂငယ်' ဆိုပါကလား"

"အမွှာပဲလား"

"စပ်စပ်စုစုမေးတာ ခကြိုက်ဘူးဆိုပေမင့် နာမည်သိခွင့်၊မေးခွင့်တော့ ရှိပါတယ်၊ ကဲ ကဲ မြန်မြန်သွား မြန်မြန်လာ သည်မယ် စိုင်သား မီးဘင်ထားတယ်"

သို့ဖြင့် လင်းမြင့်လှိုင်နှင့်ကျွန်တော်သည် တဲနောက်ဘက်သို့ ထွက်ခဲ့ကြပြန်၏။

"အဲဒီမယ် ရပ်နေကြစမ်း"

www.burmeseclassic.com

www.burmeseclassic.com



အလိုလေးဗျာ နောက်ဘက်လင့်စင်ပေါ်မှ သို့ဆိုသလို အသံကြ
လိုက်သဖြင့် လှမ်းမော်ကြည့်လိုက်၏။ သစ်တစ်ပင်လင့်စင်ပေ
အဖိုးအိုတစ်ယောက် ဆင်းလာ၏။ သူ့လက်ထဲတွင် လှံကိုင်ထ
ချေ၏။

"ဖိုးကကြီး လွှတ်လိုက်တာ"

ကျွန်တော်က ပြောလိုက်၏။

"ဟုတ်ပါပြီ မင်းတို့ရှေ့ခပ်လှမ်းလှမ်း သစ်ပင်ဆီကို လှမ်း
လိုက်"

"ဗျာ"

"ဘယ်လို"

"မင်းတို့ ငါ့ကိုပေးမယ့် အဲဒီခြေချောင်းကို အဲဒီနားက သစ်ပင်
လှမ်းပစ်လိုက်လို့ ပြောတာလေ"

"ဘာလဲ မလိုချင်လို့လား"

"စကားမရှည်နဲ့ ငါပြောသလို မြန်မြန်လုပ်ကြချေ"

အဖိုးအို စိတ်မရှည်ပါကလား၊ ကျွန်တော်တို့သည် ဖိုးကဗြ
၏မိတ်ဆွေများဖြစ်သဖြင့် ဂငယ်ဆိုသည့်အဖိုးအိုကိုလည်း မ
မနပ်ဖြစ်ကြလေပြား သူပြောသလို လုပ်လိုက်ရလေ၏။

"ကိုလင်း ပစ်လိုက်ဗျာ၊ ပြီးလျှင် ပြန်ကြမယ်"

"ဟုတ်တယ်"

လင်းမြင့်လှိုင်က သူထမ်းပိုးလာသည့် စိုင်ခြေထောက်
ဖက်ကို ခပ်လှမ်းလှမ်းရှိ သစ်ပင်သို့ လှမ်းပစ်လိုက်ချေ၏

'ဒုတ်'

www.burmeseclassic.com

www.burmeseclassic.com



'ဒုတ်'

"ဟာ"

"ဟင်"

လင်းမြင့်လှိုင်သည် စိုင်ခြေထောက်ကို လှမ်းပစ်လိုက်၏။ ထိုသစ်ပင်၏ပင်စည်ကို သွားရောက်ထိမှန်သည့်အချိန်တွင် အဖိုးအိုက သူ့လက်တွင်းရှိလှံဖြင့် လျှပ်တစ်ပြက် ပစ်လိုက်သည်ကြောင့် ခြေထောက်သည် မြေပေါ်သို့ကျသွားခြင်းမရှိဘဲ ထိုသစ်ပင်တွင် တန်းလန်းကြီးဖြစ်နေလေတော့၏။

အံ့ဖွယ်ပင်ကောင်းသေးလေ၏။

"ဟင်း ဟင်း ဟင်း မင်းတို့သွားကြချေ။ နက်ဖြန်မနက်ငါလာခဲ့မယ်လို့ ကကြီးကိုပြောလိုက်ကြချေ"

"ကောင်းပြီ"

သို့ဆိုလျှက် ကျွန်တော်နှင့်လင်းမြင့်လှိုင် ထိုနေရာလေးမှ လှမ်းထွက်ခဲ့ကြလေ၏။

"အမ္ဗာသုံးယောက် ရုပ်ချင်းအတော်ဆင်တာဗျာ ဘယ်လိုခွဲရလဲ"

"အဖိုးအိုကို မေးကြည့်တာပေါ့"

အံ့ဖို့တော့ ကောင်းသားကလား၊ ကျွန်တော်တို့ရဲ့ ကကြီးအဖိုးအိုက မြိနေတဲ့ဝါးခုတ်ဒါးကို ကိုင်တယ်၊ ခခွေး အဖိုးအိုက ရဲဒင်းကိုင်တယ်၊ ဂငယ် အဖိုးအိုက လှံကိုင်တယ် ဟင်း ဟင်း ဟင်း"

"အဲဒီလက်နက်တွေကို ကျွမ်းကျွမ်းကျင်ကျင် ကိုင်တွယ်တတ်ကြတာဗျ"

www.burmeseclassic.com

www.burmeseclassic.com



"အေးဗျာ"

"ကျွန်တော်တော့ စိတ်ဝင်စားတယ်ဗျာ"

"နို့ဖြင့်လည်း နက်ဖြန်မပြန်ကြသေးဘဲ၊ သည်မယ်ဆက်နေကြမလား"

ကျွန်တော်က လင်းမြင့်လှိုင်ကိုမေးလိုက်၏။

"အဖိုးအိုက လက်ခံဦးမှကိုးဗျာ၊ ခုတောင်မှ သူ့အသက်ကယ်လိုက်လို့ ခေါ်လာတာ၊ နက်ဖြန်ကို ပြန်ခိုင်းနေတယ်လေ"

"သည်တော့ အဖိုးအို ကကြီးကို စားရင်းသောက်ရင်း စည်းရုံးကြည့်ပါလား၊ ဒါမျိုး ကိုလင်း လုပ်တတ်ပါတယ်"

"ကိုပိုက်က ကျွန်တော့ကို အထင်ကြီးနေပြန်ပြီ"

သို့ဖြင့် ကျွန်တော်တို့ အဖိုးအို'ကကြီး'တဲသို့ ပြန်ရောက်လာလေ၏။

အလိုလေးဗျာ အဖိုးအိုတစ်ယောက် တဲပေါ်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေပါကောလား၊ ဟောက်လို့ပင် နေသေးလေ၏။

"ဘယ်လိုလဲ နှိုးလိုက်ရမလား"

ကျွန်တော်က လင်းမြင့်လှိုင်ကိုမေးရင်း အဖိုးအိုကို စေ့စေ့ကြည့်နေလိုက်၏။

အဖိုးအိုအိပ်နေပုံသည် ကလေးတစ်ယောက်လိုပါပဲလား။

သည်အသက်သည်အရွယ်ရှိ အမှာညီအစ်ကို အဖိုးအိုသုံးယောက် ဘယ်လိုကြောင့် တောထဲတွင် ရှိနေတာပါလိမ့်။

"ကိုပိုက် အဖိုးအိုအိပ်ပါစေ၊ မနှိုးပါနဲ့ အသက်အရွယ်ကြီးပြီ၊ သွားလာလှုပ်ရှားနေတာကြောင့် ပင်ပန်းလို့ဖြစ်မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အေးဗျာ ဂျွန်တော့အဖိုးသာဆိုလျှင် အိမ်ဦးခန်းမှာ နေနိုင်းပြီး ဘယ်မှမသွား၊ ဘာမှမလုပ်စေချင်ဘူးဗျာ၊ တကယ်ပြော တာပါ"

"ဟားဟားဟားဟား ဟားဟားဟားဟား ဟားဟားဟား ဟား မင်းတို့စေတနာကို ငါအသိအမှတ်ပဲပြုတယ် လက်တော့ မခံ နိုင်ဘူး"

"ဟာ"

"ဟင်"

ဘကယ်တော့ အဖိုးအိုအိပ်ချင်ယောင်ဆောင်နေခြင်းပါကလား၊ သို့နှယ်ပြောပြီး ရုတ်ခြည်းဆိုသလို ထထိုင်လိုက်လေ၏။ အဖိုးအို ကကြီး၏လက်ထဲတွင် ဒါးမတို ရှိနေပါကလား။

"သာမန်လူသားတွေအတွက် မင်းတို့က အင်မတန်တော်တဲ့ သူတွေပါကွာ၊ နို့ပေမင့် ငါတို့အနေနဲ့ဆိုလျှင်ဖြင့် မင်းတို့နှစ်ယောက် တို သတ်ပစ်ချင်တယ်"

"အလိုလေးဗျာ ဘာလို့များပါလိမ့် အဖိုးရယ်"

သို့ဆိုသလို လင်းမြင့်လှိုင်က မေးလိုက်လေ၏။

စိတ်ဆိုးခြင်းအလျဉ်းမရှိ ပျော့ပျောင်းညင်သာသော အကြည့်၊ လေသံဖြင့် မေးလာသည့်လင်းမြင့်လှိုင်ကို အဖိုးအိုကကြီး တစ်ယောက် အံ့ဩတကြီး ကြည့်လာချေ၏.

"ဟင် စိတ်မဆိုးတတ်ဘူးလား"

"ဘာလို့ စိတ်ဆိုးရမှာတုန်း"

"ဟာ ငါမင်းကို ခြေပြေလည်လည်မှ မပြောတာ၊ သတ်ချင်

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ချင်တယ်လို့ ပြောနေလိုက်တာ"

"အဖိုးအိုက ကျွန်တော်တို့ကို သတ်ချင်မှတော့ သည်
တောင် ကျွန်တော်တို့ကို ခေါ်လာမှာမဟုတ်ဘူး"

"ဟဲ ဟဲ ဟဲ မင်းမဆိုးဘူးပဲ၊ ဟုတ်တာပေါ့၊ ကဲ ကဲ တကယ်
တော့ ငါနားချင်ပြီ၊ မင်းတို့ကို စိတ်မချလို့၊ အေး မင်းတို့ကို စိတ်မ
လို့ဆိုတာ မင်းတို့အတွက် ပူပန်တာကို ဆိုလိုတာမဟုတ်ဘူးနော်
မင်းတို့ကို သက်သေမကောင်းဖြစ်နေတာကို ပြောတာ၊ ငါ အိပ်နေလ
ငါ့ကို ဒုက္ခပေးမှာစိုးလို့ကွာ"

"ဘယ်လိုဖြစ်နိုင်မှာတုန်း"

လင်းမြင့်လှိုင်က ပြောလိုက်၏။

"ဟုတ်ပါတယ်၊ ငါသိပါပြီ၊ ခုတော့ ငါစိတ်ချလက်ချ အိပ်
ပျော်အောင် အိပ်လို့ရပြီပဲကွာ၊ ကဲ ကဲ မင်းတို့မီးပုံမယ် ကင်ထား
စိုင်သားတွေကျက်လျှင်ဖြင့် စားလိုက်ကြချေ"

"ဟင် အဖိုး စားပြီးမှအိပ်ပါကလား"

"ရပါတယ် အိပ်ချင်တာကို အလျှင်ဖြေရှင်းလိုက်ဦးမယ်"

သို့ဆိုလျှက် အဖိုးအိုသည် တဲကြမ်းခင်းပေါ် တကိုယ်လုံး
ချလိုက်လေ၏။ မကြာလိုက်သောအချိန်ကလေးတွင် နှစ်နှစ်ခြိုက်
ခြိုက် အိပ်ပျော်သွားလေ၏။

"အဖိုးအို သိပ်အိပ်ချင်ပြီဖြစ်မယ်ဗျ၊ ကြမ်းခင်းပေါ် ခေါင်းချလိုက်တာ
နဲ့ အိပ်ပျော်သွားတော့တာပဲ၊ ကဲ လာဗျာ ကိုပိုက် အဖိုးအိုအိပ်
ကျွန်တော်တို့မီးပုံနား သွားကြမယ်"

သည်သို့ဖြင့် လင်းမြင့်လှိုင်နှင့်ကျွန်တော်သည် ထင်းမီးပုံ

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာကြ၏။

တံစို့ထိုးမီးကင်တစ်ချောင်းကို ယူကြည့်လိုက်၏။ အသား ကို နှာခေါင်းနား ကပ်မွှေးကြည့်လိုက်၏။ နူးမနူးဖဲ့ ကြည့်လိုက်၏။

"လိုသေးတယ်"

သို့ လင်းမြင့်လှိုင်က ပြောပြီး နေရာမှာပင် ထိုးစိုက်ထားလိုက်၏။

"သောက်ချင်ပြီဗျာ"

ကျွန်တော်၏တောင်းဆိုမှုကြောင့် လင်းမြင့်လှိုင် ဝီစကီပုလင်းပြား လေးကို ထုတ်ပေးလာချေလေ၏။

သည်သို့ဖြင့် သူတလှည့်ကိုယ်တလှည့် သောက်နေကြသည် မှာ-

"အော် မင်းတို့မယ် ပါတာကိုး၊ မှန်း ငါ့ကိုပြစမ်း"

အလိုလေးဗျာ အဖိုးအို ဘယ်အချိန်ကနိုးလာပါလိမ့်၊ ကျွန်တော်တို့နားရောက်လာမှ သို့ပြောလာမှ သတိထားမိလေ၏။

ကျွန်တော်တို့ အရက်သောက်နေတာကို မနှစ်မြို့၍များ လေလား။

သို့ကြောင့်

"တောင်းပန်ပါတယ်၊ အဖိုးအိပ်နေတာနဲ့ ခွင့်မတောင်းမိ ဘူး"

သို့ ကျွန်တော်က ပြောလိုက်၏။

"ခွင့်မတောင်းတာထက် မပြောတာကို မကျေနပ်တာ"

"ဗျာ"

"ဟင်"၊

www.burmeseclassic.com

www.burmeseclassic.com



"အေးလေးကွာ အဖိုးအိုသောက်တတ်လားလို့ တစ်ကြိမ်တော့ မေးသင့်တာပေါ့"

"ကျွန်တော်တို့ အဲလိုမေးတာနဲ့တင် ငရဲကြီးလောက်ပြီပေါ့ဗျာ"

"ရှင်းအောင်ပြောကွာ"

"အော် ကိုယ့်အဖိုးအရွယ်ကို သောက်စားတတ်လားမေးရမှာ မကောင်းဘူးလေ၊ တကယ်ကျော့ သည်အရွယ် . . . "

"ဟိတ်ကောင် ...တာ့ မင်းဆက်မပြောနဲ့ ငါပြောမယ်"

ကျွန်တော့်စကားမဆုံးမီ သို့အဖိုးအိုကပြောလာသဖြင့် ငြိမ်နေလိုက်လေ၏။

"လူတွေက ခက်တယ်ကွာ၊ အသက်အရွယ်ရလာလျှင် သူအိုပြီ၊ မစွမ်းမသန်ဖြစ်ပြီ၊ နောက်လူငယ်တွေ ပြုစုတာခံပေရော့၊ ပြောတာဆိုတာနာခံပေရော့၊ ကျွေးတာမွေးတာ ခံပေရော့လို့ တွက်ထားကြတာ၊ ဒါမကောင်းဘူး၊ အသက်ကြီးလာလေလေ ပိုလည်းလုပ်ရလေပဲကွ၊ အချိန်ရောက်လာလျှင် သေရတော့မယ်လေ၊ မွေးဖွားလာတုန်းက ရုန်းကန်ပြီး လူလောကကြီးထဲ ရောက်လာရတယ်လေ၊ အေး သေဆုံးချိန်ရောက်လာလေ ပိုပြီးရုန်းကန်လှုပ်ရှားရလေဆို မကောင်းဘူးလား၊ ငါတို့ လူ့လောကကြီးက ပြန်ထွက်သွားရတော့မယ်လေ၊ လာတုန်းကတောင် ရုန်းကန်လာတာ ပြန်တော့ငြိမ်ကုတ်နေရမှာလား ကွ၊ ဒါက လူ့လောကကြီးကို အရှုံးပေးလိုက်တာနဲ့ မတူပေဘူးလား၊ ဟိတ်ကောင် မှတ်ထားကွ၊ လူ့လောကကြီးကို ငါတို့သနားတယ်ဆိုပြီး ထားခဲ့တဲ့ပုံနဲ့ ပြန်သွားတာအကောင်းဆုံးပဲကွ ဟားဟားဟားဟား"

www.burmeseclassic.com

www.burmeseclassic.com



အလိုလေးဗျာ အဖိုးအိုစကားက တွေးတောစရာပါကလား၊ လင်းမြင့်လှိုင်နှင့်ကျွန်တော် တစ်ယောက်ကိုတစ်ယောက် ကျေနပ်စွာ ကြည့်လိုက်ကြလေ၏။

ကျွန်တော်တို့ ထူးဆန်းသောအဖိုးအိုနှင့် ဆုံကြပြန်ပြီကော။

"ကဲပါ အဖိုးရယ် သောက်တတ်လျှင်ဖြင့် လာချေဗျာ"

သို့ ကျွန်တော်က ပြောလိုက်သည်လျှင်ပင် အဖိုးအိုက ကျွန်တော့်ကို ရှုတည်တည်ဖြင့် ကြည့်လာချေပြီး-

"သောက်တတ်လျှင်ဖြင့် ဆိုတော့ သည်မယ်မောင့်ကောင် ငါလဲအရက်သောက်တတ်တာပဲကွ ဆိုပြီး ကိုယ်သောက်တတ်၊ စားတတ်ကြောင်း ဖော်ပြလိုက်တာနဲ့ပဲ ဘယ်သူခေါ်ခေါ် ဝင်သောက်တယ်ဆိုတဲ့သူက ဘယ်လိုလူစားဖြစ်သွားလဲ ဟင် . . သည်မယ်မောင့်ကောင် ငါသောက်တတ်လို့ဝင်သောက်မှာ မဟုတ်ဘူးကွ၊ ကြိုက်တတ်လို့ဝင်သောက်တာ မင်းမြဲမြဲမှတ်ထားချေ။ သောက်တတ်ရုံလေးနဲ့ ဝင်သောက်တာမဟုတ်ဘူး ဟင်း ဟင်း ဟင်း"

သို့ဆိုလျှက် အဖိုးအိုသည် လင်းမြင့်လှိုင်လက်ထဲမှ ဝီစကီပုလင်းပြားလေးကို လှမ်းယူလိုက်ချေ၏။

ဘယ်လိုအဖိုးအိုပါလိမ့်။ စကားပြော လက်ပေါက်ကပ်လိုက်တာ၊ ကျွန်တော် အဖိုးအိုကိုကြည့်မရပါချေ။ လင်းမြင့်လှိုင်ကတော့ သူ့ဝသီအတိုင်း သွားတက်လေးပေါ်ရုံ ပြုံးလို့သာနေချေလေ၏။

"အဖိုးရေ ကျွန်တော်တော့ အဖိုးကို နားလည်တယ်"

သို့ လင်းမြင့်လှိုင်က ပြောလိုက်၏။

"အေး ငါ့ကိုနားလည်တဲ့သူက ပါးရည်နပ်ရည်ရှိတဲ့သူပဲ ရှိရ

www.burmeseclassic.com



လိမ့်မယ် ဟဲ ဟဲ ဟဲ"

သို့ဆိုလျှက် အဖိုးအိုသည် ဝီစကီတစ်ငုံ မော့သောက်လိုက်ချေပြီး လင်းမြင့်လှိုင်ထံ ကမ်းပေးလိုက်၏။ လင်းမြင့်လှိုင်မှတဆင့် ကျွန်တော့်ထံ ပြန်ကမ်းပေးလာသည်တွင်-

"ဖြန်း"

"ဒုတ်"

"ဟာ

"ဟင်"

လင်းမြင့်လှိုင်ထံမှ ဝီစကီပုလင်းပြားလေးကို လှမ်းယူလိုက်စဉ်တွင် ခြင်တစ်ကောင်က ကျွန်တော့်နားတွင် တဝီဝီလုပ်နေသဖြင့် ကျွန်တော်က ရုတ်ခြည်း ကိုယ့်နားရွက်ကိုယ်ရိုက်လိုက်သည်ကြောင့် လင်းမြင့်လှိုင်သည်လည်း ကျွန်တော့လက်တွင်း ဝီစကီပုလင်းပြားရောက်သွားပြီထင်၍ လက်လွှတ်လိုက်သည်ကြောင့် တဲကြမ်းခင်းပေါ်သို့ ဝီစကီပုလင်း ပြုတ်ကျသွားလေ၏။ အတွင်းမှ အရည်တို့ထွက်ကျလာလေသဖြင့် အဖိုးအိုက ကပျာကသီ လှမ်းကောက်လိုက်လေပြီး-

"မင်းနှယ်ကွာ ခြင်ကကိုက်သေးတာ မဟုတ်ဘူး၊ ကြောက်တတ်ရန်ကော သည်မယ်အရည်တွေ ဖိတ်ကုန်ပြီ၊ ဘယ်လောက်နှမြောဖို့ကောင်းသလဲ"

"တောင်းပန်ပါတယ် အဖိုး၊ မကိုက်သေးဘဲနဲ့ နားနားမယ် တဝီဝီလုပ်နေတာကို အမြင်ကပ်လွန်းလို့ပါ၊ နို့ကြောင့် ပြောဆိုလျှင် ကိုယ့်ကိုကိုက်လာပြီဆိုတာနဲ့ အလွတ်မပေးချင်ဘူး၊ ဘယ်နှယ် သူများ

www.burmeseclassic.com

www.burmeseclassic.com



သွေးကိုစုတ်ချင်ရတာပါလိမ့်

"ဟားဟားဟားဟား ဟားဟားဟားဟား"

ကျွန်တော့်စကားဆုံးသည်နှင့် အဖိုးအိုသည် ဟက်ဟက်ပက်ပက် ရယ်လိုက်လေပြီး-

"ခြင်ကိုက်တိုင်း အလွတ်မပေးဘူးဆိုပြီး တဖြန်းဖြန်းရိုက်တိုင်း ခြင်ကောင်မသေပါဘူး၊ လွတ်သွားတဲ့အကောင်တွေ ရှိနိုင်ပါတယ်၊ သူတို့ကို မင်းတကယ်အလွတ်မပေးချင်ဘူးဆိုလျှင် ကိုက်ပလေစေ မရိုက်ပဲထားလိုက်ကွာ"

"ဗျာ ဘယ်လို အဲလိုတော့ သဘောထားမကြီးနိုင်ပါဘူး၊ တစ်ချက်မမိ နောက်တစ်ချက် ပြန်ရိုက်မယ်ဗျာ"

သို့ ကျွန်တော်ကပြောလိုက်သည်တွင် အဖိုးအိုက ခေါင်းကိုခါယမ်းလိုက်လေပြီး ခြင်ကောင်ကို ရိုက်ပါပြီတဲ့ ကိုယ့်အသားပဲမရိုက်မိဘူးလား၊ နှစ်ခါနာတာကွာ၊ ခြင်ကကိုယ့်သွေးကိုစုပ်နေပြီဆိုမှ ခြင်ကိုက်တာကို သိရတာလေ၊ တစ်ခါနာသွားတာ၊ အေး အဲဒီတော့ မင်းက ရိုက်လိုက်ပါပြီတဲ့ ခြင်ကောင်လွတ်ချင်လွတ်မယ်၊ မလွတ်ချင်မလွတ်ဘူး၊ အေး မင်းက တစ်ခါထပ်နာရပြန်ပြီ၊ သည်တော့ မတန်ဘူးကွ၊ တစ်ခါအနာပဲခံလိုက်လျှင် ခြင်ကောင်ပြေးမလွတ်ပါဘူး"

'အဖိုးအို ဘာတွေပြောနေတာပါလိမ့်' သို့အတွေးဖြင့် ကျွန်တော် အဖိုးအိုကို ကြည့်နေလိုက်လေ၏။

ကျွန်တော်ဘာတွေးနေသည်ကို ရိပ်မိသွားဟန်တူသော အဖိုးအိုက

www.burmeseclassic.com

www.burmeseclassic.com



"မင်း မြဲမြဲမှတ်ထားချေ။ ခြင်ကောင်ကို လုံး၀အလွတ်ပေးလိုစိတ် မရှိလျှင် ကိုယ့်ကိုကိုက်ပြီသိတာနဲ့ သည်အတိုင်းလွှတ်ထားလိုက် မကြာခင်အချိန်ကလေးမှာ သည်ခြင်ကောင်ကို မင်းကိုယ်တိုင် မသတ်ရဘဲနဲ့ သေသွားလိမ့်မယ်"

"ဟာ မဖြစ်နိုင်တာ"

"ဟကောင်ရ ခြင်ကောင်တွေအကြောင်း မင်းဘာသိလို့ တုန်း၊ သည်ကောင်တွေက လူသွေးကိုစုပ်ပြီဆိုတာနဲ့ ဗိုက်ကွဲအောင် စုပ်တတ်တာလေ"

"ဗျာ"

"ဟုတ်တယ် မှတ်ထား၊ လူသွေးကိုစုပ်ရပြီဆိုတာနဲ့ လောဘ တကြီးနဲ့ ဗိုက်ကြီးဖောင်းကားအောင် စုပ်ကြတာပဲကွ၊ သည်တော့ ဗိုက်ကြီး ကွဲထွက်သေကြတာကွ"

"ဟုတ်ပါ့မလား အဖိုးရယ်"

"ဟကောင် ငါ မင်းထက်အသက်အများကြီးကြီးတယ်၊ ငါ မင်းထက် အတွေ့အကြုံတွေ အများကြီးရှိတယ်၊ ငါ မင်းထက်အများကြီး တတ် သိနားလည်တယ်၊ အေး မင်း ယုံချင်မှယုံ၊ မယုံချင်နေ၊ အေး ဟုတ်ပြီ သည်မယ်ကြည့် . . ."

သို့ဆိုလျှက် အဖိုးအိုသည် သူ့လက်ဖျံတွင် ခြင်ကောင်သွေး စုပ်နေသည်ကို ပြလာချေ၏။

"မင်း သေသေချာချာကြည့်နေကွာ"

သို့ကြောင့် ကျွန်တော် ခြင်ကောင်ကို စိုက်ကြည့်နေ၏။ အတန်ကြာ ကြာလျှင် ခြင်ကောင်သည် အဖိုးအိုလက်ဖျံမှ ထပျံသွားသည်ဆိုပေ

www.burmeseclassic.com

www.burmeseclassic.com



ခင့် ကြမ်းခင်းပေါ်သို့ ပြန်ပြုတ်ကျသွားလေတော့၏။

"သည်ကောင် သူ့ဗိုက်ထဲမှာ သွေးတွေပြည့်ရုံမက ဖောင်းအားနေလို့ မပျံနိုင်ဖြစ်ပြီး ပြုတ်ကျသွားတာလေ၊ ကြည့်နေ သူ့ဗိုက်ကြီး ပေါက်ထွက်သွားလိမ့်မယ် ဟဲ ဟဲ ဟဲ ဟဲ"

ကျွန်တော် လင်းမြင့်လှိုင်ကို ကြည့်လိုက်လေ၏။ လင်းမြင့်လှိုင်က ပြုံးပြခေါင်းညိတ်လာချေလေ၏။ ကျွန်တော် အဖိုးအိုကို ကြည့်လိုက်မိပြန်၏။

သို့ရှိစဉ် ကျွန်တော့လက်မောင်းသို့ ခြင်တစ်ကောင် လာနားလေ၏။ ကျွန်တော် အဖိုးအိုပြောသလို မရိုက်ဘဲထားလိုက်၏။ အတန်ကြာတွင် ခြင်ကောင် တဲကြမ်းခင်းပေါ်သို့ ပြုတ်ကျသွားပြန်၏။

ရိုက်စရာပင် မလိုပါကလား၊ ခြင်ကောင်တွေ လောဘကြီး သွေးစုပ်တာများ သေလောက်အောင်ပါပဲကလား။

"သည်ခြင်ကောင်တွေက ငါ့ညီ 'ခခွေး'လို လူစားကွ"

"ဗျာ"

"ဟင်"

ဘာကိုဆိုလိုချင်တာပါလိမ့်

လင်းမြင့်လှိုင်နှင့်ကျွန်တော်သည် အဖိုးအိုကို စေ့စေ့ကြည့်လိုက်ကြလေ၏။ အဖိုးအိုက ပြုံးပြကာ စိုင်သားမီးကင်တစ်ကင် ယူလိုက်လေပြီး ဝိစကီပုလင်းကို ကျွန်တော်တို့နှစ်ယောက် မြင်သာအောင် ထောင်ပြလာချေ၏။

လင်းမြင့်လှိုင်က နောက်ထပ်တပြား ထုတ်ပေးလိုက်ချေ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"မင်းတို့တွေ နက်ဖြန်ကြလျှင် ငါတို့နဲ့ လိုက်ခဲ့ချေ"

သို့ ပြောလာသည့်အဖိုးအိုကို အံ့ဩတကြီးကြည့်မိ
ပြောတော့ ကျွန်တော်တို့ကို တည်တည်းခိုခွင့်ပေးရမည်ကို မလိုလာ
သည့် အဖိုးအို၏ ယခုစကားက ကျွန်တော်တို့ကို မိုးလင်းဘာ
မပြန်နိုင်းလေဘဲ သူတို့နှင့်လိုက်ခိုင်းနေသည်ဆိုတော့ ကျွန်တော်
တို့ကို လက်ခံသည့်သဘော ဖြစ်ချိမ့်မည်။

"နို့ နေပါဦး ငါတို့နဲ့ဆိုတော့ . . ."

လင်းမြင့်လှိုင်က သို့မေးလိုက်၏။

"ငါ့ညီနှစ်ယောက် လာလိမ့်မယ်၊ ငါညီနှစ်ယောက်နဲ့ ကျား
ကောင်သွားပစ်ကြမလို့ မင်းတို့ ကျားကောင်ပစ်ဖူးလား၊ ပစ်ရဲလား"

"ဟင်"

"ဟာ"

"အေး မင်းတို့ သဘောကြည့်ရတာ မုဆိုးချင်းစည်းဖောက်ကြသူတွေ
ပါကလားလို့ ငါ့ကိုမြင်သွားကြပြီလား . . .
သားရဲကောင်ဆိုတာ တစ်ကောင်နဲ့တစ်ကောင် အစာလုတိုက်ခိုက်
ကြတာပဲ၊ အသက်လုတိုက်ခိုက်ကြတာပဲ၊ လျှင်သူစားစတမ်းပဲလေ၊
သူ့စည်းကိုယ့်စည်း ဘယ်သူက စသတ်မှတ်ခဲ့တာလဲ၊ လူတွေပဲ
မဟုတ်လား၊ အေး ငါက လူလေ၊ ငါ့သတ်မှတ်ချက်နဲ့ ငါအသက်ရှင်
နေတာကွ၊ ငါ့သတ်မှတ်ချက် ငါ့ခံယူချက်၊ ငါ့ဆုံးဖြတ်ချက်၊ သည်မှာ
ငါ့သဘောလုပ်လို့ရတယ်၊ အေးကွာ ငါ့သဘောကလေ ကျားကောင်
ဆိုတာ အင်အားကြီးတဲ့သတ္တဝါပဲ၊ သန်မာတယ်၊ ရဲရင့်တယ်၊ ခက်

www.burmeseclassic.com

www.burmeseclassic.com



နေတယ်၊ ပြီးတော့ အင်မတန်ပါးနပ်တယ်၊ သူ့မယ် သနားညှာတာ
ဲ့ သဘောသဘာဝ လုံးဝမရှိဘူးလေ၊ အရှိန်အဝါကြီးတဲ့ ဘုရင်
စ်ပါးလိုပဲကွ၊ ဟင်း ဟင်း ဟင်း ဟင်း နို့ကြောင့် ငါ ကျားကောင်ကို
တ်ချင်တယ်"

သို့ပြောလာသည့် အဖိုးအို 'ကကြီး'ကို ကျွန်တော် အံ့သြ
ကြီး ကြည့်နေလိုက်၏။ အဖိုးအို စိတ်မှမှန်မှန်ပါရဲ့လား၊ ထားပါ
ာ့ သည်အသက်သည်အရွယ်နဲ့ သူ ကျားကောင်ကို သတ်ဖြတ်နိုင်
လား၊ ဒါတွေးစရာပင် မဟုတ်ပါကလား၊ ပြီးတော့ အဖိုးအို၏
်အမူအယာ၊ ကိုယ်အမူအယာကြည့်ရသည်မှာ ကျားကောင်ကို
တ်ဖြတ်လိုခြင်းထက် သူ့တွင် ဘာစုံတရာကို မကျေနပ်ပုံပင်၊ သို့
ကြောင့်-

"ဟုတ်ပါပြီ ကျွန်တော်တို့ အဖိုး ကျားကောင်ကို သတ်ဖြတ်
ာ လိုက်ကြည့်ချင်ပါတယ်"

"တကယ်ပြောတာလား"

"ဟုတ်ပါတယ်"

"ဘယ်လိုသဘောနဲ့လည်း"

"ဘယ်လို သဘောမှမပါဘူး"

ကျွန်တော်သည် နပ်ပြတ်ပြတ်ပြောလိုက်၏။

ဟင်း ဟွင်း ဟင်း ငါ့ကို အိုမင်းမစွမ်းအဖိုးအို၊ ကျားကောင်
တ်မဲ့လူက လက်ထဲဒါးမတိုတာ ရှိတယ်ဆိုပြီး အထင်မြင်သေးပြီး
ာ့ ငါ့ကို အရေးရယ်အကြောင်းရယ်ကျ ကူညီရအောင် လိုက်ခဲ့
ကြတာတော့ မဟုတ်ပါဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



အလိုလေးဗျာ အဖိုးအို ကျွန်တော်၏အတွင်းစိတ်ရင်းသဘောကို မျက်ဝါးထင်ထင် မြင်နေတာများလေလား၊ သို့ပေမင့်လို့

"အာ အဲလို မဟုတ်ရပါဘူး၊ တကယ်ပဲ အဖိုးအိုရဲ့ စွမ်းရည်ကို အတုယူလိုတာကြောင့် လိုက်ချင်ကြတာပါ၊ ဟုတ်သလားကိုလင်း"

ကျွန်တော်က လင်းမြင့်လှိုင်ကို စစ်ကူတောင်းလိုက်၏။

"ဟုတ်ပါတယ်အဖိုး၊ ကျွန်တော်တို့မှာ အစွမ်းထက်လက်နက်ရှိတာပဲ၊ နို့ပေမင့် ကျွန်တော်တို့မှာ စွမ်းရည်မရှိဘူး၊ သတ္တိမရှိဘူး၊ ကျားကောင်ဆိုတာ ကြားယုံနဲ့တင် ကြောက်နေကြတာပါဗျာ၊ အင်း အဖိုးပြောသလို လူက တိရစ္ဆာန်ကို ကြောက်နေရတယ်ဆိုတော့ မဟုတ်သေးပါဘူး၊ ကျွန်တော် အဖိုးအိုနဲ့ တွေ့မှစဉ်းစားမိတယ်"

"ပြောကြည့်လေ"

"ကျားကောင်ထက် ကြီးမားတဲ့ဆင်ကောင်ကိုတောင်မှ လူတွေကခိုင်းစားနေကြတာပဲဗျာ၊ ဘာလို့ ကျားကောင်ကို မူစရာလိုမလဲ"

"သိပ်ဟုတ်တာပေါ့ကွ၊ အေး စောစောက မင်းတို့ကို ငါပြောဖို့ ကျန်တာတစ်ခုရှိတယ်"

"ပြောပါ အဖိုး"

"ငါ့ ကျားကောင်ကို အသားလွတ် ဘာလို့သတ်ချင်လဲသိလား"

"အဖိုးပြောမှ သိမှာပေါ့"

"ကျားကောင်လို အင်အားကြီးတယ်၊ ရဲရင့်တယ်၊ ခင်ထန်တယ်၊ ပါးနပ်တယ်၊ အရှိန်အဝါကြီးတယ်၊ လူသားအချင်းချင်းတောင် ညာ

www.burmeseclassic.com



ဘာစိတ် လုံးဝမရှိတဲ့ ရွှေမြယာရှာလူကြီးကို ဆော်ချင်လို့ပဲကွ"

"ဗျာ"

"ဘယ်လို"

"အေး ဒါတွေကို ငါ ကျားကောင်သတ်ပြီးမှ မင်းတို့စိတ်ဝင်စားတယ်ဆိုလျှင်ဖြင့် ပြောပြမယ်။ အဲလိုဆိုတော့ မင်းတို့က မေးမယ်၊ နို့ဖြင့်သည်း ဘာလို့အစဖော်ပြောနေလဲလို့၊ ဒါကတော့ သည်လိုရှိတယ်ကွ ငါသာ တောတောင်ထဲမယ် ကျက်စားနေပြီး ကျားသတ္တဝါကို အသားလွတ် သတ်ဖြတ်လိုတဲ့သူလို့ ထင်မှာစိုးလို့ပဲကွ၊ တကယ်တော့ ငါ စည်းရှိပါတယ်၊ နားလည်ပါတယ်၊ နို့ပေမင့် ငါ့တွက် ဒါဟာ လေ့ကျင့်ကွင်း ပေပဲကွ၊ ငါနဲ့ယှဉ်ပြိုင်လေ့ကျင့်ဘက်ပဲ၊ သည်လောက်ဆို မင်းတို့သဘောပေါက်သင့်ပါပြီကွာ၊ ကဲ ကဲ မင်းတို့ နားနေအိပ်ကြချေဦး၊ မနက်စောစော သွားမယ်၊ ခခွေးနဲ့ဂငယ် လာလိမ့်မယ်၊ သူတို့ဘာ ငါ့ကို ကူဖို့ပဲကွာ၊ ရွှေမြယာသူကြီးနဲ့ပတ်သတ်ပြီး သူတို့မယ်လဲ ငါ့လို ခံစားချက်ရှိတယ်"

သို့ဆိုလျက် အဖိုးအိုသည် ကြမ်းခင်းပေါ် လှဲအိပ်လိုက်ချေသေ၏။

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ အဓိပ္ပါယ်ပါသောအပြုံးများဖြင့် ကိုယ်စီအပြန်အလှန် ပြုံးလိုက်ကြချေပြီး စိုင်သားမီးကင်ကို ညစာအလို့ငှာ အားပါးတရ စားလိုက်ကြလေ၏။

ကျွန်တော်တို့စားသောက်ပြီးလျှင် အဖိုးအိုနံဘေးတွင် အိပ်လိုက်ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



မည်မျှကြာကြာ အိပ်ပျော်သွားလေသည်မသိ၊ မသိစိတ်တစ်ခု၏ လှုံ့ဆော်မှုကြောင့် အိပ်ယာနိုးလာရ၏။

အလိုလေးဗျာ အဖိုးအို မီးပုံဘေးတွင် ငြိမ်သက်စွာထိုင်နေပါကောလား။

ဘာလုပ်နေတာပါလိမ့်။

ညဥ့်နက်ပိုင်းဖြစ်ခြင်းကြောင့် ချမ်းလွန်းသည်ကြောင့် ငြိမ်သက်စွာထိုင်နေပါကလား။

ကျွန်တော်သည် အဖိုးအို ဘာလုပ်နေသည်ကိုသိလိုသဖြင့် လဲလျောင်းနေရာမှ ထမည်အပြုတွင်-

"အဖိုးအို မီးကသိုင်းရှုနေတာဗျ"

"ဟင်"

လင်းမြင့်လှိုင်ကို လှမ်းကြည့်လိုက်၏။ ကျွန်တော့်ကို ငြိမ်သက်စွာ ပြန်လည် လဲလျောင်းအိပ်နေရန် ခေါင်းဆတ်ပြလာချေ၏။

သို့ကြောင့် ကျွန်တော်လည်း ကြမ်းခင်းပေါ် အသာအယာ ပြန်လှဲအိပ်လိုက်ချေလေသည်။

"အဖိုးအိုက စိတ်တည်ငြိမ်မှုကို ရှာနေတာဗျ"

"အော်"

"ကျွန်တော်ထင်တယ် အဖိုးအိုကျားကောင်ကို သတ်ဖြတ်နိုင်လိမ့်မယ်လို့"

လင်းမြင့်လှိုင်က ပြောလိုက်၏။

"ကဲ ကဲ အိပ်ချေဗျာ၊ အဖိုးအို မီးကသိုင်းရှုပြီးတာနဲ့ သည်ညကနေ ထွက်ကြဖို့ ကျွန်တော်တို့ကို လာနှိုးနိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ ကျွန်တော်သည် မျက်လုံးအစုံကို မှိတ်ထားလိုက်သေး၏။

သို့ကြာမှ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလေ၏။ ည်မျှကြာကြာ အိပ်ပျော်သွားလေသည်မသိ။

တောကျီးကန်းတအုပ်၏ ဆူဆူညံညံအသံကြောင့် အိပ်ယာနိုးလာရလေ၏။

“နိုးလာကြပလား”

အဖိုးအို ကျွန်တော်တို့နားတွင် ရှိနေသည်ပဲ၊

“ခခွေးနဲ့ဂငယ် ရောက်နေကြပြီ၊ မင်းတို့လာကြချေ။ မနေ့က စိုင်သားခြောက်တင်တွေ စားလိုက်ကြချေ။ ပြီးလျှင် သွားကြမယ်”

သည်တွင် လင်းမြင့်လှိုင်နှင့်ကျွန်တော်သည် ကပျာကသီသဲလျောင်းနေရာမှ ထလိုက်ကြ၏။

အရံသင့် စါးကျဉ်ထောက်တွင်းရှိ ရေဖြင့် မျက်နှာသစ်လိုက်ကြ၏။ ပြီး နောက် မီးပုံနားသွားလိုက်ကြသည်။

မီးပုံနားတွင် ဖိုးခခွေး၊ ဖိုးဂငယ်တို့ ရှိနေကြ၏။

“ကကြီးရေ ငါတော့ မင်းပစ်တဲ့ကျားကောင်အသားကို တဝကြီးစားပစ်လိုက်မယ်ကွာ၊ ငါ ပိုစားရလိမ့်မယ်”

ခခွေးဆိုသည့် အဖိုးအိုက ကျွန်တော်တို့နှစ်ယောက်ကို နှုတ်စောင်းခဲ၍ကြည့် ပြောလေ၏။

မည်သည့်သဘောနှင့် ပြောသည်ကို ကျွန်တော် ရိပ်မိလိုက်၏၊ သို့ကြောင့်-

“ကျားကောင်အသားက အမျှင်ကြီးတယ်၊ ပြီးတော့

www.burmeseclassic.com



အရသာ သိပ်မရှိဘူး၊ နို့ကြောင့် ကျွန်တော်တို့တော့ စားဖြစ်လိမ့်မယ် မဟုတ်ပါဘူး၊ ဖိုးခွေးသာ တဝစားပါလေ"

"မင်း သဘောပေါက်သားပဲ"

ခွေးအဖိုးအိုက သို့ပြောပေမင့် ကကြီးအဖိုးအိုကမူ ကျွန်တော့်ကို စေ့စေ့ကြည့်၍-

"ကျားကောင်အသားက ဆေးဖက်ဝင်တယ်ကွ၊ လေဖြတ်သူတွေအတွက် ကောင်းတယ်၊ အကျိုးရှိတယ်"လို့ ပြောလေ၏။

"ကကြီး မင်း ကျားကောင်ကိုတကယ်သတ်ဖြတ်နိုင်ပါ့မလား၊ ငါတော့ မထင်ဘူးကွာ၊ မင်းနောက်ထပ် လေ့ကျင့်ဖို့ လိုလိမ့်ဦးမယ် ထင်တယ်၊ ငါ ဘုကလန့်လုပ်တာ မဟုတ်ဘူးကွ၊ ရက်နည်းနည်း ထပ်ယူပြီး လေ့ကျင့်ပါဦးလားကွာ"

သို့ ဂငယ်ဆိုသည့်အဖိုးအိုက ကကြီးအဖိုးအိုကို မဲ့ရွဲ့ကာ ပြောလာပြီး ကျွန်တော်တို့ကို စွေစောင်းကြည့်လာပြန်၏။

သို့ကြောင့်

"အနိုင်လိုချင်လို့ တိုက်ခိုက်ကြတယ်၊ သတ်ဖြတ်ကြတယ် ဆိုတဲ့နေရာမှာ အဓိကဘာလဲဆိုတာ ကောက်ကျစ်စဉ်းလဲရမယ်၊ တရားတယ် မတရားဘူးဆိုတဲ့အသိကို ခေါင်းထဲမယ် လုံးဝမထားရဘူး"

သို့ ကျွန်တော်က အဖိုးအိုသုံးယောက်ကိုကြည့်၍ ပြောလိုက်၏။

ကျွန်တော့်စကားကို လုံးဝမနှစ်သက်၊ လက်မခံသူသည် လင်းမြင့်လှိုင်ဖြစ်ချေလေ၏။ ကျွန်တော့်ကို ထူးဆန်းအံ့ဩစွာ ကြည့်နေလေသည်

www.burmeseclassic.com

www.burmeseclassic.com



ကိုး။ တကယ်တော့ ကျွန်တော် သက်သက်ပြောလိုက်ခြင်းဖြစ်၏။ အတွင်းစိတ်သဘောအမှန်နှင့် ဆန့်ကျင်ဘက်ဖြစ်ချေ၏။ အဖိုးအို သုံးယောက်ကတော့မူ ပြုံးစိစိမျက်နှာပေးဖြင့် ကြည့်လာကြလေ၏။

"ကျွန်တော်ပြောတာ လက်ခံလား"

"မင်းလဲ တကယ်တော့ လူထဲက လူတစ်ယောက်ပါပဲလား"

သို့ အဖိုးအိုသုံးယောက် တပြိုင်တည်း ပြောလာလေသည်။ သည်သို့ဖြင့် ကျွန်တော်တို့သည် နံနက်ခင်းစာ စားသောက်ကြပြီးနောက် အဖိုးအို ကကြီးတဲမှ ထွက်ခဲ့ကြလေ၏။

လမ်းတလျှောက် ကကြီးအဖိုးအိုနှင့်ခခွေးအဖိုးအိုက မည်သည့်စကားမျှ ပြောဆိုခြင်းမရှိလေဘဲ ရှေ့မှတောတိုးလျှောက်သွားကြလေ၏။ ဂငယ်အဖိုးအိုကမူ ဟိုလမ်းမသွားနဲ့၊ သည်လမ်းမသွားနဲ့၊ သည်လိုမလုပ်နဲ့၊ ဟိုလိုမလုပ်နဲ့ဆိုလျက် အရာရာ လိုက်ပါတန့်ကွက် ဆရာလုပ်နေလေ၏။

"စကားမပြောစမ်းပါနဲ့ နားငြီးတယ်ကွာ"

သို့ကြောင့် အဖိုးအိုကကြီးက ပြောလာချေလေ၏။

"ဟ လူသားပါကွ စကားမပြောလို့ဖြစ်မလား၊ ခု ငါတို့ သွားနေကြတာမှာ ငါးယောက်တူတူ စိတ်တူသဘောတူ တစ်ခရီးတည်းလေကွာ၊ ဘယ့်နှယ့် သူစိမ်းပြင်ပြင် သွားကြရမှာလား"

"မင်းက လိုတာထက် ပိုပြောနေတာကိုးကွ"

ခခွေးအဖိုးအိုက ဂငယ်အဖိုးအိုကို လှမ်းပြောလာချေပြန်၏။ အဲ ကြိတ်ပြလာ၏။ သည်တော့ ဂငယ်အဖိုးအိုက-

"ကောင်းပြီလေ နို့ဖြင့်လည်းပြီးတာပဲ တကာတည်း ငါ

www.burmeseclassic.com



ကလေးဘ၀စကား ပြောတတ်စကတော့ မင်းတို့နှစ်ယောက်ပဲ၊ ငါ့ကို စကားတွေအများကြီး ပြောခိုင်းပြီးတော့ ခုတော့ တစ်မျိုးပါပဲကလား"

ဂငယ်အဖိုးအို စကားကြောင့် လင်းမြင့်လှိုင်နှင့်ကျွန်တော် ပြုံးမိကြလေ၏။

"နို့ဖြင့်လည်း ခြေငါးလှမ်းကို တစ်ခွန်းတော့ပြောမယ်ကွာ"

သို့ ထပ်ပြောပြန်တော့ ကျွန်တော် ကြိတ်ပြုံးမိပြန်၏။

"ကဲ ကဲ ရှေ့ကမြောင်ထဲ ဆင်းကြမယ်၊ အောက်ဘက် နည်းနည်းလျှောက်ပြီးလျှင် တဖက်ကမ်းပေါ် တက်တော့ ဟုတ်ပလား"

ရှေ့မှလမ်းပြသွားနေသော ကကြီးအဖိုးအိုက ပြောလာလေ၏။

"မြောင်တစ်ဖက်ကမ်းပေါ် တက်မယ့်တူတူ သည်ကနေတက်လို့ကော မရဘူးလား"

ဂငယ်အဖိုးအိုက သို့ လှမ်းပြောလိုက်၏။

"မရလို့ ပြောနေတာပေါ့"

"ဘာလို့မရမှာတုန်း၊ မြောင်ကမ်းကနိမ့်ပါတယ်"

"ဘယ်မှာနိမ့်လို့လဲ၊ မတ်စောက်ကြီးလဲ ဖြစ်နေတယ်၊ အောက်ဘက် နားမယ်မှ သည့်ထက်မြောင်ကမ်းနိမ့်သွားလိမ့်မယ်"

"ဟ ကကြီးရယ် မင်းက အကြီးဆိုပြီး ငါတို့ကို ဆရာချည်း လုပ်နေတာပဲ၊ တကယ်တော့ မင်းဟာ ငါနဲ့တနေ့တည်း လူ့လောက ကြီးထဲ ရောက်ခဲ့ကြတာပါ၊ ငါ့ရှေ့ကနေ မိနစ်ပိုင်းလေးစောပြီး ထွက် သွားရတာပဲ ရှိတာကို"

"ဟိတ်ကောင် ဂငယ် ဘာပြောပြော မင်းကို အဖေတို့၊ အမေတို့

www.burmeseclassic.com

www.burmeseclassic.com



မမှာခဲ့ဘူးလို့လား"

"မေ့နေတယ်"

"နို့ဖြင့် ပြောပြမယ်"

"လုပ်စမ်းပါ"

"ကိုယ့်ထက် တစ်လ၊ တစ်ရက်၊ တစ်မိနစ်၊ တစ်စက္ကန့် ကြီးသူတွေကို ရိုသေလေးစားရမယ် စကားနားထောင်ရမယ်ဆိုတာ လေ"

"ဟားဟားဟားဟား ဟီဟီ ဟားဟားဟားဟား"

ကကြီးစကားဆုံးသည်နှင့် အဖိုးအိုဂငယ်သည် သို့ ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေပြီး-

"ရိုသေလေးစားရမယ်ဆိုတာ ထောက်ခံပါတယ်၊ သူတို့ရဲ့ ပြောစကားကို နားထောင်ရမယ်ဆိုတာ မဖြစ်နိုင်ဘူးကွ"

"ဘာလို့ မဖြစ်နိုင်မှာတုန်း"

"ဟဲ ငတုံးရ၊ ငါ မတုံးသေးဘူး၊ ငါ့ထက်ငယ်တယ်ဆိုပြီး မဟုတ်တဲ့ စကားတွေ လုပ်ပြီးပြောတာကို ငါက လက်ခံနားထောင်ရမှာလား၊ ကျင့်ကြံရမှာလား၊ သွားစမ်းပါ ဝေးသေးတယ်၊ ငါလူကြီးပဲ ငါပြောချင် တာပြောမယ်။ ငါလုပ်ခိုင်းချင်တာခိုင်းမယ်၊ ဆိုလိုတာတော့ ငါ တကယ်မခံဘူးဟေ့၊ ငါ့ထက်ကြီးလို့ ငြိမ်ပြီး နားထောင်ချင်ထောင် မယ်၊ ဘယ်တော့မှ မနာခံဘူးကွ၊ လိုက်မလုပ်နိုင်ဘူးကွ"

"မင်းတော့ကွာ၊ ဟွန်း အတော် လက်ပေါက်ကပ်တဲ့ကောင်၊ သူ့ကာလန်၊ လူ့ဂွစာ၊ ငါပြောနေတာ ဘာများလက်မခံစရာရှိလို့တုန်း"

www.burmeseclassic.com

www.burmeseclassic.com



"ရှိတာပေါ့"

"ပြောကြည့်"

"သည်နံရံမယ် သစ်ပင်လေးတွေ ပေါက်နေတာလေ၊ အဲဒါတွေကို တွယ်ကပ်ဆွဲတက်လို့ ရတာဖဲ"

"ခက်ခက်ခဲခဲ တက်ရလိမ့်မယ်၊ ရှေ့နားကျ အဆင်ချောတယ်ကွ"

"မင်းရှေ့နားဆိုတာ ဘယ်လောက်ဝေးလဲ၊ နီးလဲ မသိသေးဘူး၊ အေး အဲဒီရှေ့နားမရောက်ခင် အ ရာယ်နဲ့ဆုံလျှင် ဘယ်လိုလုပ်မလဲ၊ ဒါမြောင်ကြပ်လေးလေကွ၊ ငါးဟင်း အချိန်ရှိခိုက် နံရံကမ်းပေါ် တက်ထားနိုင်လျှင် ပိုမကောင်းပေဘူးလား"

"ဟင်း ဟင်း ဟင်း" .

သို့အဖိုးအိုဂငယ် ပြောလေသည်ကိုတော့ဖြင့် ကျွန်တော် လက်ခံမိချေ၏။ သို့ကြောင့် သဘောကျရယ်မိ ချေ၏။

"အရေးထဲ မင်းကလဲ ငါတို့ညီအစ်ကို အခြေအတင် စကားပြောနေကြတယ်ဆိုတာ ရန်ဖြစ်နေသလိုပဲကွ၊ အဲဒါကို မင်းက သဘောကျ ပြုံးရယ်တာလား"

အလိုလေးဗျာ ကြည့်စမ်း ဘယ်လိုအဖိုးအိုပါလိမ့်၊ ကလန့်ပြောဖို့ပဲသိသည်၊ အပြစ်ဖို့ရန်ပဲသိသည်။

"ခင်ဗျားပြောတဲ့စကားကို သဘောကျလို့ ထောက်ခံတဲ့အနေနဲ့ သဘောကျပြောလိုက်တာပဲဗျာ"

"မင်းငါ့ကို ဖားတာတော့ မဟုတ်ပါဘူးနော်"

သို့ အဖိုးအိုဂငယ်က ကျွန်တော့်ဘက်လှည့် ပြောလာသည်တွင် အဖိုးအို ကကြီးနှင့်ခခွေးသည် သူ့အား အလေးရှုမစိုက်လေဘဲ

www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဆက်သွားကြလေ၏။

သူတို့အဖိုးဂငယ်နှင့် အခြေအတင် စကားမပြောလို၍ အခွင့်အခါသင့်တုန်း ရှေ့ထွက်သွားကြခြင်းဖြစ်လေ၏။

ကျွန်တော်သွားစမိသည့်အတွက် ကျွန်တော် နားငြီးခံရပေလိမ့်မည်၊ ကျွန်တော့အမှားပင်ဖြစ်ချေလေ၏။

လင်းမြင့်လှိုင်က ကျွန်တော့ကိုကြည့်ပြီး ပြုံးစိစိလုပ်နေလေတော့၏။

သို့ဖြင့် ကျွန်တော်တို့သည် အဖိုးအို ကကြီးပြောသလို မြောင်တစ်ဖက် နံရံနိမ့်လာခြင်း၊ အတက်လမ်းကောင်းခြင်း နေရာရောက်သည်တွင် တဖက်ကမ်းကြောပေါ် တက်လိုက်ကြ၏။ ထိုမြောင်ကမ်းအစပ်တွင် ဝါးသုန်းပင်များ ပေါက်ရောက်နေကြလေ၏။ အတွင်းတွင်မတော့ သစ်ပင်ဝါးပင်ကြီးများ ပေါက်ရောက်လျှက် ရှိချေ၏။ ပျဉ်းမပင်၊ တောက်ကြံ့နှင့် တောင်ပိန္နဲပင်များ ပေါက်လျှက်ရှိချေ၏။

"သည်နေရာမယ် သစ်ပင်တောင်လာမရိုက်ကြဘူးလားသိဘူး"

ကျွန်တော်က သစ်ပင်များကြည့်၍ လင်းမြင့်လှိုင်ကို ပြောလိုက်၏။

"သစ်အသုံးပြုဖို့ သစ်လုံးကောင်းတွေပဲဗျ" သို့လည်း ဆက်ပြောလိုက်၏။

"သည်နားတဝိုက် လူတွေက သစ်ပင်ထောင်ရိုက်စရာမလိုဘဲ ခုတ်သုံးကြပါလိမ့်မယ်၊ မပူပါနဲ့ ငါတို့ စခန်းလာခဲ့ကြတုန်းက လမ်းမှာ သစ်ခုတ်သမားတွေ တွေ့သားကလား၊ မပူပါနဲ့ တောကောင်ထဲ

www.burmeseclassic.com

www.burmeseclassic.com



လာပြီး ပစ်ဖို့သားကောင် လျှောက်ရှာခဲ့ကြတာပဲမဟုတ်လား၊ အဲလို
သစ်သူခိုးတွေကလည်း သူတို့လိုချင်တဲ့ အပင်တွေ လိုက်ရှာခုတ်
တာပေါ့ကွ၊ သူတို့ ရောက်လာပါလိမ့်မယ်၊ သည်သစ်တွေက ခွဲ
သစ် အသုံးပြုမယ်ဆိုလျှင်ဖြင့် တာရှည်ခံတဲ့သစ်တွေလေ ဟဲ
ဟဲ"

ကျွန်တော် အဖိုးအိုဂငယ်ကို မည်သို့မျှ မပြောလိုလေ
သို့မဟုတ်ပါက တတွတ်တွတ်နှင့် ဘုကလန့်လုပ်ပြီးနေပေလိမ့်မည်
သို့ကြောင့် နှုတ်ဆိတ်နေလိုက်ပြန်တော့လည်း-

"သိပ်ကြာကြာ စကားမပြောကြလျှင်ဖြင့် စကားတွေ
တတ်တယ်ကွ၊ ပြီးတော့ အသံထွက်တွေလဲ မှားတတ်တယ်၊ စကား
လေးဘာလေးလဲ ပြောစမ်းပါဦး"

သို့နှယ် ပြစ်တင်ပြောလာပြန်ချေ၏။ တယ်လဲ တတ်နိုင်
သည့် အဖိုးအိုပါကလား၊ ပြောပြန်လျှင်လည်း ဘုကလန့်တိုက်ပေ
မည်။

သို့ရှိစဉ်-

"ရှူး"

ရှေ့မှနေသွားနေသော ကကြီးအဖိုးအိုက ခြေလှမ်းကို ေ
တန့်လိုက်ဖော နောက်လှည့်ငြိမ်သက်ဆိတ်ငြိမ်နေရန် အချက်ပြလာ
သဖြင့် ကျွန်တော်တို့ ခြေလှမ်းကို ရပ်လိုက်၏။ ဆိတ်ငြိမ်နေလိုက်
၏။ အဖိုးအိုကကြီး၏ လှုပ်ရှားမှုကို ကြည့်နေလိုက်၏။

အဖိုးအိုက သူလက်တွင်းမှ ဓါးမတိုကို ခါးကြားထိုးလိုက်
ချေပြီး သူနောက်ရောက်သွားသည့် ကျွန်တော့ထံမှ သေနတ်ကို

www.burmeseclassic.com

www.burmeseclassic.com



ဘတ်ကမ်းတောင်းလာချေ၏။

သူ သားကောင်တွေ့၍ ပစ်ခတ်ရန် သေနတ်တောင်းလာခြင်းဖြစ်မည်ဟု ထင်၍ ကျွန်တော့်သေနတ်ကို ကမ်းပေးလိုက်ရင်း-

"မောင်းမတင်ထားဘူး"လို့ သတိပေးပြောလိုက်၏။

"ချောက်"

အဖိုးအိုကကြီးက သူလက်တွင်းရောက်လာသည့် သေနတ်ကို မောင်းတင်လိုက်၏။ ပြီးနောက် ရှေ့ခပ်လှမ်းလှမ်းသို့ ထိုးချိန်လိုက်၏။

အဖိုးအို၏ သေနတ်ချိန်တွယ်ပုံ၊ မှုဆိုးဒူးထောက်ထိုင်ပုံကို ကြည့်ခြင်းအားဖြင့် သေနတ်ကို ကျွမ်းကျွမ်းကျင်ကျင်ကိုယ်တွယ် ပစ်ခတ်သူတစ်ဦးဖြစ်မှာ ကျွန်တော် သိလိုက်ချေ၏။

အဖိုးအို မည်သည့်သားကောင်တွေ့၍ ပစ်ရန်လုပ်နေပါသိမ့် ရှေ့သို့လှမ်းကာကြည့်လိုက်ငြား မည်သည့်သားကောင်ကို မတွေ့မိပါချေ။ သို့ဖြင့် ကျွန်တော်က အဓိပ္ပါယ်ပါပါ လင်းမြင့်လှိုင်ကို လှမ်းကြည့်လိုက်၏။

လင်းမြင့်လှိုင်က ခေါင်းညိတ်ပြ၏။ အဖိုးအိုပစ်မည့်သားကောင်ကို ကျွန်တော်မမြင်သဖြင့် လင်းမြင့်လှိုင်မြင်ထားဟန်တူချေ၏။

"ဘာကောင်တုန်း"

တိုးတိုးမေးလိုက်၏။

"ဘာကောင်ဖြစ်ဖြစ်ပေါ့ကွ၊ သူပစ်လိုက်လို့ မှန်သွားလျှင် သိရမပေါ့၊ ဘယ့်နှယ့် အလောတကြီး စပ်စပ်စုစုသိချင်စိတ် ဖြစ်နေရတာပါလိမ့်"

www.burmeseclassic.com

www.burmeseclassic.com



သို့ပြောလာသည့် အဖိုးအိုဂငယ်ကို ကျွန်တော် မကျေ
ကြည့်လိုက်မိလေ၏။ စကားပြော အတော်ကလန့်နိုင်တဲ့သူ
ကလား။

"ဒိန်း"

ကျွန်တော် အဖိုးအိုဂငယ်အပေါ် အာရုံရောက်နေစဉ်
ပင် အဖိုးအိုကကြီးသည် သေနတ်မောင်းထိန်းခလုတ်ကို ဆွဲည
လိုက်ပြီး ဖြစ်လေ၏။

"ပြေးသွားပြီး"

"လွဲသွားပုံရတယ်"

"ချက်ကောင်းသာ မထိတယ်၊ မှန်တော့သွားပါတယ်ကွ"

အဖိုးအိုကကြီးနှင့်ခခွေးပြောစကားများအရ မည်သ
သားကောင်မှန်းမသိပေမင့် လွဲချော်ခြင်းအနည်းငယ် ဖြစ်သွား
သိလိုက်၏။

"ဘာကောင်များတုန်း"

ကျွန်တော်က သိလိုစိတ်ဖြင့် အဖိုးအိုကကြီးနား သွား
မေးလိုက်၏။

"ကျားကောင်"

"ဗျာ"

"ဟင်"

"လွဲချော်သွားတာလား"

"မှန်တော့သွားတယ်"

"နို့ဖြင့် ဒဏ်ရာရသွားပြီပေါ့၊ ဒုက္ခပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာကို ဒုက္ခရမှာတုန်း"

"အဖိုးပစ်လိုက်တာ ကျားကောင်လေ၊ ဒဏ်ရာအနာတရနဲ့ ပြေးထွက်သွားတယ်ဆိုလျှင်ဖြင့် အန္တရာယ်ကြီးလာနိုင်တယ်"

"ဘာလဲ မင်းပြောတာ ကျားနာသွားလို့ ကျားနာခဲ ခဲလာနိုင်တယ်လို့ ဆိုလိုချင်တာလား"

"ဟုတ်တယ်"

"သွားစမ်းပါကွာ၊ လူတစ်ယောက်က သူ့ကိုတစုံတဦးက အတော်ကလေး နာကျင်အောင်လုပ်လိုက်လျှင်ဖြင့် ကြောက်လန့်ပြီးပြေးထွက်သွားတတ်တယ် မဟုတ်လား၊ သူ ပြင်းပြင်းထန်ထန် နာကျင်ခံစားရပြီး ပြေးထွက်သွားတယ်ဆိုတော့ အဲဒီလူက ဘယ်လိုလုပ် သူ့ကိုလုပ်လိုက်တဲ့သူကို ပြန်တုန့်ပြန်ဖို့စဉ်းစားပါဦးမလား၊ အေး ကျားကောင်ကလည်း အဲလိုပဲ၊ ဖြစ်နိုင်ချေပဲလေ"

သို့ပြောလာသူမှာ ဂငယ်အဖိုးအို ဖြစ်ချေလေ၏။

"ဟိတ်ကောင် သူပြောတာဟုတ်တယ်ကွ၊ မင်း သိသလောက်နဲ့ ဆရာလုပ်မနေစမ်းပါနဲ့ကွာ၊ ကဲ ကဲ မြန်မြန်လာကြချေ၊ သည်ကောင်ကြီး ဝေးဝေးမပြေးနိုင်ပါဘူး"

သို့ဆိုလျှက် ကကြီးအဖိုးအိုသည် ရှေ့မှခပ်သုတ်သုတ် လျှောက်သွားလေတော့သဖြင့် ကျွန်တော်တို့သည်လည်း နောက်မှ လိုက်သွားကြလေ၏။

"သည်မယ် သွေးတွေကွ၊ သည်ကောင် ဒဏ်ရာကြီးကြီး ရသွားဟန်ပဲ"

သို့လည်း ကကြီးအဖိုးအိုက ကျားကောင်ခြေရာကောက်

www.burmeseclassic.com

www.burmeseclassic.com



ရင်း ရှေ့ဆက် တောတိုးလိုက်သွားချေလေ၏။

သည်သို့ဖြင့် ကျွန်တော်တို့သည် ဝါးပင်တို့ အုံ့အုံ့ဆိုင်းဆို
ဝါးတောတစ်ခုသို့ ရောက်လာကြလေ၏။

ဝါးတောအတွင်း ပင်လုံးရှည်သစ်ပင်တို့ ကျိုကြားပေါက်
သည်ကို တွေ့ရ၏။ တောင်သရက်နှင့်သစ်ဆိမ့်ပင်များချေ၏။
ဝါးပင်အတော်များများ ပြိုလဲနေ၏။ ကွဲအက်နေ၏။ ထက်ပိုင်းကျ
နေ၏။ သည့်ပြင် ဆင်ကောင်တို့၏ခြေရာများလည်း တွေ့ရ၏
ဆင်ချေးတုံးများလည်း တွေ့ရ၏။ သည်တော့ သည်ဝါးတောသ
ဆင်စားကျက်ပေပဲပေါ့။

အဖိုးအိုက ဆင်ချေးပုံတွေ့တိုင်း အသေအချာနဲ့ကြည့်
လေ၏။ လက်ဖြင့် မွကြည့်နေလေ၏။

"အဖိုး ဆင်ချေးပိုးရှာနေတာလား"

ကျွန်တော်က မေးလိုက်၏။

"ဟုတ်ဘူးကွ၊ ဘယ်တုန်းကပါသွားလဲ သိချင်လို့"

"နို့ဖြင့်"

"ငါ့စိတ်ထင် ညကလာသွားတာဖြစ်မယ်"

သို့ပြောပြီး အဖိုးအိုသည် ရှေ့ဆက်သွားလေ၏။

"ဆာပြီဗျ"

အဖိုးအို ခဏွေးက ပြောလာချေ၏။

"မင်း သည်းခံစမ်းပါကွာ၊ မကြာခင် ကျားကောင်သား စ
ရစေပါမယ်"

"သေချာလှချည်လား"

www.burmeseclassic.com

www.burmeseclassic.com



အဖိုးအို ဂငယ်က လှမ်းပြောလိုက်၏။

"ဟိတ်ကောင် မင်းပါးစပ် ပိတ်ထားစမ်းပါကွာ"

အဖိုးအိုကကြီးက လှည့်ကြည့်ကြိမ်းမောင်းလာတော့လည်း ငယ်အဖိုးအို ငြိမ်သက်သွားလေ၏။

"ဟင်း ဟင်း"

ကျွန်တော့်ကို လှည့်ကြည့်အံကြိတ်ပြလာချေလေ၏။ သင်းမြင့်လှိုင်က ကျွန်တော့်ကို လက်ကုတ်သတိပေးလာချေ၏။

သည်သို့ဖြင့် ကျွန်တော်တို့ တောတိုးခဲ့ကြပြန်၏။ သင်းမြင့်လှိုင်သည် မြေပြင်အခြေသို့သာ စေ့စေ့ကြည့်လျှောက်နေ လေ၏။

ခြေရာရှာနေခြင်းဖြစ်ချိမ့်မည်။

"မင်း အဲလို အောက်ခြေပဲဂရုစိုက်သွားနေမယ်ဆိုလျှင် ကကယ်လို့ ကျားကောင် သစ်ပင်ပေါ်မှာရှိနေလျှင်ဖြင့် မင်းအတွက် အန္တရာယ်မများပေဘူးလား"

သို့ အဖိုးအို ဂငယ်က ပြောလာလေ၏။

"ဘယ်လိုဖြစ်နိုင်မှာလဲဗျာ၊ ဒဏ်ရာကြီးကြီးရသွားတဲ့ ကျား ကောင်က ဘယ်လိုလုပ် သစ်ပင်ပေါ် တက်နိုင်မှာတုန်း၊ သူရှိခြင်းရှိ ချုံထဲ၊ သစ်ပင်ချုံပုတ်တွေထဲပဲပေါ့ဗျာ"

"နို့ဖြင့် မင်းက အသေအချာပြောလို့ရတယ်ဆိုတဲ့သဘော ပေါ့"

"ဟုတ်တယ်"

လင်းမြင့်လှိုင်ကလည်း ပြတ်သည်။ ဆုံးဖြတ်ချက် ခိုင်ခိုင်

www.burmeseclassic.com

www.burmeseclassic.com



မာမာ ပေးတတ်သူဖြစ်၏။ သည်တော့ အဖိုးအိုဂယ်သည် နှုတ်ခမ်းကိုစူလိုက်ပြီး အဖိုးအိုကကြီးတို့နောက် သွက်သွက်လျှောက်သွားလိုက်လေတော့၏။

သို့ သူ ကျွန်တော်တို့အပါးမှ ထွက်သွားသည်တွင် လင်းမြင့်လှိုင်က ကျွန်တော့ကို လှည့်ကြည့်ပြုံးပြလာချေလေ၏။

ကျွန်တော်ကလည်း သဘောကျ ပြန်လည်ပြုံးပြလိုက်၏။ သို့သွားရင်းတွင် လင်းမြင့်လှိုင်သည် သူ့လက်တွင်းရှိသေနတ်ကို မောင်းတင်လိုက်လေ၏။

"ဘာလဲ ကျားကောင်ကို တွေ့ရတော့မှာလား"

ကျွန်တော်က မေးလိုက်၏။

"သည်ကျားကောင်ကို ငါပဲ လက်စဖြတ်လုပ်မှာကွ နော်"

ကျွန်တော်တို့ရှေ့မှသွားနေသော အဖိုးကကြီးက လှည့်၍ပြောလာချေ၏။ အလိုလေးဗျာ နားပါးလွန်းလိုက်တာ။

"ဟုတ်ပါတယ်၊ ဦးဖြင့် သေနတ်ပြန်ယူထားပါကလား"

လင်းမြင့်လှိုင်က သို့ပြောလိုက်၏။

"မလိုပါဘူးကွာ၊ စောစောတချက်ကတည်းက သည်ကောင် အတော်ထိမှန်သွားပုံပဲ"

သို့ သူကပြောလာသဖြင့်-

"ဟုတ်ပါ့မလား ကိုလင်း" သို့ ကျွန်တော်က လင်းမြင့်လှိုင်ကို နှစ်ကိုယ်ကြားပြောလိုက်၏။

"ပြောတတ်ပေဘူးဗျ"

သို့ဖြင့် ကျွန်တော်တို့သည် တောင်ကြောမြို့လေးတစ်ခုသို့

www.burmeseclassic.com

www.burmeseclassic.com



ာက်လာကြ၏။ ထိုနေရာတဝိုက် အတော်များများ သစ်ပင်တို့တွင် သ်အရွယ်အစားအမျိုးမျိုး ရစ်ပတ်တက်နေကြသည်ဆိုပြား ကျားမ င်နွယ်ပင်များချေ၏။

"ဝှစ်"

"ဒုတ်"

"ဘရော်"

တွေ့လား ဒါ ကျားမနိုင်နွယ်ပင်ပေပဲကွ၊ သစ်တစ်ပင်တွင် တွယ် တ်နေသည့် နွယ်တစ်ချောင်းကို အဖိုးအိုကကြီးက သူ့လက်တွင်း ဒါးဖြင့် ပိုင်းဖြတ်ပြောလာလေ၏။

ဖြတ်လိုက်သောနွယ်သည် လက်ဖျံလုံးလောက်ရှိချေ၏။ ဖြတ်လိုက် သာနေရာမှ အစေးတို့ထွက်လာ၏။ ကျားခြေရာပုံလေး တွေ့လိုက် ၏။

ကျွန်တော် အံ့ဩမိသည်မှာ အဖိုးအို၏ဝါးခုတ်ဓါးမကြီးပင် ်ချေ၏။ ထိုနွယ်ကို အားစိုက်ခုတ်လိုက်ခြင်းမဟုတ်၊ အသာလေး တ်လိုက်ခြင်းဖြစ်ချေ၏။

ဝါးတစ်လုံးခုတ်လျှင်တော့ဖြင့် အကြောမာသဖြင့် အရော် လေး အားစိုက်ခုတ်ရမေမည်လားတော့မသိ ဟု စိတ်ထဲမှ တွက် ်တ်မိ၏။

သိပ်မကြာလိုက်သော ရှေ့ခရီးလှမ်းလှမ်းတွင် တပင်တိုင် ်တစ်လုံးကို တွေ့သည်နှင့်

'ဝှစ်'

'ဖြောင်း'

www.burmeseclassic.com

www.burmeseclassic.com



'ဘရော'

အလိုလေးဗျာ ကျွန်တော်၏အတွင်းစိတ်ကို အဖိုးအိုကကြီး သိများနေလေလားမသိ၊ ထိုဝါးပင်နားရောက်သည်တွင် သူ့လက်တွင်းရှိ ဓါးဖြင့် အသာကလေး ခုတ်ပိုင်းလိုက်ခြင်းဖြစ်ပြီး ဝါးပင်သည် တိကနဲပြတ်ကျသွားချေ၏။

ဘုရား ဘုရား အင်မတန်ကြောက်စရာ ကောင်းသည့် ဓါးမကြီးပါကလား။

"သည်ဓါးကြီးက သက်မဲ့တွေကို ခုတ်မဲ့အစား သက်ရှိကို ခုတ်ပါလားဗျာ"

သို့ဆိုသလို အဖိုးဂငယ်က လှမ်းပြောလိုက်လေ၏။

"မတွေ့သေးလို့ပေါ့ကွ"

အဖိုးအို ကကြီးက ရှေ့မှသွားရင်း ပြောလာလေ၏။

"မင်း ကံကောင်းတယ်"

သို့နှင့် အဖိုးကကြီးက သူ့နံဘေးတွင်ကပ်လျှက်နေသည့် အဖိုးခွေးကို ရုတ်တရက်ပြောလိုက်ကာ ရှေ့ခပ်လှမ်းလှမ်းသို့ သူ့လက်တွင်းရှိ ဓါးဖြင့် လှမ်းပစ်လိုက်ချေလေ၏။

'ဝှစ်'

'ခွပ်'

"ဟာ"

"ဟင်"

လူသုံးကြားသဖြင့် သစ်ပင်ထက် မြွေသိုက်အတွင်းမှ လျှောဆင်းလာသော ငန်းမြွေတစ်ကောင်ဖြစ်ချေ၏။ လုံးပတ်လည်ကောက်ဝတ်

www.burmeseclassic.com



ခန့် ရှိချေ၏။ အဲရှည် ငါးပေထက်တော့ နည်းလိမ့်မည်မဟုတ်ချေ။ ထိုငန်းမြွေ ကံဆိုးလေ၏။

"ငန်းမြွေသား မီးကင်စားကြမယ်"

သို့ဆိုသလို အဖိုးအိုခခွေးက ပြောလာလေ၏။

"အခါချိန်မပေးနိုင်သေးဘူး"

အဖိုးအိုကကြီးက သူ့ပစ်လိုက်၍ သစ်ပင်တွင်စိုက်ဝင်နေသည့် ဓါးမကြီးကိုဆွဲနုတ်ယူ၍ သို့ပြောကာ ရှေ့ဆက်သွားလေတော့၏။

အဖိုးခခွေးကမူ မြွေခေါင်းပြတ်ကြီးကို ကောက်ယူလိုက်ချေ၏။

သွားရင်းလာရင်း မြွေကောင်ကို အရေစုတ်ခွာနေလေ၏။ အံ့ဖွယ်ပင်ကောင်းသေးတော့၏။ ကျွမ်းကျင်သည်ဟု ပြောရချိမ့်မည်။ သွားလာ ရင်း မြွေအရေခွံစုတ်ခွာနေသည်မှာ တော်ရုံလူ လုပ်တတ်ပေလိမ့်မည်မဟုတ်၊ ကျွန်တော် သည်တစ်ဦးသာလျှင် တွေ့ဖူး၏။

အလိုလေးဗျာ အရေခွံတို့ခွာပြီးသည်တွင် သွားလာရင်းပင် ဗိုက်ခွဲအူနုတ်သွားပြန်၏၊ မြွေတကောင်လုံး အလယ်ရိုးနှင့်အသားချည်းဖြစ်သွားလေ၏။ သွေးတို့သည် ဖြူလွလွအသားတို့တွင် စွန်းပေနေလေ၏။

"အလိုလေးဗျာ"

အဖိုးအိုခခွေးသည် ထိုသွေးသံရဲရဲနှင့်မြွေသားကို အစိမ်းလိုက် ကိုက်ဝါးလေတော့၏။

ဘုရား ဘုရား အင်မတန်ကြောက်ဖို့ကောင်းပါတော့လား။

www.burmeseclassic.com

www.burmeseclassic.com



အဖိုးအိုခွေးတစ်ယောက် အစားကျူးသည်မှာ အံ့ဖွယ်လည်းကောင်း ကြောက်ဖို့လည်း ကောင်းပါကလား။

"ဟဲ ဟဲ ဟဲ ခုလို အစိမ်းစားတော့ မင်းတို့ကိုကျွေးစရာ မလိုတော့ဘူးပေါ့"

သို့လည်း ကျွန်တော်တို့ကို မျက်စောင်းထိုးကြည့် ပြောလာလေ၏။

အတော်လေး အစားကျူးသောအဖိုးအိုပါကလား၊ မြွေတစ်ကောင်လုံး မည်သို့မျှ မကြာလိုက်ချေ၊ ကုန်သွားလေ၏။

ရှေ့ဆက်လျှောက်လိုစိတ်ရှိတော့မည့်ပုံမပေါ်။

သို့ပေမင့်

"လာကြကွ မြန်မြန်၊ ငါ ကျားကောင်နံ့ရပြီ"

"ဟင်"

"ဟုတ်ပါ့မလား"

ကျွန်တော် အသက်ပြင်းပြင်း ရှူရှိုက်မိ၏။

မည်သည့်အနံ့အသက်မျှမရပါကလား၊ ဘယ့်တွက် အဖိုးအိုကကြီးက သို့ပြောလာရပါလိမ့်။

"ဟုတ်ရဲ့လား ကိုလင်း"

လင်းမြင့်လှိုင်ကို မေးလိုက်၏။

လင်းမြင့်လှိုင်က လေကိုရှူလိုက်လေပြီး-

"အာ ဟုတ်သလိုလိုပဲဗျ၊ ကျွန်တော်တော့ အညှီနံ့ ခပ်သင်းသင်းလေး ရနေသလားလို့"

သို့ဖြစ်၍ ကျွန်တော်သည် လေကို ဂရုတစိုက် ရှူရှိုက်မိလေ

www.burmeseclassic.com

www.burmeseclassic.com



၏။

"အလိုလေးဗျာ ဟုတ်ပေသားကလား"

အဖိုးအိုက အနံ့ခံလည်းကောင်းပုံရချေ၏။ ကျွန်တော့အနေဖြင့် အတော်ကလေး ဂရုတစိုက်ရှူရှိုက်ကြည့်လေမှ အပုပ်နံ့သင်းသင်း လေးရလိုက်ခြင်းဖြစ်၏။ သို့တောင်မှ လင်းမြင့်လှိုင်ပြောသဖြင့် အလေးဂရုထား ရှူရှိုက်မိခြင်းကြောင့် သိရလေခြင်းဖြစ်သည်။

သို့ကြောင့် ကျွန်တော်သည် ရှေ့မှသွားရင်းပြောလာသော အဖိုးအိုကကြီး လှမ်းကြည့်လိုက်၏။

"ကိုလင်း ကျွန်တော်တို့ကို ရပ်နေဖို့အချက်လှမ်းပြနေပြီဗျ"

သို့ကြောင့် ကျွန်တော်တို့သည် နေရာမှာပင် ရပ်လိုက်ကြ၏။ အဖိုးအိုကို စေ့စေ့ကြည့်လိုက်ကြ၏။ အဖိုးအိုသည် ဓါးမတိုကို ကျစ်ကျစ်ပါအောင်ကိုင်၍ ရှေ့ခပ်လှမ်းလှမ်း ချုံပုပ်ပင်ကြီးတစ်ခုသို့ ခြေဖွနင်းတိုးကပ်သွားလေ၏။

"ကိုလင်း"

ကျွန်တော်သည် လင်းမြင့်လှိုင်က သို့သတိပေးလိုက်၏။ အကယ်၍ အဖိုးအိုသည် ရှေ့ချုံပုပ်ပင်ကြီးနောက်ကွယ်တွင် ရှိနေနိုင်သည့် ကျားကောင်ထံ ချောင်းမြောင်းသွားနေခြင်းဖြစ်ပါက အဖိုးအိုအတွက် ကာကွယ်မှုပေးနိုင်ရန် ဖြစ်၏။

"အဖိုးအိုကကြီး အတင့်ရဲလိုက်တာ"

သူထင်ထားလေသည့် ကျားနာကောင်ဖြစ်ဦးတော့ သူ့ကို ဒုက္ခပေးလာနိုင်၏။

ကျွန်တော်တို့သည် အဖိုးအို၏အရိပ်အကဲကို ကြည့်နေ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြ၏။ ရင်ခုန်စရာပင် ကောင်းသေးတော့၏။

ချုံပုပ်ပင်နောက်ကွယ်မှ ကျားကောင် ရုတ်တရက်ခုန်လွှား ကျော်၍ အဖိုးအိုကိုဒုက္ခပေးလာလေမည်လား။

"ဟာ"

"ဟင်"

အဖိုးအိုသည် ထိုချုံပုပ်ပင်နောက်ကွယ်သို့ လှစ်ကနဲ ပြေး ဝင်သွားလေ၏။

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည်လည်း ရုတ်ခြည်းဆိုသလို နေရာမှပြေးသွားလိုက်ကြ၏။

ကျွန်တော်တို့မမြင်ကွယ်ရာတွင် အဖိုးအိုကကြီး ဒုက္ခ ရောက်နေလေမည်စိုးသဖြင့် သို့ပြုမူလိုက်ကြခြင်းဖြစ်လေ၏။

အလိုလေးဗျာ

ချုံပုပ်နောက်ကွယ်တွင် ပြောင်သေကြီးတစ်ကောင်ပါကလား၊ ကျား ကောင်ကို သတ်ဖြတ်လှဲထားခြင်းဖြစ်၏။ ဗိုက်ပေါက်ထွက်၊ အူတို့ တစစီ ပြန့်ကျဲနေလေ၏။

တကိုယ်လုံး အသားတို့ ဖွာလန်ကျဲနေလေ၏။

ပြောင်ကောင်ကြီးကို ကျားကောင်လှဲထားသည်မှာ လေးငါး ရက်ခန့်တော့ဖြင့် ရှိနိုင်လေသည်။

အပုတ်နံ့သင်းသင်းပင် ထွက်နေလေပြီဖြစ်၏။

တကယ်တော့ အဖိုးအိုကကြီးပြောသလို ထိုအပုတ်ရနံ့သည် ကျား ကောင်မှ မဟုတ်ပါချေ။ သည်ပြောင်သေကောင်ကြီးထံမှ လေနှင့် အတူ ပျံ့လွင့်ထွက်လာခြင်းဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ပေမင့်လို့ ကျွန်တော်တို့သည် အဖိုးအိုကို မည်သို့မျှ မပြောပါတော့ချေ။ အဖိုးအိုသည် ချိုကားကား ပြောင်ခေါင်းကြီးကို ခုတ်ဖြတ်လိုက်လေ၏။

ဓါးမကောင်းဖြစ်ခြင်းကြောင့် ခေါင်းကြီး ဖြတ်ထွက်လာလေ၏။ ခုတ်ချက်အချိန် မကြာလိုက်ပေ။

"သည်ပြောင်ခေါင်းကြီး ဘယ်သူယူမတုန်း"

သို့လည်း မေးလာလေ၏။

သူခုတ်ပြီး သူယူလိုခြင်း မဟုတ်ပါကလား။

ပြောင်ချိုကြီးသည် ကားနေပါကလား၊ လှလိုက်တာတော့ မပြောပါနှင့်။ ကျွန်တော်သည်ပင် သဘောကျပေမင့် ပြောင်ခေါင်းကြီး သယ်ရမည်ကိုတော့ဖြင့် ဝန်လေးမိချေ၏။

"မင်း ယူချင်တယ်မဟုတ်လား"

ကျွန်တော့ကို ကြည့်မေးလာလေ၏။

"နို့ပေမင့်လို့ သယ်ရမှာဒုက္ခရောက်တယ်လေ"

သို့ ကျွန်တော်က အမှန်အတိုင်းပြောလိုက်၏။

"နို့ဖြင့်လည်း သည်မယ်ထားခဲ့တော့မယ်"

သို့ဆိုပြန်တော့လည်း ကျွန်တော်နှမြောနေမိလေ၏။ လင်းမြင့်လှိုင်နှင့်ကျွန်တော် နှစ်ယောက်တည်းဆိုလျှင် ထိုပြောင်ခေါင်းကြီးကို မဖြစ်မနေ မီးကြပ်တိုက်ပြီးယူသွားပေလိမ့်မည်။

ကျွန်တော်သည် ပြောင်သေကြီးနှင့်ခပ်လှမ်းလှမ်းတွင် ဖြတ်ချထားခဲ့သော ပြောင်ခေါင်းကြီးကို နှမြောတသဖြစ်လျက် ခွာလမ်းပင်မဖြောင့် နောက်လှည့်လှမ်းကြည့်နေမိလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"နို့ဖြင့်လည်း ဘာလို့ ခေါင်းဖြတ်ရတာတုန်းဗျာ"

သို့တော့ ကျွန်တော် အဖိုးအိုကကြီးကို မေးလိုက်၏။

"ဟကောင်ရ သည်ပြောင်ကြီးကိုတွေ့တဲ့သူက ပြောင်ခေါင်းကို လိုချင်ကြမှာပဲလေကွ၊ နို့ပေမင့် သူတို့အနေနဲ့ သည်ခေါင်းကြီးကို လွယ်လင့်တကူ ဖြတ်ဖို့ဆိုတာ မဖြစ်နိုင်ဘူးကွ၊ နို့ကြောင့် ဓါးကောင်းကောင်းရှိတဲ့ ငါက မင်းတို့ လိုလည်းယူလို့ရအောင်၊ နို့မှမဟုတ် သည်နားရောက်လာမယ့် သစ်ခုတ်၊ဝါးခုတ်သမားတွေ လိုအပ်လျှင်လည်း လွယ်လင့်တကူ ယူလို့ရအောင်ဖြတ်ထားခဲ့တာကွ"

အလိုလေးဗျာ သို့ဆိုတော့ အဖိုးအိုကကြီး၏စိတ်ရင်းသည် ဘယ်ဆိုးလို့တုန်း

ကျွန်တော် လင်းမြင့်လှိုင်ကို အဓိပ္ပါယ်ပါပါ ကြည့်လိုက်၏။

လင်းမြင့်လှိုင်က ပြုံးပြလာချေလေ၏။

ခေါင်းဆတ်ညိတ်၍ ပြလာလေတော့၏။

သည်သို့ဖြင့် ကျွန်တော်တို့သည် မြေပြောင်ပြောင်နေရာ တစ်ခုသို့ ရောက်လာကြ၏။

"ငါတို့နားချေဦးမယ်"

ဟူး တော်ပါသေးရဲ့ ကျွန်တော်လည်း နားချင်နေပြီဖြစ်၏။ သို့ဖြစ်၍ နီးစပ်ရာသစ်ပင်တို့၏အခြေတွင် ထိုင်နားလိုက်ကြလေ၏။ သို့ရှိစဉ် အဖိုးအိုခွေးသည် အနားတဝိုက်ရှိသစ်ကိုင်းခြောက်တို့ကို လိုက်လံကောက်ယူ၍ မီးဆိုင်လိုက်ချေ၏။

"နေ့ခင်းကြီး ဘာလုပ်ဖို့ပါလိမ့်"

အလိုလေးဗျာ သူ့ထံတွင် အသားတုံးကြီးတစ်တုံး ပါလာသော်ပါကလား၊

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပြီ သိပြီ ပြောင်သေကြီးမှ ဖြတ်ယူလာခြင်းဖြစ်ချေ၏။

အဖိုးအိုကကြီးက ပြောင်ခေါင်းကို ခုတ်ဖြတ်နေစဉ် ကျွန်တော်တို့သည်လည်း အဖိုးအိုကကြီးကိုသာ စိတ်ဝင်တစား ကြည့်နေမိလေခြင်းကြောင့် အဖိုးအိုခွေးက ပြောင်ကောင်၏အသားကို လှီးဖြတ်ယူနေခြင်းကို မသိလိုက်ခြင်းပါကလား။

"အဖိုးအိုရဲ့ပြောင်သားက ပုတ်စော်နံနေပြီမဟုတ်လား" သို့ပြောလိုက်သည့် ကျွန်တော့်ကို လှမ်းကြည့်လာချေပြီး-

"နို့ဖြင့် မင်းမစားဘူးပေါ့"

"သည်လောက် ပုပ်စော်နံနေတာကို"

ကျွန်တော်က ပို၍ပြောလိုက်ခြင်းဖြစ်၏။ တကယ်တော့ အပုပ်နံ့သည် သိသိသာသာ ထွက်နေခြင်းလောက်သာ ရှိချေ၏။

မီးကင်လိုက်ပါလျှင် ပျောက်သွားနိုင်၏။

သို့ ကျွန်တော်ပြောလိုက်ခြင်းသည် အဖိုးအိုခွေးတစ်ယောက် အစားကျူးလေခြင်းကြောင့် အမြင်ကတ်ကတ်နှင့် ပြောလိုက်ခြင်းဖြစ်၏။ စောစောကလည်း မြွေတစ်ကောင်လုံး အစိမ်းလိုက်စားလေ၏။ ယခုလည်း ပြောင်သားစားဖို့ မီးကင်နေပြန်ပါကောလား။

"မင်း မုဆိုးစစ်စစ်မှ ဟုတ်ရဲ့လား"

သို့မေးလာသည့် အဖိုးအိုခွေးကို ကြည့်လိုက်၏။

"ဘာကိုဆိုလိုချင်တာတုန်း" သို့လည်း မေးလိုက်၏။

"ဟကောင်ရ မင်းနားမလည်ဘူးလား၊ တောကြက်ကောင်တော်တောင် အပုပ်ခံစားရတာလေ၊ နို့မှ အသားက ပျော့ပျော့ပျောင်းပျောင်း ဖြစ်နေမှာပေါ့၊ ခုလည်း ပြောင်သားကို ခုလိုအခိုက်မီးကင်စား

www.burmeseclassic.com

www.burmeseclassic.com



ဟာ အကောင်းဆုံးဖြစ်မှာပေါ့ကွ"

ကျွန်တော် သဘောပေါက်လိုက်လေပြီဖြစ်လေ၏။

အတန်ကြာတွင် ပြောင်သားမီးကင်မှ သင်းပျံ့သောရနံ့ လှိုင်ထွက်လာ၏။ အသားသည် မီးပြင်းပြင်းတွင် ကင်ထားခြင်းကြောင့် ရဲရဲနီလို့နေချေ၏။

ကြွတ်ရွလို့နေချေ၏။ စားချင်စရာလေးပင်။

လင်းမြင့်လှိုင်က သူ့အိပ်ကပ်ထဲမှ ဝီစကီပြားလေးကို ထုတ်လိုက်လေ၏။

BURMESE CLASSIC

တစ်ငုံမော့သောက်ပြီး ကျွန်တော့်ကိုလှမ်းပေးရင်း မျက်လုံးတစ်ဖက်မှိတ်ပြလာ၏။

ကျွန်တော် သဘောပေါက်လိုက်ပြီဖြစ်၏။

သူတို့ကို အရက်မပေးရန်ဖြစ်၏။

သို့ကြောင့် ကျွန်တော်သည် လင်းမြင့်လှိုင်ထံမှ အရက်ပြားလေးကို လှမ်းယူပြီး လင်းမြင့်လှိုင်နည်းတူ အဖိုးအိုသုံးယောက်လုံးကို မည်သည့်စကားမျှမပြောသည့်ပြင် လှည့်၍ပင်မကြည့်လေဘဲ တစ်ငုံမော့သောက်လိုက်၏။

"အားပါးပါး"

ရင်တွင်း ပူခနဲဖြင့် လည်ချောင်းမှလျှောဆင်းသွားလေ၏။ ဝမ်းဗိုက်အတွင်းလည်း ပူကနဲဖြစ်သွားချေ၏။

"ပြောင်သားရွရွကြွတ်ကြွတ်လေးနဲ့ အရက်ကောင်းမှကောင်းကွ"

သို့ဆိုသလို အဖိုးအိုခွေးက ပြောလာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် မသိသလို မကြည့်သလို နေလိုက်ကြလေ၏။

"မင်းတို့ အလွတ်ချည်းသောက်မှာလား"

အဖိုးအိုခွေးက မေးလာပြန်၏။

သို့စကားနှင့်အတူ အသားမီးကင်နံ့သည် ကပ်ပါလာ၏။ အဖိုးအိုခွေးတစ်ယောက် အသားကင်ခပ်ကြီးကြီးတစ်ဖဲ့ ဖြတ်ယူလာခြင်းဖြစ်၏။ သို့ကြောင့် အနားရောက်သည်တွင် မွှေးပျံ့သောရနံ့တို ပို၍ရလိုက်ခြင်းဖြစ်၏။

"ရော့ကွာ ငါတို့မှာရှိပါတယ်ကွ"

သို့ပြောလည်းပြော၊ အသားကင်ကိုလည်း ကမ်းပေးလာလေ၏။ သူ၏မျက်လုံးများကမူ ဝိစကီပုလင်းပြားလေးထံ ရောက်နေလေတော့၏။

သူ အရက်သောက်လိုသည်ပင်

"တွေ့လားကိုပိုက် စောစောက ကျွန်တော်တို့ သူ့မီးကင်သားစားလို စိတ်ဖြစ်ပြီး အငမ်းမရစားဖြစ်နေလျှင် ကျွန်တော်တို့ကို သူဘုကလန့်ပြောဦးမယ်၊ ဟော ခုတော့ သူကိုယ်နှိုက်လာပေးနေပြီလေ ယူလိုက်ယူလိုက်"

သို့ဆိုသလို လင်းမြင့်လှိုင်က နှစ်ကိုယ်ကြားပြောလေ၏။ ကျွန်တော်သည် အဖိုးအိုခွေး ကမ်းပေးလာသည့် ပြောင်သားမီးကင်တို ယူလိုက်လေပြီး-

"အဖိုး သောက်ပါဦးလား"

ကျွန်တော့်စကားပင် မဆုံးလိုက်၊ အဖိုးအိုခွေးသည် ကျွန်တော့်လက်

www.burmeseclassic.com

www.burmeseclassic.com



တွင်းမှ ပုလင်းပြားလေးကို ဆတ်ခနဲဆွဲယူကာ တငုံမော့လိုက်လေ၏။ ပြီး အသားကင်တစ်ဖဲ့ ကိုက်ဝါးလိုက်ချေ၏။

လင်းမြင့်လှိုင်ကို ကျွန်တော်ပြုံးပြလိုက်၏။ လင်းမြင့်လှိုင်က ပြန်လည်ပြုံးပြခေါင်းကို ဆတ်ခနဲညိတ်ပြလာ၏။

သည်တွင် အဖိုးအို ဂငယ့်ရောက်လာလေပြီး ခခွေးထံမှ အရက်ပုလင်းပြားလေးကို ဟဆင့်လှယူကာ "သောက်မယ်ကွာ" ဆိုလျှက် တငုံမော့သောက်လိုက်ပြန်၏။

သည်သို့ဖြင့် အဖိုးအိုကကြီးမှလွဲ ကျွန်တော်တို့လေးယောက် စိုင်သားမီးကင် မြည်းစားရင်း အရက်သောက်လိုက်ကြ၏။

"ဘယ်လိုလဲ ကျွန်တော်တို့အရက် ကောင်းတယ်မဟုတ်လား ကြိုက်လား"

သို့ ကျွန်တော်က မေးလိုက်၏။

"မဆိုးပါဘူး"

အဖိုးအို ခခွေးက သို့ပြောလာပေမင့် အဖိုးအိုဂငယ်ကမူ-

"ဘာပြောပြောကွာ ရွှေမြယာအရက်ကိုတော့ မမီဘူးထင်တယ်ကွ"လို့ မုံ့ရှုံ့ကာပြောလာသဖြင့်

"မဖြစ်နိုင်ဘူး ထင်ပါရဲ့ဗျာ၊ ဒါ အရက်အကောင်းစားလေ၊ အဖိုးပြောတဲ့ ရွှေမြယာအရက်က ကောင်းချင်ကောင်းမယ်၊ သည်ဝီစကီကိုတော့ဖြင့် မီလိမ့်မယ် မဟုတ်ပါဘူးဗျာ"

သို့ဆိုသလို ကျွန်တော်က ပြောလိုက်၏။

"ဟာကောင်ရ ငါကကောင်းတယ်ဆို ကောင်းတယ်ပေါ့၊ မင်းလူကြီးလား၊ ငါလူကြီးလား၊ သည်တော့ မင်းထက်ငါက ပိုသိမလား"

www.burmeseclassic.com

www.burmeseclassic.com



ဦးထက်မင်းက ပိုသိမလား ဟွန့်"

သို့ပြောပြီး ဝီစကီပုလင်းပြားလေးကို ကျွန်တော့လက်ထဲမှ ဆွဲယူကာ တငုံမော့သောက်လိုက်ပြန်၏။

"မကောင်းဘူးလဲပြောသေးရဲ့ အဖိုးချည်းပဲ"

သို့ ကျွန်တော်က နောက်ပြောင်စလို၍ ပြောလိုက်၏။

"လတ်တလော သောက်စရာမရှိလို့ သောက်တာပေါ့ကွာ"

"ဟင်း"

လင်းမြင့်လှိုင်က ကျွန်တော့ကို လက်လှမ်းကုတ်သဖြင့် အဖိုးအိုဂငယ်ကို မည်သို့မျှခွန်းတုံ့ပြန် မပြောပါတော့ချေ။

"နို့ဖြင့်လည်း ကျွန်တော်တို့ပြန်လျှင် မြည်းစမ်းချင်ပါရဲ့"

သို့ လင်းမြင့်လှိုင်က ပြောလိုက်ချေ၏။

"အဲဒါတော့ မဖြစ်နိုင်ဘူးကွ"

"ဘာလို့တုန်း အဖိုးရယ်"

"အရက်ကတော့ကောင်းပါရဲ့ အရက်ချက်တဲ့သူကို သဘောမကျလို့"

"ဘာလို့တုန်း နူနေလို့လား"

"ဘယ်က ဟုတ်ရမှာတုန်း"

"နို့ဖြင့် ပြောကြည့်လေ"

"အရက်ချက်တဲ့သူက ရွှေမြယာသုံ့ကြီးရဲ့ ယောက်ဖဖြစ်နေလို့"

"အလိုလေးဗျာ ဘယ်လိုကြောင့်ပါလိမ့်"

"ဘယ်နှယ့်ကွာ အရင်က ရွာမယ်အရက်ချက်ရောင်းသူ

www.burmeseclassic.com

www.burmeseclassic.com



တွေ့ သုံးလေးဦးရှိတယ်ကွ၊ လက်ရှိရွှေမြယာသူကြီး ရွာသူကြီးမဖြစ်ခင်ကပေါ့၊ ခုတော့ သည်ကောင်လည်း သူကြီးဖြစ်ကော ဘယ်သူမှအရက်မချက်ရတော့ဘူးတဲ့လေ၊ နို့ပေမင့်လို့ သူ့ယောက်ဖကိုတော့ ခွင့်ပြုတယ်၊ အဲဒါကို ငါက မကြိုက်တာကွ၊ တောက် သူကြီးဖြစ်ပြီး တော့ . . . တောက်"

သို့ပြောရင်း အဖိုးအို ဂယ်တစ်ယောက် ဒေါသထွက်လာပုံ ရချေ၏။ "တောက်"ပင် ခေါက်လာချေသေးတော့၏။

သို့ဆိုတော့လည်း အဖိုးအို၏အတွင်းစိတ်ရင်းမှန်သည် မျှတမှု၊ တာနာတတ်မှု၊ ကျောသားရင်သား မခွဲခြားမှုများ ကိန်းဝပ်နေသည်ကို သိလိုက်ရ၏။

"နို့ဖြင့် မေးရပါဦးမယ်"

ကျွန်တော်က အဖိုးအို စိတ်မချမ်းသာဖြစ်၊ ဒေါသထွက်နေသည်ကို ဖြေသိမ့်လို၍ စကားလမ်းကြောင်းလွှဲရန် သို့စလိုက်၏။

"ငါပြောတတ်တာဆို ပြောမယ်"

"ငါပြောသင့်တဲ့ကိစ္စဆို ပြောမယ်"

သူကြီးအပေါ် ဒေါသမပြေသေးဟုထင်၏။ သို့ပြောလာသည့် စကားသံသည် မာဆတ်ဆတ်နိုင်လွန်းလေ၏။ သို့ပေမင့်လို့ ကျွန်တော် နားလည်မိသည်ကြောင့်-

"အဲလိုပဲလုပ်ပါ အဖိုး"

"နို့ဖြင့် အရင်ပြောကြည့်စမ်းကွာ"

"အဖိုးတို့ကြီးက ဘာလို့အရက်မသောက်တာတုန်း၊ ကျွန်တော်သိရသလောက် အဖိုးတို့က အမွှာတွေမဟုတ်လား၊ အမွှာဆိုတာ တူညီမှု

www.burmeseclassic.com

www.burmeseclassic.com



တွေ အတော်လေး ရှိကြတတ်တယ် မဟုတ်လား"

သို့ ကျွန်တော်က မေးလိုက်သည်တွင် အဖိုးအို ခခွေးက ပြုံးစိစိလုပ်လာချေပြီး-

"ငါတို့ထက်တောင် ပိုသောက်သေးတယ်"လို့ ပြောလေ၏။

"ဗျာ နို့ဖြင့် ဘာလို့ . . ."

"ဒါကတော့ကွာ သူမယ့် ငါတို့နဲ့မတူတဲ့ အမြင်ရှိတယ်၊ အသိရှိတယ်၊ သူ့တွက်တော့ ကောင်းချင်ကောင်းလိမ့်မယ်၊ ငါတို့အတွက်တော့ ဒါရှုံးတာပဲ"

"အလိုလေးဗျာ ရှင်းအောင်ပြောလို့ရမလား"

သို့ ကျွန်တော်က မေးလိုက်ပြီး၊ မည်သို့ပြန်ပြောလာမည်ကို နားစွင့်နေလိုက်၏။ လင်းမြင့်လှိုင်သည်လည်း သိချင်နေပုံပင်။

"ငါတို့သုံးယောက်မယ် သူ့ကိုယ်သူ အသက်အရွယ် အကြီးဆုံးလို့ ထင်နေတယ်ကွ၊ အေး မင်းတို့နဲ့ဆို အဲလို သူမှတ်လို့ရတာပေါ့၊ နို့ပေမင့်ကွာ၊ ငါတို့နဲ့ကျတော့ တစ်နှစ်၊ တစ်လ၊ တစ်ရက်တည်း သူ့လောကကြီးထဲ ရောက်လာကြတာလေ၊ သူက ငါတို့နှစ်ယောက် အလျင် ထွက်ခဲ့လို့ သူကအကြီးလို့ သတ်မှတ်လိုက်တာကွ၊ ဘာကြာကြတာမှတ်လို့ ငါက သူ့နောက်ကပ်လိုက်လာတာပဲ၊ မိနစ်ပိုင်းလေးစောပြီး ထွက်နိုင်ခဲ့တာ အကိုကြီးတဲ့လေ၊ အဲဒီမိနစ်ပိုင်းလေး ကွာတာလေးကိုပဲ၊ သူက ငါတို့နဲ့အတော်ကလေး အသက်ကြီးသွားပြီ မှတ်နေတာ၊ နို့ကြောင့် သူ့ထက်ငယ်တဲ့သူတွေနဲ့ သောက်စားခြင်းကို မပြုဘူးလေ၊ အေး မင်းတို့ကို တလက်စတည်း ပြောထားရဦးမယ်၊ အေး

www.burmeseclassic.com



သောက်တဲ့ကိစ္စတွေမှာတောင် သူ့ကိုသတိထားဆက်ဆံနော်"

"ဟင် ဘယ်လို ဘယ်လို"

"သည်လိုကွ သူက ကြီးတယ်၊ သူ့ကို ဦးစားပေးရမယ်ဆိုတဲ့ သဘော"

"အော် သိပြီ၊ စားတာသောက်တာပဲဖြစ်ဖြစ်၊ ဘာလုပ်လုပ် သူ့ကို ဦးစားပေးရမယ်ဆိုတဲ့ သဘောလား"

သို့ ကျွန်တော်က ပြောလိုက်သည်တွင် အဖိုးအိုခွေးသည် လက်ဖျောက်တစ်ချက်တီးလိုက်ချေပြီး-

"ဖျောက်"

"မင်းသဘောပေါက်လွယ်သားပဲ၊ အေး ငါတို့နှစ်ယောက်ကတော့ ငယ်တာကြိုက်တာပဲကွ၊ ဟဲ ဟဲမင်းတို့နဲ့ တန်းတူဆက်ဆံနိုင်တယ်"

သို့ရှိစဉ်

"ဝေါ့ ဝေါ ဝေါ

ဘရော ဘရော ဗျော ဘရော

ရှပ် ရှပ် ဝေါ ဘရော"

ကျွန်တော်တို့ရှေ့ ခပ်လှမ်းလှမ်းရှိ ချုံပုပ်နွယ်ပင်တို့ နောက်ကွယ်မှ တောတိုးပြေးလွှားသံကြောင့် ဓါတ်မီးဖြင့် လှမ်းထိုးကြည့်လိုက်၏။

တိတ်ဆိတ်ငြိမ်သက်လို့နေ၏

"တောခြောက်တာများလား"

ကျွန်တော်က ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးကွ"

"ဟင်"

အဖိုးအိုကကြီး ကျွန်တော်တို့နောက် ဘယ်အချိန်က ရောက်နေလေသည်မသိချေ။

"နို့ဖြင့် အဖိုး မြင်လိုက်လို့လား"

သို့ဆိုတော့ အဖိုးအိုကကြီးသည် ခေါင်းကိုခါယမ်းပြလာလေ၏။

"တောခြောက်တာဖြစ်မှာပါ"

ဂငယ်အဖိုးအိုက ပြောလိုက်၏။

"မဟုတ်ဘူးလို့ ငါပြောနေတယ်ကွာ"

အဖိုးအိုကကြီးက ဂငယ်အဖိုးအိုကို မကျေမနပ်ကြည့်ကာ ပြောလိုက်ပြန်၏။ သည်တွင် အဖိုးအိုဂငယ်က ကကြီးအဖိုးအိုကို ကြည့်လိုက်ချေပြီး ချက်ချင်းဆိုသလို မျက်နှာလွှဲလိုက်ချေ၏။

မည်သည့်စကားမျှ မပြောချင် မကြားချင်တော့သည့် ပုံဖြစ်ချေ၏။

"မင်းကတော့လေ ဘာပြောပြော၊ ဘာလုပ်လုပ်၊ သူများတွေကို နည်းနည်းလေး ကလန့်လိုက်ရမှ ကျေနပ်တဲ့ကောင်ပဲ၊ သည်မယ် ငါအကြီးဆုံးပါကွ၊ ငါက မင်းတို့တွေထက် ပိုထက်မြက်တယ်၊ အသိဉာဏ်ရှိတယ်၊ တွေးတောကြံဆတတ်တယ်၊ ခုကိစ္စ ငါသိလို့ ငါပြောတာကွ၊ မင်းယုံရမှာပေါ့"

"အကျိုးအကြောင်း ပြောပြသင့်တာပေါ့"

ဂငယ်အဖိုးအိုက သို့လှည့်မကြည့်ပြောလာချေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အရာရာကို ရှင်းပြနေရမှာလားကွာ"

"ဒါပေါ့ဗျ၊ ရွှေမြယာသူကြီးဆိုလျှင် သူ့လောက်မဟုတ်တာတွေ လုပ်တာလဲမရှိဘူး၊ ပြီးတော့ အိုးမလုံအုံပွင့် သူ့လောက်ရှာသားတွေကို ရှင်းပြနေတာလဲ အမောပဲလေ၊ ယုံကြတာ မယုံကြတာတော့ သူနဲ့ မဆိုင်သလိုပဲ၊ သူ အဲလိုရှင်းလိုက်ပြီဆို ပြီးကောလို့ မှတ်တာလေ"

"အေး အဲဒါ ငါနဲ့ဘာဆိုင်လို့တုန်း"

ကကြီးအဖိုးအိုက ဂငယ်အဖိုးအိုကို ပြောလိုက်လေ၏။ ပြီး မျက်နှာထားတည်တည်ဖြင့် ကြည့်နေလေ၏။

"ကိုကြီး ကကြီးကလည်း သည်စကားကို မဆိုင်ဘဲနဲ့ ပြောမလားဗျ၊ ဆိုင်လို့ပြောလိုက်တာ"

"နို့ဖြင့် မင်း ပြောစမ်းပါဦး၊ ငါ နားထောင်မယ်၊ ငါလက်ခံသင့် လက်ခံမယ်"

"ဟင်း ဟင်း ဟင်း ကိုကြီးကကြီးရယ် ကိုကြီးကကြီးက လူကြီးပဲမဟုတ်လား၊ သည်တော့ ကိုကြီးပြောတဲ့စကားအတိုင်း ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ ကျွန်တော်တို့မရှင်းဘူးဆိုလျှင်ဖြင့် ရှင်းပြရမှာပေါ့၊ နို့မှ လူကြီးပီသတော့မပေါ့"

"ခွေးမသားကောင်"

"အဲလိဖြင့် ကိုကြီးကကြီးလဲ အဲလိုကောင်ဖြစ်သွားတာပေါ့"

"ခွီးမှပဲ"

ကကြီးအဖိုးအိုနှင့်ဂငယ်အဖိုးအိုတို့ ပြောဆိုနေကြသည်ကို ကြည့်ပြီး အတော်ကလေး သဘောကျမိ၏။

စေ့စေ့တွေးလျှင် ရယ်စရာတော့ အ◌ကောင်းသားကလား။

www.burmeseclassic.com

www.burmeseclassic.com



"အေး ပြောမယ် ငါမယ်လဲ မင်းတို့လက်ခံအောင် ပြောရမယ့်စကားတွေရှိပြီးသားပါကွ၊ မင်းတို့များ အရိပ်ပြအကောင်ထင်မလားလို့ ဟင်းဟင်း တယ်ညံ့ကြသာကလား၊ တခုတော့ မှာထားရဦးမယ်၊ ခု ငါတို့သည်ရောက်လာကြတယ်ဆိုတာ ကျားနာကောင်နောက် လိုက်ခဲ့ကြတာလေ၊ သည်တော့ အစစအရာရာ သတိလေးနဲ့လုပ်ပါမှကွ၊ မင်းတို့တွေက သောက်ဖို့စားဖို့ပဲ အာရုံရှိကြတာ၊ အဲဒီချုံပုပ်ပင် နောက်ကွယ်မယ် ကျားကောင်ရှိနေတာ မသိဘူးမဟုတ်လား"

"ဗျာ"

"ဟင်"

ကျွန်တော်နှင့်လင်းမြင့်လှိုင် အဖိုးအိုကကြီးကို အံ့သြတကြီး ကြည့်မိကြလေ၏။

"နို့ဖြင့် ကိုကြီးကကြီးက မြင်တော့မမြင်လိုက်ဘူးလို့လဲ ပြောရဲ့ ခုတော့ ကျားကောင်ပါလို့လဲ တတ်အပ်ပြောလာတယ် ယုံရမှာလား"

သို့ ဂငယ်အဖိုးအိုက ပြောလိုက်လေ၏။

"မင်းက ငါ့ညီပါကွ၊ ငါ့ညီဆိုတာတောင်မှ နောက်ဆုံးကညီပါ၊ အေး မင်းမှတ်ထားချေ၊ အသက်ဉာဏ်စောင့်တဲ့၊ မုဆိုးကသားကောင်မဖြစ်စေနဲ့ ဟုတ်သလား၊ အေး မင်းပြောသလို ငါကောင်လုံးမမြင်ပါဘူး၊ နို့ပေမင့်လို့ ကောင်းကောင်းကြီးသိတယ်"

"အောင်မလေး ကိုကြီးကကြီးရယ် အကြားအမြင်ပေါက်နေတယ်လို့လဲ တခါမှ ကျွန်တော်တို့ အရိပ်အမြွက်တောင် မကြားခဲ့

www.burmeseclassic.com

www.burmeseclassic.com



ဖူးပါဘူး၊ အဲ ခုမှ . . . ”

“မင်းလေ ကတ်သီးကပ်ဖဲ့ပြောဖို့ပဲသိတယ်၊ သည်မယ် သေချာနားထောင် ပြီးတော့ မှတ်လဲထား၊ မင်းတို့ ဆူဆူညံညံပြော ဆို သောက်စားနေကြတယ်၊ ငါ ကောင်းကောင်း အိပ်မပျော်ဘူး၊ နားစွင့်ထားတာ မဟုတ်ဘဲနဲ့ကို ကြားနေရတယ်၊ အသံတွေ၊ အဲဒီ အသံတွေကြားထဲကနေ ထူးခြားတဲ့အသံကြားရတော့ ငါ ပိုပြီး နား စွင့်လိုက်တယ်၊ အဲဒီအသံက မင်းတို့လေးယောက်ဆီကလာတဲ့ အသံ မဖြစ်နိုင်ဘူး၊ အဲဒီကြောင့် သေချာဂရုတစိုက် နားထောင်လိုက်တယ်”

“စည်းချက်ညီညီ အသံလေ”

“ဟင် ပြောပါဦး ဘယ်လိုအသံတုန်း”

“ဘုတ် ဘုတ် ဘုတ် ဆိုတဲ့အသံပဲ”

“ကျွန်တော်တို့ မကြားမိပါကလား”

“ဘယ်ကြားပါ့မလဲ၊ ကိုယ့်အသံတွေနဲ့ကိုယ် လုံးနေကြတာ ပဲ”

“ဟုတ်ပါပြီ၊ ဝန်ခံပါတယ်၊ ဆက်ပြောပါဦး”

ကျွန်တော်က စိတ်ဝင်စားလာသည်ဖြစ်၍ သို့ပြောလိုက်၏။ “မင်း ဝန်ခံရမှန်းတော့ သိသားကလား၊ အဲလိုစိတ်မျိုး မင်းမှာရှိလျှင် ဖြင့် မင်းရဲ့ပင်ကိုယ်အရည်အသွေးက ပိုတောက်ပြောင်လာလိမ့်မယ်”

“ဟင်း ဟင်း ဟင်း”သို့သာ ကျွန်တော် ရယ်သွမ်းသွေးရင်း အဖိုးအိုကကြီး ပြောလာမည့်စကားကို နားစွင့်နေလိုက်၏။

“အဲဒီ ဘုတ် ဘုတ် အသံက သားကောင်ရှောင်းနေတဲ့ ကျားကောင်ရဲ့အမြီးရိုက်သံလေ”

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"ဟင်"

"အာ" "အို"

"နို့ကြောင့် ငါတဲပေါ်ကနေ ကမန်းကတန်းထလိုက်တာပေါ့၊ အဲလို ရုတ်တရက်ထလိုက်တော့ တဲကြမ်းခင်းက မြည်သွားတယ်လေ၊ ကျား ကောင်က အဲဒီအသံကြောင့် ရုတ်ခြည်းပြေးသွားတာပဲ"

"မယုံဘူး"

သို့စကားကို ဂငယ်အဖိုးအိုက ပြောလိုက်ခြင်းဖြစ်၏။

"လူကြီးပဲဆိုပြီး ရှင်းပြချင်သလို ရှင်းပြတာကို လက်ခံရမှာ လားဗျ၊ သက်သေတော့ ပြရမပေါ့"

"ပြရမှာပေါ့"

"သက်သေပြတိုင်းလဲ လက်ခံမှာမဟုတ်ဘူးနော်၊ လုပ်ပြ ဖန်တီးထားတဲ့ သက်သေတွေဖြစ်လျှင် ဘယ်လိုလုပ်မလဲ"

"ဟိတ်ကောင် ဂငယ် ကျန်တဲ့သူတွေက ဘာမှပြောကြတာ မဟုတ်ဘူး၊ မင်းက သိသလိုတတ်သလို သဘောလဲမဟုတ်ဘူး၊ သက် သက် ကန့်လန့်၊ ဘုကလန့်တိုက်ချင်တာ မဟုတ်လား"

သို့ဆိုသလို ကကြီးအဖိုးအိုက ဂငယ်အဖိုးအိုကို ဒေါသဖြင့် ပြောလိုက်လေ၏။

"အနာပေါ် တုတ်ကျသွားတာများလား"

"ဘာကွ"

"ကိုကြီးကရယ် ကျန်တဲ့သူတွေက ဘယ်ပြောကြမှာတုန်း၊ သည်လူ လေးနှစ်ယောက်ဆိုလျှင်ဖြင့် ငယ်ကြတယ်လေ၊ ပြီးတော့ လူကြီးတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို ပြန်ပြောချင်တဲ့ ဆန္ဒမရှိကြလို့လား၊ နို့မှမဟုတ် ကြောက်တတ်လို့လား၊ နို့မှမဟုတ် သည်လူကြီးနဲ့ ဖက်ပြိုင်မပြောချင်လို့ မပြောကြတာလဲ ဖြစ်ကောင်းဖြစ်မပေါ့ဗျာ ဟဲ ဟဲ ဟဲ"

ဂယ်အဖိုးအိုက သို့ပြောလိုက်သဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင် ကြိတ်၍ပြုံးမိကြသေးလေ၏။

အဖိုးအိုဂယ်၏စကားတွေက ဘုကလန့်နိုင်ပေမင့် လက်ခံသင့်သည့်စကားတွေပါကလား။

အဖိုးအိုကကြီး ဘာပြန်ပြောလေမည်လဲ နားစွင့်နေလိုက်ပြန်၏။

"ရတယ်လေ ဟင်း ဟင်း ပြရမှာပေါ့"

"ဟုတ်ပြီ ပြလေ၊ သူတို့လည်း သိချင်မှာပေါ့"

"မနက်ဆို ပြရတာပေါ့"

"ဘာလဲ အချိန်ဆွဲတာလား၊ တခုခုစီစဉ်လို့ရအောင်လား နောက်မှဆင်တဲ့ သက်သေဆိုတာ လုပ်ကြံတွေများဘတ်တယ်၊ နို့မှမဟုတ် သက်သေပျောက်အောင် အတင်းဆွဲယူပြတာမျိုးလည်း ဖြစ်တတ်တယ်"

"ဘာကွ ဟိတ် သည်မယ် ငါလူကြီးကွ၊ မင်းတို့ထက် အသက်အကြီးဆုံး၊ မင်းတို့လက်ခံတာ၊ လက်မခံတာ ဂရုမစိုက်ဘူး"

အဖိုးအိုကကြီးတစ်ယောက် သို့ဂယ်အဖိုးအိုကို ပြောလိုက်သည်ဆိုပေမင့် လင်းမြင့်လှိုင်နှင့်ကျွန်တော့ကိုလည်း ပြောလိုက်ခြင်း ဖြစ်ချေ၏။

သို့ကြောင့်-

www.burmeseclassic.com

www.burmeseclassic.com



"အဖိုးရယ် ကျွန်တော်တို့ယုံပါတယ်"

"အေး အဲလိုမှပေါ့၊ လူကြီးပြောတာဟွေက အမှန်ချည်းသာ မှတ်ကြကွဲ့"

အလိုလေးဗျာ ကျွန်တော်ပြန်ပြောလိုက်ချင်သည်မှာ ပါးစပ်တို ယားနေတာပဲ၊ သို့ပေမင့်လို့ လင်းမြင့်လှိုင်က မျက်နှာရိပ်မျက်နှာ ကဲဖြင့် သတိပေးလေသဖြင့် အောင့်သက်သက်ဖြင့် နှုတ်ဆိတ်နေလိုက်လေ၏။

"မင်းတို့မယ် ရှိသေးလား"လို့ အဖိုးအိုကကြီးက လင်းမြင့်လှိုင်ကို ပြောလိုက်သဖြင့်-

"ဘာတုန်း"

သို့ လင်းမြင့်လှိုင်က မေးလိုက်၏။

"အရက်"

"အော် ရှိတယ် ရှိတယ်"

သို့ဆိုလျှက် လင်းမြင့်လှိုင်သည် ဝီစကီပုလင်းတပြား ပေးလိုက်ချေလေ၏။

အဖိုးအိုကကြီး တဲရှိရာသို့ ပြန်ထွက်သွားလေ၏။

"အဲဒါပဲ ကြည့်ကွ၊ သူသိသူတတ်သူတော် သူသာဟုတ်ကာယ် ထင်နေတာ၊ ပြီးတော့ မင်းတို့အရက်ကို ခပ်တည်တည်နဲ့ တောင်းသွားသေးတယ်၊ လူကြီးတစ်ယောက်ရဲ့ လုပ်ပိုင်ခွင့်ကို အသုံးချသွားတာပဲကွ၊ ငါတော့ ညီအစ်ကိုချင်းဖြစ်ပေမင့် သဘောမကျပါဘူးကွ၊ သည်ကောင် ကျားလိုကောင် . . . "

www.burmeseclassic.com

www.burmeseclassic.com



သို့ ဂငယ်အဖိုးအိုက ပြောလာချေလေ၏။

သို့မှသည် ကျွန်တော်တို့သည် ကကြီးအဖိုးအို၏ဦးဆောင်မှုဖြင့် ထိုနေရာလေးမှ ထွက်ခဲ့ကြပြန်သည်တွင် ကျားကောင်ချောင်းမြောင်းနေသည်ဆိုသော ချုပုပ်ပင်တို့နောက်ကွယ်သို့ ဝင်ကြည့်ကြသည်တွင်-

"တွေ့တယ်လား၊ သည့်မယ် ခြေရာလက်ရာတွေ"

"အလိုလေးဗျာ ဟုတ်ပါရဲ့၊ ကျားကောင်ဝပ်တွား ချောင်းမြောင်းနေခြင်းအမှန်ပါကလား၊ ဘယ့်တွက် ကျွန်တော်တို့ မသိလိုက်ကြတာပါလိမ့်၊ ကျွန်တော်ကတော့ ထားပါတော့၊ အင်မတန်နားပါးမျက်စိလျင်သော လင်းမြင့်လှိုင်က ဘာကြောင့်မသိရပါလိမ့်၊ သို့အတွေးကြောင့် လင်းမြင့်လှိုင်ကို စူးစိုက်ကြည့်လိုက်၏။

လင်းမြင့်လှိုင်က ကျွန်တော့ကို ပြုံးစိစိလုပ်ကာ ကြည့်နေလေပြီး-

"အဖိုးအိုကကြီးအကြောင်းသိချင်လို့ ကျွန်တော် နလပိန်းတုန်းလိုနေလိုက်တာ"

သို့ပြောလာသဖြင့်-

"ကိုလင်းရယ် ကျားနာကောင်တွေ့တာပဲ၊ လက်လွှတ်ခံရဘယ်လို့၊ အဲဒီကတည်းက ကိစ္စဖြတ်လိုက်ပါကလား"။

သို့ ကျွန်တော်က အပြစ်တင်စကား ပြောလိုက်၏။

လင်းမြင့်လှိုင်က ခေါင်းကို ခါယမ်းလိုက်လေပြီး-

"သည်ကောင် ဝေးဝေးမသွားနိုင်ပါဘူး၊ အဖိုးအိုလုပ်လိုက်စနဲ့ အဖိုးအိုသာ လုပ်ပါစေဗျာ"

သို့ပြောလာသည့် လင်းမြင့်လှိုင်ကို ကျွန်တော် အံ့ဩတကြီး

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေမိလေ၏။

လင်းမြင့်လှိုင်မှ ဟုတ်ပါလေစ၊ လင်းမြင့်လှိုင်၏အတွေးတွေ စိတ်တွေ ဘယ်လိုဖြစ်သွားရတာပါလိမ့်၊ ကျားကောင်ကို လျှော့တွက်တာလား၊ အဖိုးအိုကို အထင်ကြီးတာလား၊ မသိပါချေ၊ တကယ်တော့ ကျားနာကောင်သည် အင်မတန်အန္တရာယ်များသည်။ ကိုယ်က သတ်ဦးမှရယူမှ တော်ကာဖြစ်ချိမ့်မည်။

"ကဲပါ ကိုပိုက် ဘာမှစိုးရိမ်ပူပန်တွေးမနေပါနဲ့၊ သည်ကိစ္စ အသေးအဖွဲပါ၊ ကိုပိုက်စောင့်ကြည့်နေချေပါ၊ လာဗျာ မြန်မြန်၊ သူတို့ တွေ ရှေ့အတော်လှမ်းလှမ်း ရောက်သွားကြပြီ"

လင်းမြင့်လှိုင်ပြောသလိုပင် အဖိုးအိုသုံးယောက်သည် ကျွန်တော်တို့ရှေ့ ခပ်လှမ်းလှမ်းသို့ပင် ရောက်သွားလေပြီဖြစ်သဖြင့် ခပ်သွက်သွက် လျှောက်လိုက်လေ၏။

သည်သို့ဖြင့် ကျွန်တော်တို့သည် ဝါးတောတစ်ခုသို့ ရောက်လာကြပြန်၏။

ဝါးတောဒေသရိယာ အတော်ကျယ်ပုံရချေ၏။ ဝါးတော အတွင်း ဖင်ပြွန်းပင်နှင့်မျောက်ချောပင်တို့ ပေါက်လျှက်ရှိသည်ဆိုခြား ခပ်ကျဲကျဲ နည်းပါးလှချေ၏။

ဝါးအုံ၊ ဝါးရုံများချေ၏။ တပင်တိုင်ဝါးပင်ရယ်လို့ မတွေ့ သည်လိုနေရာမျိုးတွင် ကျားကောင်ခိုအောင်းတတ်လေ၏။ သို့ကြောင့်-

"ကိုလင်း အဖိုးအိုတို့ကို သတိပေးလိုက်ချေဗျာ"

လို့ ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့နှစ်ယောက် မြန်မြန်လာကြချေကွာ၊ တော်နေ ကျား ထမင်းထုတ်ဖြစ်သွားဦးမယ်"

သို့အဖိုးအိုကကြီးက လှမ်းပြောလာသဖြင့် ခပ်သွက်သွက် လျှောက်သွားလိုက်၏။

ကျွန်တော်တို့အဖိုးအိုနားရောက်လုတွင် ငြိမ်သက်စွာ ရပ် နေရန် အချက်ပြလာသဖြင့် လင်းမြင့်လှိုင်နှင့်ကျွန်တော်သည် ရုတ် ခြည်း လှမ်းနေသောခြေလှမ်းတို့ကို ရပ်တန့်လိုက်ရချေ၏။

အဖိုးအိုကိုလည်း စေ့စေ့ကြည့်နေလိုက်၏။ ကျွန်တော်တို့ နှင့်ဆိုပါလျှင် ဝေးလှသည်တော့မဟုတ် ပေလေးဆယ်ခန့်သာ ရှိကြ ပေမည်။

အဖိုးအိုသည် ရှေ့သို့ချောင်းမြောင်းကြည့်လိုက်၊ ကျွန်တော် တို့ဘက် ပြန်ကြည့်လိုက်လုပ်နေလေသဖြင့် လင်းမြင့်လှိုင်က အဖိုးအို နှင့်မျက်လုံးချင်းဆုံသွားသည်တွင် သေနတ်လိုသလားလို့ မျက်နှာရိပ် မျက်နှာကဲဖြင့် ပြောလိုက်၏။

အဖိုးအိုက ခေါင်းဆတ်ညိတ်ပြလာပြီး၊ လက်ဟန်ခြေဟန် ဖြင့် သေနတ်မောင်းတင်ပေးရန် ပြောလာချေ၏။

အကင်းပါးသော လင်းမြင့်လှိုင်က သေနတ်မောင်းကို ကြိတ်၍ တင်လိုက်လေပြီး အဖိုးအိုကို သေနတ်ကမ်းပေးရန် လုပ် သည်တွင် အဖိုးအိုက သူ့ထံခြေသံလုံလုံဖြင့်လာလေရန် အရိပ်အကဲ ပြလာသဖြင့် လင်းမြင့်လှိုင်က ကျွန်တော့်ကို နေရာမှာပင်နေခဲ့ရန် ပြောပြီး သူသည် အဖိုးအိုထံ ခြေသံလုံလုံလျှောက်လှမ်းသွားလိုက်၏။

ကျွန်တော်သည် ပွဲကြည့်ပရိတ်သတ်အနေဖြင့် ရင်တထိတ်

www.burmeseclassic.com



အိတ် ကြည့်နေမိ၏။

အဖိုးအိုကကြီးနှင့်လင်းမြင့်လှိုင်သည် သည်ဇာတ်ခွင် အဓိကသရုပ်ဆောင်များ ဖြစ်ကြချေ၏။

အဖိုးအိုခခွေးနှင့်အဖိုးအိုဂငယ်သည် အေးအေးလူလူပင် ခါးရုံပင်အကွယ် တနေရာတွင် ထိုင်နေကြချေ၏။

အဖိုးအိုကကြီးနှင့်လင်းမြင့်လှိုင်တို့၏ လှုပ်ရှားနေပုံကို လုံးဝ စိတ်ဝင်စားပုံမရပါချေ။

ကျွန်တော်သည် လင်းမြင့်လှိုင်နှင့်အဖိုးအို၏လှုပ်ရှားပုံကို မျှော်ကြည့်နေမိ၏။ အဖိုးအိုနှင့်လင်းမြင့်လှိုင် လက်တကမ်းအကွာတွင်-

"ချောက်"

"ဖြောင်း"

"ဟာ"

လင်းမြင့်လှိုင်တစ်ယောက် ချွတ်နင်းသွားသည်ဆိုပေမင့် သစ်ကိုင်းခြောက်ကြီးကို နင်းမိလေသဖြင့် သို့အသံထွက်လာလေ၏။

"သေနတ်မြန်မြန် ပစ်ပေးရချေ"

အဖိုးအိုက သို့အလောတကြီး ပြောလာလေတော့၏။ သည်တွင် လင်းမြင့်လှိုင်က သူ့သေနတ်ကို အဖိုးအိုကကြီးထံ မြှောက်ပစ်ပေးလိုက်ချေ၏။

"ဒိန်း"

အလိုလေးဗျာ ထင်တောင်ထင်မထားပါကလား၊ အသက်အရွယ်နှင့်မလိုက် လျင်မြန်ဖျတ်လတ်လွန်းသော အဖိုးအိုပါကလား။

www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင်ပစ်ပေးလိုက်သော သေနတ်ကို ဖမ်းယူလိုက်ပြီး သူ့ရှေ့သို့ ထိုးချိန်လျှပ်တပြတ်ပစ်လိုက်ချေလေ၏။ သားကောင်တစ်ကောင် တောတိုးပြေးလွှားသွားသည်ဆိုပေမင့် အတော်လှမ်းလှမ်းတွင် လဲပြိုသွားတော့၏။

"ထိသွားပြီကွ"

အဖိုးအိုက ဝမ်းသာအားရပြောကာ လင်းမြင့်လှိုင်၏ သေနတ်ကို မြေတွင် အသာချထားလိုက်ချေပြီး ဓါးမတိုကို ကျစ်ကျစ်ပါအောင်ကိုင်၍ ပြေးသွားချေလေ၏။

အဖိုးအိုတော့ ဒုက္ခတွေ့ပေလိမ့်ဦးမည်။ ကိုယ်ပစ်လိုက်သည့် သားကောင်၊ ကျွန်တော့အထင် ကျားကောင်သည် သေဆုံးခြင်း မရှိသေးပါက အဖိုးအိုအနားရောက်သွားလျှင် အန္တရာယ်ကြီးကြီး ပေးလာနိုင်၏။ သို့လင်းမြင့်လှိုင်သည်လည်း တွေးမိသည်ဖြစ်မည်၊ သူ့သေနတ်ကို ကောက်ယူ၍ အဖိုးအိုနောက်အလျင်အမီ ပြေးလိုက်သွားလေ၏။

ကျွန်တော်သည်လည်း ပြေးသွားလိုက်လေ၏။

ပြေးသွားရင်း အဖိုးအိုခွေးနှင့်ဂယ်ကို လှမ်းကြည့်လိုက်၏။ အလိုလေး သူတို့နှင့်မဆိုင်သလိုပါပဲကလား၊ ဝါးရုံလေးအောက်ခြေတွင် ပက်လက်လှန်၍ပင် နေလိုက်ကြသေးတော့၏။

ကျွန်တော်သည် အဖိုးအိုပြေးသွားရာသို့ ရောက်လုတွင်

"ဟာ"

ချုံပုတ်နွယ်ပင်အတွင်းမှ အဖိုးအိုပြန်ထွက်လာ၏၊ တကိုယ်လုံး သွေးတို့စွန်းပေနေပါကလား၊ ဘုရား ဘုရား ကျားကောင် ဒုက္ခ

www.burmeseclassic.com

www.burmeseclassic.com



ဒေးလိုက်လေပြီလား။

လင်းမြင့်လှိုင်က အဖိုးအိုအနား ရောက်သွား၏။

"အို"

အဖိုးအိုက လင်းမြင့်လှိုင်ကို အားရဝမ်းသာဆီးကြိုနေပုံ ကြည့်ခြင်းအားဖြင့် အဖိုးအိုတကိုယ်လုံး ပေကျံနေသည့် သွေးများသည် သားကောင်၏သွေးများသာဖြစ်ချိမ့်မည်တွက်မိသဖြင့် စိုးရိမ်မှုကင်းသွားရလေ၏။

"ငါ ကျားကောင်ကို အောင်နိုင်ပြီ"

လက်သီးလက်မောင်းတန်း၍ ပြောလာ၏။

"ချီးကျူးပါတယ် အဖိုး"

လင်းမြင့်လှိုင်သို့ ပြောလိုက်သည်ကို ကြားရ၏။

ကျွန်တော်သည်လည်း အဖိုးအိုထံ ဝမ်းသာပြုံးဖြင့် ချဉ်းကပ်သွားလိုက်၏။

"ငါ ရွှေမြယာသူကြီးကို ယှဉ်နိုင်ပြီပေါ့"

"ဟင်"

ကျွန်တော် အဖိုးအိုကို အံ့အားသင့်မိလေ၏။ ဘယ်လို့များ ရွှေမြယာသူကြီးကို အခဲမကြေဖြစ်နေရပါလိမ့်။

သူတို့ဘဝနှင့်ပတ်သက်မှု အတော်ရှိနေလေလို့လား။ အဖိုးအိုသည် ကျားကောင်ကို အောင်နိုင်စဉ်က အားရဝမ်းသာဖြစ်နေသော်လည်း သို့ပြောလာပြီးချိန်တွင် အဖိုးအိုတစ်ယောက်၏ မျက်နှာသည် ညှိုးနွမ်းသွားပုံရချေ၏။ အဖိုးအိုတို့နှင့်ပတ်သက်သည့် ရွှေမြယာသူကြီးသည် ဘယ်လိုလူစားပါလိမ့်၊ ကျားကောင်ပက်

www.burmeseclassic.com

www.burmeseclassic.com



ကြောက်စရာကောင်းသူလို့ အဖိုးအိုကပြောနေသည်များလား။

"အဖိုးအို စွမ်းဆောင်နိုင်မှာပါ"

လင်းမြင့်လှိုင်က သို့ပြောလိုက်သည်တွင် အဖိုးအိုသည် ပြုံးရွှင်သွားလေ၏။

"အေး ငါလဲ ကိုယ့်ကိုကိုယ် ထင်မိသားကွ၊ တကယ်ပဲ ငါ ရွှေမြယာသူကြီးကို ယှဉ်နိုင်ပြီပေါ့"

"ရွှေမြယာသူကြီးကဘယ်လိုလူစား၊ ဘယ်လောက် ကြောက်စရာကောင်းလဲဆိုတာ မသိပေမင့် အဖိုးက သူ့ကိုယှဉ်နိုင် ရုံမက အနိုင်ရလောက်ပါတယ်"

"ကျေးဇူးတင်တယ်ကွ"

သို့ဆိုလျှက် အဖိုးအိုက လင်းမြင့်လှိုင်ကို ပွေ့ဖက်လိုက်ချေလေ၏။

ကျွန်တော့်အနားရောက်သည်တွင်-

"ကဲ ကဲ သည်ကျားကောင်ကြီးကို သယ်သွားကြစို့၊ သည်ဝါးတော ကထွက်လျှင် ကွင်းတွေ့လိမ့်မယ်၊ ရေအိုင်လည်းရှိတယ်၊ အဲဒီမယ် နားနေကြတာပေါ့"

"ငါတော့ ဟိုနားက ဝါးရိပ်မှာ နားချင်တယ်"

သို့အသံနှင့်အတူ အဖိုးအိုငယ် အနားရောက်လာ၏။ အဖိုးအို ခွေးတော့ဖြင့်ပါမလာသဖြင့် ဝါးရုံဘက်သို့ ကျွန်တော် လှမ်းကြည့် လိုက်၏။ မတွေ့ပါကလား၊ သို့ကြောင့် ဟိုအဖိုးတစ်ယောက်ကော လို့ မေးလိုက်၏။

အဖိုးအိုခွေးက မေးငေါ့ပြ၏။ ကျားကောင်သေကြီးရှိ သည့်ဘက်သို့ မေးငေါ့ပြခြင်းဖြစ်ချေ၏။

www.burmeseclassic.com

www.burmeseclassic.com



"သည်ကောင်က ခြင်လိုကောင် အစားအသောက်နဲ့ ပတ်သတ်လျှင်ဖြင့် အငမ်းမရဖြစ်လွန်းတယ်၊ တနေ့ သည်အစာနဲ့ပဲ ဘုတ္တရောက်မှာ မြင်ယောင်သေးတယ်"

သို့ အဖိုးအိုကကြီးက ပြောသည်တွင်-

"အိုဗျာ သူ့ဝမ်းနဲ့သူစားတာပဲ"

သို့ဆိုသလို ဂငယ်အဖိုးအိုက ပြောလိုက်လေ၏။

ဂငယ်အဖိုးအိုသည် ဘယ်သို့ပင် သို့ကန့်လန့်စကားပြောပေမင့် ကျွန်တော်တို့ ကျားကောင်ကြီးကို စခန်းချရန်နေရာသို့ သယ်သွားသည်တွင် အားတက်သရော်တော့ဖြင့် ကူညီလေ၏။

အစားကြူးသော ခခွေးအဖိုးအိုသည်ကား ဟိုယောင်ယောင်၊ သည်ယောင်ယောင် လုပ်နေခြင်းရှိချေ၏။

မည်သို့ပင်ဆိုစေ လင်းမြင့်လှိုင်နှင့်ကျွန်တော်သည် သူတို့ဆက်စာလျှင် အသက်ငယ်ရွယ်၊ သန်စွမ်းသည်ကြောင့် လင်းမြင့်လှိုင်ကရှေ့၊ ကျွန်တော်ကနောက် ဆိုသလို တုတ်လျှိုထမ်းခဲ့ကြ၏။

"ငါတို့လဲ ထမ်းပါရစေကွာ"

သို့တော့ ကကြီးအဖိုးအိုနှင့် ဂငယ်အဖိုးအိုကပြော၏။ အလယ်မှလည်း ဝင်ထမ်းလေ၏။ ခခွေးအဖိုးအိုကမူ-

"ငါတစ်ယောက် ဝင်လျှင်ဖြင့် လူတွေလမ်းလျှောက်ရတော့မှာ မဟုတ်ဘူး" လို့ပြောလာလေ၏။ သည်တွင် ဂငယ်အဖိုးအိုက-

"ကျွန်တော်ထွက်ပေးမယ် လာချေ" ဆိုလျှက် ထမ်းပိုးနေရာမှ ထွက်သွားသည်တွင် "ငါဗိုက်ဆာနေပြီး ဗိုက်အောင့်နေလို့ပါကွာ၊ ခင်းဆက်ထမ်းလိုက်ပါ၊ ငါ ရှေ့ကသွားပြီး စခန်းနေရာရှာလိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဆိုလျှက် ထွက်သွားလေ၏။

"အလကားကောင် အစားပဲသိတယ်၊ အလုပ်ဆိုလျှင်ဖြင့် ဘယ်လို အရှောင်အတိမ်းလုပ်ရမလဲ၊ ပြောရမလဲဆိုတာ သိတယ်"

သည်သို့ဖြင့် ကျွန်တော်တို့သည် ဝါးတောလေးလွန်၍ အဖိုးအိုကကြီးပြောသော ကွင်းသို့ရောက်လာ၏။

ကွင်းဆိုပေမင့် မြေသားညီညီညာညာတော့ဖြင့် မရှိချေ။ ကမူများ၊ တောင်ကုန်းငယ်များ ရှိချေ၏။ ပျဉ်းမရွက်ကြီးပင်တို့ အပေါက်များသည်ကို သတိထားမိ၏။

အောက်ပေါင်းရှင်း၏။ မြက်ရိုင်းပင်၊ ထိကရုန်းပင်၊ ချုံပုပ် နွယ်ပင်တို့ လုံးဝမရှိချေ။ မြေပြန့်ကွင်းလို့ပင် ထင်ရ၏။

ကျွန်တော်သည် ထိုနေရာသို့ ဆက်လျှောက်ခဲ့ကြရာမှ ရေ အိုင်တစ်ခုကို တွေ့လိုက်ကြ၏။

ရေအိုင်နံဘေး ပတ်ပတ်လည်တွင်မတော့ မြက်ရိုင်းပင် ရှည်များ ရှိချေ၏။ ငှက်ပျောရိုင်းပင် သုံးလေးပင်ခန့် ရှိချေ၏။

ချုံပုပ်နွယ်ပင်များ ရှိချေ၏။

ရေအိုင်ကြည့်ရသည်မှာ အတော်နက်မည့်ပုံပင်။ ကျွန်တော်တို့သည် ရေအိုင်ကိုလှမ်းမြင်ရသည့် ပျဉ်းမရွက်ကြီးပင်တစ်ပင်အောက်တွင် စခန်းချရန် ဆုံးဖြတ်လိုက်ကြ၏။

ထိုနေရာလေးကား ရေအိုင်နေရာထက်တော့ နည်းနည်းမြင့်သည်ဆို ရချိမ့်မည်။ ရေအိုင်ကို အပေါ်စီးမှ မြင်ရ၏။

စခန်းနေရာ သွားရှာမည်ဆိုသည့် အဖိုးအိုးခွေး ဘယ် ရောက်နေလေသည်မသိချေ။

www.burmeseclassic.com

www.burmeseclassic.com



"ကဲသည်မယ် နားနေကြချေ၊ ငါထင်းခြောက်တွေ သွားကောက်ချေဦးမယ်၊ ခဏနားကြမယ်လေ၊ ပြီးမှ သည်ကောင်ကြီးတို့ အာရေ့နွှာပြီး အသားဖျက်တာပေါ့"

"အို မဟုတ်တာ အဖိုးရယ်၊ အဖိုးနားပါ၊ ကျွန်တော် ထင်းခြောက်တွေ သွားစုဆောင်းလိုက်ပါ့မယ်"

သို့ဆိုလျှက် ကျွန်တော်သည် လင်းမြင့်လှိုင်ကိုနေခဲ့ရန် ပြော၍ ထွက်ခဲ့ချေ၏။

သို့ပေမင့်လို့ ဂငယ်အဖိုးအိုက ကျွန်တော့နောက် ပြေးလိုက်သာချေ၏။

"နားနားနေနေ နေပါဦး၊ သည်နားမယ် ထင်းခြောက်တွေ၊ တုံးခြောက်တွေ ပေါပါတယ်၊ ကျွန်တော်ပဲ လုပ်လိုက်ပါ့မယ်"

"သည်လိုလဲ ဘယ်ဟုတ်ပါ့မလဲကွ၊ မင်းတို့က လူငယ်ဆိုပြီး ဘာဖြစ်ဖြစ် လုပ်ချင်နေကြတာလေ၊ ငါတို့က အလကားကောင်တွေဖြစ်တော့မပေါ့၊ သည်မယ် ငါတို့(၇၀)ကျော်ရုံလေး ရှိပါသေးတယ်၊ လုပ်နိုင်တယ်"

သို့ဆိုတော့ ကျွန်တော် ဘာမှမပြောလိုတော့ပြီ၊ သူနှင့်ဆက်စကားပြောနေလို့ကတော့ နားဝင်ချိုလိမ့်မည်မဟုတ်သည်ကြောင့် မည်သို့မျှ သူ့ထံမှစကားမကြားရလျှင် ကောင်းလိမ့်မည်တွက်လိုက်ခြင်း ဖြစ်၏။

သို့တောင်မှ-

"သည်ထင်းခြောက်တုံးကြီးက အတွင်းမှာ စိုနေနိုင်တယ်၊ မယူစမ်းပါနဲ့ကွာ၊ အရွက်ခြောက်တွေ ဘာလုပ်မှာတုန်း ခဏလေးနဲ့

www.burmeseclassic.com

www.burmeseclassic.com



ပြာကျသွားတော့မပေါ့၊ ဟုတ်ပြီ ဟုတ်ပြီ ပျဉ်းမကိုင်းခြောက်တွေ ကောင်းတယ်၊ ဟိတ်ကောင် မင်း အဲဒါမယူနဲ့လေကွာ၊ အလကား အလေးခံ သယ်ရတယ်လို့၊ နေစမ်းပါဦး မင်းက သည်ကိုင်းတွေကို ဘယ်လိုသယ် မတုန်း"

"ကျွန်တော့မှာ နည်းရှိတယ်"

သို့ဆိုလျှက် ကျွန်တော်သည် ပျဉ်းမကိုင်းခြောက်ကြီးကို လွန်စွာမှ ကြီးသည်ဖြစ်၍ အရင်းမှကိုင်ဆွဲလိုက်လေ၏။

"ဟိုကျ ခုတ်ဖြတ်ရဦးမှာကွာ၊ ထားခဲ့ပါ၊ သည်လိုအချောင်းတွေ၊တုံးတွေ သယ်ပါလား"

သို့ဆိုလျှက် ဂငယ်အဖိုးအိုက သူပိုင်းသယ်သည်က နည်းနည်း၊ သို့နှယ် ဆရာလုပ်ပြောနေသည်က နာငြီးမတတ် ဖြစ်ချေလေ၏။

သို့ကြောင့် ကျွန်တော်သည် ဘာမှမပြောလေတော့ဘဲ သစ်ကိုင်းကြီးကိုသာ ဆွဲလာလိုက်ချေလေ၏။

သူသည် ပေါင်လုံးခန့် သစ်ကိုင်းခြောက်တစ်ခုကို ထမ်းပိုးလာခြင်းသာ ရှိချေ၏။

ကျွန်တော်က အဖက်လုပ်စကားမပြောသည်တွင် ဂငယ် အဖိုးအိုတစ်ယောက် ဆိတ်ငြိမ်စွာဖြင့် နောက်မှလိုက်လာချေလေ၏။

သို့ဆိုသော် ကျွန်တော် ဂငယ်အဖိုးအိုကို သနားမိသွားလေ၏။ ကျွန်တော်တို့ ထင်းခြောက်တွေ အတော်များများစုမိသည်တွင် ကကြီးအဖိုးအိုက သစ်ပင်ကျောမှ လဲလျောင်းနေရာမှ ထလာချေပြီး

"ဟုတ်ပြီး သည်လောက်ဆို လုံလောက်ပါတယ်၊ ငါ ကျား

www.burmeseclassic.com



ကောင်ကို အရေစုတ်၊ အသားခွာဖျက်ချေဦးမယ်"

သို့ဆိုတော့ ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် အဖိုးအိုနှင့် အတူ ကျားကောင်ကို ကန်စပ်ရှိရာသို့ ဝိုင်းကူထမ်းလာလိုက်လေ၏။

"မင်းတို့ ကျားကောင်ဖျက်တာ ဝိုင်းကူမလား"

"ကူရမှာပေါ့ အဖိုးရယ်"

သို့ဖြင့် လင်းမြင့်လှိုင်နှင့်ကျွန်တော်သည် အဖိုးအို ကျားကောင်ဖျက် သည်ကို ဝိုင်းဝန်းကူညီပေးလိုက်ကြလေ၏။

အဖိုးအိုသည် အသားဖျက်ကျွမ်းကျင်ရုံသာမက ကျား အရေဆုတ်ရာတွင်လည်း အပျက်အဆီးမရှိအောင် လုပ်နိုင်သူဖြစ် ၏။

ကျွန်တော်တို့သည် အဖိုးအိုအား ကျားသားရေကို မီးကြပ် တိုက် ထားလိမ့်မည်ဟုထင်ထားသော်လည်း အဖိုးအိုက ကျား သားရေကို ဆားများနိုင်းချင်းထည့်၍ သပ်သပ်ယပ်ယပ် ခေါက်သိမ်း လိုက်သည်ကြောင့် (အဖိုးအိုတို့ထံတွင် ဆားများပါလာသည်ကို နောက်မှသိရခြင်းဖြစ်၏)

"အဖိုး ဘာလို့ မီးကြပ်တိုက်မထားတာတုန်း" ကျွန်တော်က မေးလိုက်၏။

"ဟကောင်ရ.မီးကြပ်တိုက်လျှင်ဖြင့် မင်း သားရေချပ်မာခေါက်ကြီးပဲ ရတော့မပေါ့။ ခု မင်းမှတ်ထားပေါ့ကွာ ဘာသားကောင်သားရေ ရရ ခုလိုပဲ ဆားများများထည့်ပြီး ခေါက်ထားမယ်ဆိုလျှင်ဖြင့် မင်း နဂို အရောင်အသွေးမကျွတ်၊ အမွေးအမျှင်လည်းမပျက်၊ ပျော့ပျော့ ပျောင်းပျောင်းသားရေကို ရလိမ့်မယ်ကွ၊ တောတောင်ထဲရှိနေတုန်း

www.burmeseclassic.com

www.burmeseclassic.com



ပေါ့ကွာ"

အဖိုးအိုသည် အင်မတန်တော်သူပါကလား၊ မုဆိုးကောင်းတစ်ယောက်ဖြစ်နိုင်သည်။ သို့ပေမင့်လို့ ဘယ်တွက် သူ့တွင် ဝှါးခုတ်မါးမကြီးသာ ရှိနေပါလိမ့်၊ သားကောင်တွေကို ဘယ်လိုဖမ်းတာပါလိမ့်၊ သို့ကြောင့် ကျွန်တော်သည် စပ်စပ်စုစုမေးမိ၏။

"သေနတ်ရှိမှ သားကောင်ကို ဖမ်းနိုင်တာမဟုတ်ပါဘူး။ အေး မင်းတို့သိထားဖို့က ဘယ်လက်နက်ပဲကိုင်ကိုင်၊ ဖြတ်ထိုးဉာဏ်မရှိလျှင်ဖြင့် ဘယ်လိုမှသားကောင်ကို ဖမ်းနိုင်မှာမဟုတ်သလို၊ သတ်ဖြတ်နိုင်မှာလည်း မဟုတ်ဘူး၊ မင်းတို့ကတော့ ထင်မှာပေါ့ လက်ညှိုးလေး ကွေးတတ်ဖို့ပဲလို့ . . ."

"အဲလိုမထင်ပါဘူး အဖိုးရယ်"

ကျွန်တော်က ပြောလိုက်၏။ "တချို့ကို ပြောတာပါ"

သို့ အဖိုးအိုက ပြောပြီး

"မင်းတို့ ကျားသားမကြိုက်ဘူးလို့ ပြောဖူးတယ်နော်"

"ဟုတ်ပါတယ်"

"ဘာဖြစ်လို့တုန်း"

"အမျှင်ကြီးတယ်၊ ညှီလွန်းတယ်၊ အရသာမရှိဘူးလို့ ထင်တယ်၊ ပြီးတော့ ပူသလားလို့ . . ."

သို့ ကျွန်တော်က ပြောလိုက်သည်တွင် အဖိုးအိုက ရယ်သွမ်းသွေးလိုက်လေပြီး-

"ဟင်း ဟင်း ဟင်း ဟင်း ကျားသားက ဆေးဘက်ဝင်ပါတယ်ကွ၊ ခု မင်းတို့အသက် ဘယ်လောက်ရှိပြီလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုလင်းကတော့ ငါးဆယ်လောက်ရှိပြီ၊ ကျွန်တော်က (၆၀)နီးပြီ ပြောရမှာပေါ့"

"အေး ခုလိုကြိုတုန်းကြုံခိုက် ကျားသားကို များများစားပေးချေ၊ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေပေါ့ကွာ"

"လုံးဝကြီးမစားတာတော့ မဟုတ်ပါဘူး၊ သိပ်မနှစ်သက်တာကို ပြောတာပါ၊"

"အေးလေ ဘာပဲဖြစ်ဖြစ် စားဖြစ်အောင်တော့ စားကွာ၊ ဘာလို့တိုက်တွန်းရသလဲဆိုတော့ ကျားသားက လေဖြတ်သူတွေအတွက် အင်မတန်ကောင်းသားကလား၊ သည်တော့ မင်းတို့စားသင့်တာ ပြောတာကွ"

"ရှိဖြင့်လည်း စားရတာပေါ့ဗျာ"

"စားစမ်းပါကွာ၊ တစ်ကောင်လုံး အသားတွေ နည်းမှမနည်းတာ၊ တကယ်တော့ ကျားက တစ်ကောင်လုံးတန်ဖိုးရှိသားကလား၊ လူတို့အတွက် အင်မတန်အသုံးတည့်တာကလား၊ မင်း ကျားအဆီကို ခန္ဓာကိုယ်မယ် သုတ်လိမ်းထားကွာ။ အခြားသားရဲတိရစ္ဆာန်တွေရဲ့ ရန်က ကင်းလိမ့်မယ်၊ ပြီးတော့ လက်ဖျားခြေဖျားတွေမယ် လိမ်းထားရုံနဲ့ အအေးဒဏ်က ကာကွယ်နိုင်တယ်လေ၊ ပြီးတော့ မင်းတို့ခန္ဓာကိုယ်မှာတွယ်နေတဲ့ သန်းတွေကိုလည်း ပျောက်ကင်းနိုင်တယ်လေ၊

သည်ကျားသားရေကြီးက အလွန်တန်ဖိုးရှိသားကလား၊ ရောင်းလိမ့်မယ်ဆိုလျှင်ဖြင့် အတော်ဈေးရမှာကွ၊ အေး သားရေအပိုင်းအစလေးကို မင်းတို့ အဝတ်အစားထည့်တဲ့သေတ္တာ၊ ဗီရိုထဲထည့်မယ်ဆိုလျှင်ဖြင့် ခြတက်ခြင်းမရှိနိုင်ဘူးကွ၊ အေး သွားရေ

www.burmeseclassic.com

www.burmeseclassic.com



ပေါ် ထိုင်မယ်ဆိုလျှင်ဖြင့်လည်း လိပ်ခေါင်းရောဂါပျောက်သကွဲ ပြီးတော့ မင်း ဈာနသွားကို ဆောင်ထားမယ်ဆိုလျှင် သွားနာ၊ သွားကိုက်ဘယ်တော့မှမဖြစ်ဘူး၊ အေး ကျောင်းကောင်က သူ့ရဲ့ခန္ဓာကိုယ်တင် အသုံးဝင်တာမဟုတ်ဘူး၊ သူ့ရဲ့ မစင်ကလည်း အသုံးဝင်သေးတယ် မောင်"

"ပြောပါဦး"

"မင်း အရက်ဖြတ်ချင်လျှင်ဖြင့် ကျားမစင်အနည်းငယ်ကို အခြောက်လှန်းပြီး တခါလောက်ပဲ အရက်ထဲထည့်သောက်ပါလား၊ ဟင်း ဟင်း အရက်ဆို တော့တာဖြစ်သွားလိမ့်မယ်"

"ကဲ ကဲ လာကြချေ၊ သယ်သွားကြရအောင်"

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ကျားကောင်၏တုံးတစ်ပြီး အသားတို့ကို တံစို့ထိုး မီးကင်ရန်အတွက် နားနေရာသို့ သယ်သွားကြ၏။

ခွေးအဖိုးအိုသည် အိပ်ပျော်နေလေပြီဖြစ်၏။ ငယ်အဖိုးအိုသည် ကျားသားမီးကင်ရန် မီးပုံကြီးအရံသင့် လုပ်ထားပြီး ဖြစ်ချေ၏။

သို့ဖြင့် ကျွန်တော်တို့သည် ကျားကောင်သားကို မီးကင်နေစဉ်တွင် နားနားနေနေလိုက်ကြလေ၏။

အဖိုးအိုကကြီး အင်မတန်ပင်ပန်းသွားပြီထင့် သစ်ပင်ခြေမှီ၍ အိပ်ပျော်နေလေ၏။

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည်လည်း အခွေးကိုယ်စီဖြင့်နေသာသလိုနေ၍ ကျားသားမီးကင်အကျက်ကို စောင့်နေကြလေ

www.burmeseclassic.com

www.burmeseclassic.com



၏။

သို့စောင့်ရင်းမှ ကျွန်တော် အိပ်ပျော်သွားလေ၏။ မည်မျှကြာကြာ အိပ်ပျော်သွားလေသည်မသိ၊ ဆူဆူညံညံအသံကြောင့် အိပ်ယာမှနိုးလာရလေ၏။

"ဘာဖြစ်နေကြတာလဲ ကိုလင်း"

လင်းမြင့်လှိုင်ကို မေးလိုက်၏။

"ဟိုမယ် ကကြီးအဖိုးအိုက သူ့ညီ ခခွေးအဖိုးအိုကို ဆူနေတာ"

"ဘာဖြစ်လို့တုန်း"

"အသားတွေ ကောင်းကောင်းမကျက်သေးဘူး ယူစားနေလို့"

"သူ ဆာလို့နေမပေါ့"

"အဲလိုမဟုတ်ဘူးဗျ၊ သူကိုယ်နှိုက်ကကို အစားကြမ်းတာလေ၊ အစားကြူးတာ"

"ကဲ ကဲ သွားကြမယ်၊ ငါတို့ ရှာပြန်မယ်"

သို့အဖိုးအိုကကြီးက သူ့ညီအား ပြောလိုက်သံကို ကြားရ၏။

လင်းမြင့်လှိုင်က ကျွန်တော့ကို မျက်နှာရိပ်မျက်နှာကဲဖြင့် နေရာမှာပင်နေခဲ့ရန် ပြလေပြီး အဖိုးအိုထံ ထွက်သွားလေ၏။

ကျွန်တော်သည် မျက်နှာသစ်ရန်အလို့ငှာ ရေအိုင်ဘက် ထွက်ခဲ့လေ၏။

ရေအိုင်စပ်တွင် ဂငယ်အဖိုးအိုကို တွေ့လိုက်၏။

"နိုးလာပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဗျာ၊ ကကြီးက ရွာပြန်ကြမယ်ပြောလို့"

"ဘယ်လို ရွာပြန်ကြမယ်ဟုတ်လား"

ကျွန်တော်က တအံ့တသြမေးလိုက်၏။

"ဘယ်လိုမှန်း မသိပါဘူးဗျာ၊ ကိုကြီးကကြီးရဲ့စိတ်က မူမမှန် သလိုပဲ၊ ကျွန်တော်တို့ သည်တောသည်တောင်ထဲမယ် အေးအေး လူလူနေတော့မယ်လို့ ဆုံးဖြတ်ထားတာ ဘာလို့များ ရွာပြန်ချင်ရတာ ပါလိမ့်၊ ဘယ်လိုအတွေးပေါက်သွားပါလိမ့်၊ သူပဲ ရွာသူကြီးနဲ့အဆင် မပြေတာ၊ စဉ်းစားမရပါဘူးဗျာ"

"အေး မင်းစဉ်းစားမရလျှင်ဖြင့် ငါပြောမယ်"

"အေး ရွှေမြယာသူကြီးက မင်းတို့သိတဲ့အတိုင်း သူက သူကြီးပဲဆိုပြီး ရွာထဲမယ် လူတိုင်းအပေါ်မှာ နိုင်စားနေတာလေ၊ တပည့်လက်သား လက်မရွံ့ကောင်တွေကလည်း ရှိနေတော့ သူလုပ်ချင်တာတွေ သူ လုပ်လို့ရတာပေါ့၊ သူပြောချင်သလို ပြောလို့ရတာပေါ့၊ ရွာသူကြီး ပီသပါပေ့ကွာ၊ ခက်ထန်တယ်၊ လူသားချင်းလည်း စာနာသနားတတ် တဲ့စိတ် မရှိဘူး၊ အရှိန်အဝါကြီးတဲ့ ကျားတစ်ကောင်လိုပဲ၊ သူလည်း တချိန်က အမဲလိုက်မုဆိုးပဲကွ၊ ငါတို့လိုပါပဲ၊ နို့ပေမင့်လို့ ခုတော့ကွာ ငါတို့အမဲပစ်ချင်လို့ ပစ်လို့မရဘူး၊ ငါ့သေနတ်ကိုလည်း လိုင်စင်မရှိလို့ ဆိုပြီး သိမ်းလိုက်တယ်လေ၊ သူ့လူတွေကျတော့ ထင်တိုင်းကျဲပဲ၊ ဟင်း ဟင်း နို့ကြောင့် ငါမကျေနပ်ဘူး၊ သူ့ကို ငါ အနိုင်ပြန်ယူရမယ်။ သူကြီးရာထူးကဖြုတ်ပြီး ငါတို့ရွာက ပညာတတ်လူငယ်လေးကို သူကြီးတင်ပစ်မယ်၊ တကယ်တော့ သူက ကျားတစ်ကောင်လိုပဲ၊ နို့ ကြောင့် ငါတော့ကကျားကောင်ကို အလျှင်သတ်နိုင်အောင် လေ့

www.burmeseclassic.com

www.burmeseclassic.com



ဈင့်ဖို့ လာတာပေါ့၊ အေး ခုတော့ ငါ ကျားတစ်ကောင်ကို သတ်နိုင်ပြီလေ၊ သည်တော့ သူ့ကို ငါယှဉ်လို့ရပြီပေါ့၊ သူဘယ်လောက်ပဲ ပါးနပ်ပါးနပ်၊ လျင်မြန်ဖျတ်လတ်တွယ်ဆိုပေမင့် တောရိုင်းကျားတစ်ကောင်လောက်တော့ သူသန်မာမယ့်ပုံ မဟုတ်ပါဘူးကွ ဟဲ ဟဲ ဟဲ ငါသူ့ကို ငါနိုင်မယ်ထင်တယ်၊ နို့ပေမင့်လို့ တခု စဉ်းစားမိတာရှိတယ်ကွ၊ သူ့မယ် ကျားတစ်ကောင်လို ခွန်အားတွေ၊ စိတ်ဓါတ်တွေ ရှိတဲ့အပြင် တခုကွာတာက သူ့ဦးနှောက်ကတော့ တိရစ္ဆာန်ဦးနှောက် မဟုတ်ဘူးကွ၊ လူသားတစ်ယောက်ရဲ့ဦးနှောက်ကွ၊ နို့ကြောင့် ငါ စဉ်းစားနေတာ လူသားဦးနှောက်နဲ့ဆိုတော့ သူပိုပြီးကောက်ကျစ်စဉ်းလဲနိုင်လိမ့်မယ်၊ ယုတ်မာနိုင်လိမ့်မယ်၊ ကလိမ်ကကျစ် လုပ်နိုင်လိမ့်မယ်၊ သူ့ကိုယှဉ်မယ်ဆိုလျှင်ဖြင့် ရိုးရိုးသားသားနဲ့ပြိုင်ရမယ် မဟုတ်ဘူး၊ ငါလည်း သူ့လို ကောက်ကျစ်စဉ်းလဲရမှာကွ"

သို့ အားတက်သရော်ပြောနေသည့် ကကြီးအဖိုးအိုကို ကြည့်ပြီး ထိုအဖိုးအိုသည် ရွှေမြယာသူကြီးကို မည်မျှအခဲမကျေ ဖြစ်နေသည်ကို သိနိုင်ပေတော့၏။

လင်းမြင့်လှိုင်က ပြုံး၍ကြည့်နေလေ၏။

"ငါပြောတာ ဟုတ်တယ်လားကွ"

ကကြီးအဖိုးအိုက လင်းမြင့်လှိုင်ကိုကြည့်၍ မေးလိုက်၏။

"ဟုတ်တာပေါ့ဗျာ၊ ဟင်း ဟင်း"

လင်းမြင့်လှိုင်က သို့ပြောလိုက်လေ၏။

"နို့ဖြင့် ကိုကြီး ရွာပြန်မယ်ဆိုတာ တကယ်ပေါ့"

ဂငယ်အဖိုးအိုက မေးလိုက်ချေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ကွ၊ ငါသည်တောတောင်ထဲလာခဲ့တာ သူ့ကို
ကြောက်လို့ ရှောင်ခဲ့တာမှမဟုတ်တာချည်းကွ၊ လတ်တလော အင်
အားချင်းမမျှလို့ ခဏထွက်ခဲ့တာ၊ ခုတော့ ငါ့မယ် အကြံတွေရှိပြီး
အင်အားလည်းရပြီ၊ နို့ကြောင့် ငါရွာပြန်တော့မယ်"

"နို့ဖြင့်လည်း သွားမယ်ကွာ"

အလိုလေးဗျာ ဂငယ်အဖိုးအို ဘယ်လိုဖြစ်သွားတာပါလိမ့်
ရုတ်တရက် ချက်ချင်းကို ဖြစ်သွားပါကောလား။

"ဒီကောင်က သည့် ပိုပဲကွ၊ ငါက ခုသွားမယ်ပြောလျှင်
နေပါဦးဆိုပြီး အချိန်ဆွဲမယ် ခုတော့ ငါက သည်ကနေ့ အတော်နဲ့
သွားဖြစ်ဦးမှာမဟုတ်လို့ သူ ခုလို ရုတ်တရက်ချက်ချင်း သွားမယ်လုပ်
တာကွ၊ ဒါ သက်သက်ကလန့်နေတာ ဟင်း ဟင်း ဟင်း"

သို့ ကကြီးအဖိုးအိုပြောနေသည့် အချိန်တွင် ဂငယ်အဖိုးအို
သည် အတော်လှမ်းလှမ်းသို့ ရောက်သွားလေပြီဖြစ်၏။

"အဖိုးသဘောကကော . . ."

"အင်း လုပ်စရာရှိတဲ့အလုပ်ကို အချိန်ဆွဲနေလို့တော့ဖြင့်
မကောင်းဘူးပေါ့ကွာ၊ သွားတာပေါ့၊ မင်းတို့နေခဲ့တော့ချေ"

"ဗျာ"

"ဟင်"

"ခုကိစ္စက ငါ့ကိစ္စပါကွ၊ မင်းတို့နဲ့မဆိုင်ဘူး၊ မင်းတို့အမဲပစ်ကြဦးမယ်
မဟုတ်လား၊ နို့ကြောင့် သည်မှာနေခဲ့ကြချေ။ ငါ ကျားသားတွေ
ထားခဲ့မယ်၊ မင်းတို့နှစ်ယောက် လုံလုံလောက်လောက်စားဖို့ပေါ့"

သို့ဆိုလျှင် ကကြီးအဖိုးအိုသည် ကျွန်တော်တို့အပါးမှ

www.burmeseclassic.com

www.burmeseclassic.com



ာ်တရက် ထွက်သွားချေလေ၏။

ဘယ်လိုကြီးပါလိမ့်။

"ကိုလင်း ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ"

ကျွန်တော်က ကကြီးအဖိုးအိုကိုပြောသလို အမဲပစ်ကျန်ခဲ့ ၍ သို့လင်းမြင့်လှိုင်ကို မေးလိုက်ခြင်းဖြစ်၏။

"ရွှေမြယာရွာကို စိတ်ဝင်စားတာထက် အဲဒီသူကြီးကို စိတ် င်စားတယ်၊ ပြီးတော့ အဖိုးအိုသုံးယောက်ကိုလည်း စိတ်ဝင်စား ယ်ဗျာ၊ ကိုယ်နဲ့မဆိုင်ဘူးဆိုပေမင့် လိုက်သွားကြတာပေါ့"

"ဟင် သူကမှ မခေါ်တာ"

"သူမခေါ်လဲ နောက်ယောင်ခံလိုက်သွားကြတာပေါ့"

"အင်း"

"နို့ဖြင့်လည်း ကျွန်တော် ရေချိုးလိုက်ဦးမယ်ဗျာ"

"မချမ်းပေဘူးလား"

"ရေက နွေးပါလိမ့်မယ်ဗျာ"

ရေအိုင်တွင်း ဆင်းလိုက်သည်နှင့် လင်းမြင့်လှိုင်ရောက်လာ ရေကို ခပ်သုတ်သုတ်ဖြင့်ခပ်ယူ တကိုယ်လုံးအနှံ့ ပက်ဖြန်းပွတ်သပ် င်း ပြောလာလေ၏။

သို့ကြောင့် ကျွန်တော်သည်လည်း ရေအိုင်တွင်းမှရေကို တ်ခုပ်ဖြင့် ခပ်ယူမျက်နှာသစ်လိုက်လေ၏။

အလိုလေးဗျာ ဟုတ်ပါရဲ့ ရေကနွေးနေပါကလား။

သို့ပေမင့်လို့ ကျွန်တော် မျက်နှာသစ်၊ ခြေလက်ဆေးရုံသာနေလိုက် ၏။ လင်းမြင့်လှိုင်ကမူ အတော်များသွားသည်ထင်၏။ ရေအိုင်တွင်း

www.burmeseclassic.com

www.burmeseclassic.com



အေးအေးလူလူ ရေစိမ်နေလေ၏။

လင်းမြင့်လှိုင် စိတ်ကြိုက်ရေချိုးပြီးသည်တွင် အဖိုးအိုတို့ရှိရာသို့ ပြန်သွားလိုက်ကြလေ၏။

"ဟာ"

"ဟင်"

အဖိုးအိုသုံးယောက်စလုံး မရှိကြတော့ပါကလား၊ ထင်းမီးပုံကိုလည်း မီးငြိမ်းသတ်သွားကြ၏။

သို့ပေမင့်လို့ မီးပုံနံဘေးတွင် တံစို့ထိုးကျားသားမီးကင်များ ထားခဲ့ချေ၏။

"ကျွန်တော်တို့နှစ်ယောက်ကို ထားသွားပြီဗျ"

ကျွန်တော်က ပြောလိုက်၏။

"ခုနေလိုက်သွားလျှင် မီနိုင်ပါရဲ့" သို့ ကျွန်တော်က ဆက်ပြောလိုက်ပြန်၏။

လင်းမြင့်လှိုင်ကမူ သူ့ဝသီအတိုင်း သွားတက်လေးပေါ်အောင် ပြုံးပြလာချေပြီး

"အစာပြေ နံနက်ခင်းစာစားပြီးမှ လိုက်တာပေါ့"

"ဖြစ်နိုင်ပါ့မလား"

"ဟိုမယ်ကြည့်လေ"

လင်းမြင့်လှိုင်က ခပ်လှမ်းလှမ်းတောင်ကြောဆီသို့ မေးငေါ့ပြသဖြင့် လှမ်းကြည့်လိုက်၏။

ချုံပုပ်သစ်ပင်များ လှုပ်ခတ်နေလေ၏။

"ဘာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က မေးလိုက်၏။

"သူတို့သွားနေကြတာလေ"

ကျွန်တော် သဘောပေါက်လိုက်လေပြီး ဖြစ်လေ၏။ ထိုတောင်ကြော တော်စောက်နေခြင်းကို ကြည့်ခြင်းအားဖြင့် အဖိုးအိုသုံးယောက်သည် အနေ့တာလုံး ထိုတောင်ကြောတွင်သာရှိမည့်သဘော ခန့်မှန်းရလိုက်သေ၏။

သို့ဖြစ်၍ ကျွန်တော်သည် လင်းမြင့်လှိုင်ပြောသလို အဖိုးအို ချန်ခဲ့သော ကျားသားမီးကင်ကို အားပါးတရ စားလိုက်လေ၏။ကြိုက် သွန်း၍တော့မဟုတ်၊ ကောင်းလွန်း၍တော့မဟုတ်၊ မနေ့က အကျန် တွေ ဖြစ်နေပြီး အေးနေခြင်းကြောင့် အသားကင်သည် ပျဉ်းတွဲတွဲ ဖြစ်လို့နေချေ၏။

ဘယ်လိုကြောင့်များ အဖိုးအိုက ထင်းမီးကိုငြိမ်းသတ်သွား တာပါလိမ့်၊

"အဖိုးအိုက ညစ်ပတ်တယ်ဗျာ၊ ထင်းမီးကို သတ်သွား တယ်"

"ကျွန်တော်က ကြိုက်တယ်ဗျ"

"အလိုလေးဗျာ ဘာဖြစ်လို့တုန်း"

ဘိုပိုက်လဲ တောထဲတောင်ထဲ လျှောက်သွားနေတာပဲ၊ စခန်းချပြီး ကိုယ်အသုံးပြုတဲ့ ထင်းမီးတွေကို သတ်သွားကြရတယ်လေ၊ ဒါ ဘယ်သူမဆို ကိုယ့်အသိစိတ်နဲ့ကိုယ် လုပ်ကြတာချည်းဗျ၊ နို့မို့မဟုတ် သည်မီးကနေ တောမီးကူးဆက်လောင်သွားနိုင်တယ်လေ"

"နို့တော့ ဟုတ်တာပေါ့ဗျာ၊ ကျွန်တော်တို့နှစ်ယောက် သည်

www.burmeseclassic.com

www.burmeseclassic.com



နေရာ ပြန်လာကြဦးမယ်ဆိုတာ သိနေတာပဲဗျာ"

"ဒါကတော့ သည်လိုရှိပါလိမ့်မယ်"

"ပြောပါဦး"

"ကျွန်တော်တို့ မီးကင်ကျားသားတွေကို ပူပူနွေးနွေး ကြွပ်ကြွပ်ရွရွစားဖို့အတွက် မီးပြန်မွေးရမယ်လေ၊ သည်တော့ သူတို့နောက်လိုက်ချင်တောင်မှ အချိန်အတော်လေး ကုန်သွားအောင်လို့ တမင်လုပ်ခဲ့တာပေါ့ဗျာ"

"အော်"

"ကဲ ကိုပိုက် လာချေဗျ။ ခုနေ လိုက်လျှင်ဖြင့်လည်း နောက်မကျလောက်သေးပါဘူး၊ သူတို့ တောင်ကြောအတိုင်း လျှောက်သွားကြတာဗျ၊ ကျွန်တော်တို့သည် တောင်ကြောကနေဆင်းပြီး မြောင်အတိုင်း၊ ချောင်းအတိုင်း ခပ်သွက်သွက်သွားမယ်ဆိုလျှင်ဖြင့် သူတို့တောင်ကြောပေါ်ကနေ ဆင်းမယ့်လမ်းရှေ့ဘက်ကို ရောက်သွားနိုင်သဗျ၊ ရွာကိုသွားကြတာဆိုတော့ သူတို့တောင်ကြောကနေ ဆင်းကိုဆင်းရလိမ့်မယ်၊ သူတို့ဆင်းနိုင်တဲ့ တောင်ကြောလမ်းက ကိုပိုက်လာကြည့် ဟိုမယ်တွေ့လား၊ ကြောစွယ်ရှည်ရှည်လေး"

ကျွန်တော် လှမ်းကြည့်လိုက်၏။

လင်းမြင့်လှိုင်သည် တောကျွမ်းသူဖြစ်၏။ သည်တောင်ကြော ဘယ်စွယ်ကဆင်းလျှင် ဘယ်ကိုရောက်နိုင်သည်ကို ခန့်မှန်းတတ်သူဖြစ်၏။

သည်သို့ဖြင့် လင်းမြင့်လှိုင်နှင့်ကျွန်တော်သည် တောင်ကြောစွယ်အတိုင်း ခပ်သုတ်သုတ်ဆင်းသွားကြလေ၏။ အောက်

www.burmeseclassic.com

www.burmeseclassic.com



ပေါင်းတော့ဖြင့် အရွက်သားကလား၊ သို့ပေမင့် ဆူးပင်၊ ချုံပုပ်ပင်များ မဟုတ်ခြင်းကြောင့် ခက်ခဲခြင်း၊ ဒုက္ခရောက်ခြင်း သိပ်မရှိပါချေ။ သို့ တောင်ကြောလေးအတိုင်း ဆင်းခဲ့ရာမှ မြောင်ကျယ်တစ်ခုသို့ ရောက်လာကြ၏။

"သည်မြောင်က ကျယ်သားကလား"

ကျွန်တော်တို့သည် မြောင်အတွင်း ခြေရာတွေ့လိုတွေ့ငြား ရှာကြည့်ကြ၏။ ကမ်းနံဘေးတွင် ဝါးပင်နှင့်သစ်ပင်ငယ်များသာ ပေါက်ရောက်နေခြင်းကြောင့် အမြင်ရှင်း၊ အသက်ရှူတော့ဖြင့် ချောင်လှေ၏။ မြောင်အဖက်ကမ်းသို့ ကြည့်လိုက်သည်တွင် ဆင်ခြေလျှော အတက်ကလေးသာဖြစ်လေသဖြင့်-

"ကိုလင်း ကျွန်တော်တို့ အပေါ်တက်ကြလျှင်ဖြင့် ဘယ်လို လဲ"

ကျွန်တော်က အကြံပြုလိုက်၏။

"အင်း ရှေ့ကြောက ပြေပြေလေးပေပဲဗျ၊ အဲဒီဘက်တက် ကြလျှင်ဖြင့် ကောင်းမယ်၊ သည်မြောင်ကမ်းမှာတော့ အထက်ကော အောက်ကောသွားလာထားတဲ့ပုံ မတွေ့ပေဘူးဗျ"

"နို့ဖြင့်လည်း လာချေဗျာ"

သို့ဖြင့် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် တဖက်မြောင်ကမ်းသို့ တက်လိုက်ကြ၏။ သစ်ပင်လုံးကြီးများ သိပ်မရှိ၊ ပေါင်လုံးခန့်အရွယ် ခြေသလုံးခန့်အရွယ် သစ်ပင်ရှည်မျောမျောလေးများသာ ပေါက်လျှက်ရှိချေ၏။ ကြားတွင် ဝါးပင်တို့တော့ဖြင့် ကြိုကြားပေါက်လျှက်ရှိချေ၏။

သို့ပေမင့်လို့ လူတဖက်ခန့်ရှိ လေးငါးပင်မျှသော ကုန်းပင်

www.burmeseclassic.com

www.burmeseclassic.com



တို့လည်း တွေ့ရ၏။

အောက်ခြေတွင် သစ်ရွက်ခြောက်များ ရှိချေ၏။ ရှိသည်မှ အတော်များများဖြစ်ချေ၏။

ခြေလှမ်းလိုက်လေတိုင်း တကျွတ်ကျွတ်အသံထွက်ပေါ် လာ၏။

"ချွပ် ချွပ် ချွပ် ချွပ် ချွပ်
ချွပ် ချွပ် ချွပ် ချွပ် "

"အား အား အား အား
အ အ အ အ အ"

ကျွန်တော်တို့၏ခြေသံကြောင့် သစ်တစ်ပင်ထက်ရှိ တောကျီးကန်း လေးငါးကောင်ခန့်သည် သို့နှယ်အော်ဟစ်ထပျံသွားကြ၏။

သို့တောကျီးကန်းတို့ အော်ဟစ်ပျံသန်းသည်ကြောင့် ခပ် လှမ်းလှမ်းရှိ နေရာလောက်မှ အပင်ခြေရင်းတွင် ဝပ်တွားနားနေ သည့် သားကောင်ငယ်လေးများသည်လည်း ရုတ်ခြည်းထ ပြေးလွှား သွားကြလေ၏။

အချို့ ကောင်ရုံးမြင်လိုက်ရ၏။ အချို့ အသံသာကြား လိုက်ရ၏။

"ဟိုမယ် ဟိုမယ် ဆိုလင်း"

အတော်လှမ်းလှမ်း နေရာလောက်မှ ဂျီတစ်ကောင် ပြေးလွှားခြင်း မရှိ ရပ်လျက် နားစွင့်နေသည်ကို မြင်လိုက်သဖြင့် လင်းမြင့်လင်းကို ပြ လိုက်၏။ ဘယ်တွက်မှု ကျွန်တော်သည် သေနတ်ကို စွဲကိုင်ယ်သိုင်း ထားမိသဖြင့် လျှပ်တစ်ပြတ်ပင် ခတ်နိုင်ခြင်းမရှိ၍ ပြီးခဲ့ချေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒိန်း"

"အလိုလေးဗျာ"

ဂျိုကောင်လေး သေနတ်မှန် လဲပြိုသွားချေ၏။ ကျွန်တော် လင်းမြင့်လှိုင်ကို အံ့ဩတကြီးကြည့်နေမိ၏။ လင်းမြင့်လှိုင်သည် ခပ်လှမ်းလှမ်းနေရာဆီသို့ ဝေ့ဝိုက်ကြည့်နေလေ၏။

"ဘယ်သူပစ်လိုက်တာပါလိမ့်"

သည်နေရာတွင် ကျွန်တော်တို့အပြင် သေနတ်ကိုင်လူတစ်ယောက်ရှိချေပြီကော။

အဖိုးအိုသုံးယောက်တော့ဖြင့် မဟုတ်နိုင်။ သူတို့တွင် သေနတ်မှမရှိလေတာပဲ။

ကျွန်တော်တို့ သေနတ်သမားထွက်အလာကို ကြည့်နေစဉ် အခိုက် လူသုံးယောက်ထွက်လာလေ၏။

တစ်ယောက်သောသူသည် အသက်အားဖြင့် (၆၀)ကျော်ခန့်ရှိချေသည်။ ခေါင်းတွင် ပုဆိုးစပတ်ထား၏။ ပုဆိုးတိုတို ဝတ်ထား၏၊ အတွင်းခံစွပ်ကျယ်အပေါ်တွင် တိုက်ပုံအကျီကို ဘိုသီဘတ်သီ ဝတ်ထား၏။ ခပ်ဝဝဖိုင့်ဖိုင့်၊ နှုတ်ခမ်းမွှေး ထူလပျစ်နှင့်ဖြစ်၏။ လက်ထဲတွင်မတော့ နှစ်လုံးပြူးသေနတ်တစ်လက် ကိုင်ထားလေ၏။ ဂျိုကောင်ကို ထိုလူကြီးပစ်လိုက်တာ ဖြစ်ချိမ့်မည်။

သူနှင့်ပါလာသူနှစ်ယောက်သည် အသက်အားဖြင့် လေးဆယ်ဝန်းကျင်ခန့်ထက် ပိုမည်မထင်။ သူတို့လက်ထဲတွင်မတော့ တစ်ယောက်တွင် မြှက်ကြီးတောင်ဒါးရှည်၊ တစ်ယောက်တွင် လံတုတ်တစ်ချောင်း ဖြစ်ချေ၏။ သေနတ်ကိုင်လူကြီး၏နောက်လိုက်များ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ချိမ့်မည်။

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် သူတို့ရှိရာ လျှောက်သွား လိုက်ကြ၏။

ထိုသူသုံးယောက်သည် ကျွန်တော်တို့ကိုမြင်သည်နှင့် နေရာမှာပင် ရပ်နေလိုက်ကြပြီး စောင့်နေလေ၏။

"မုဆိုးတွေများလား"

အနားရောက်သွားသည်တွင် ထိုလူကြီးက မေးလေ၏။

"ဟုတ်ပါတယ်၊ အမဲလိုက်ရင်း လမ်းပြန့်လမ်းကွဲ၊ လမ်း ပျောက်နေတာပါ"

သို့ဆိုသလို ကျွန်တော်အဆင်ပြေသလို ပြောလိုက်၏။ အဖိုးအိုသုံးယောက်အကြောင်းကိုတော့ဖြင့် မပြောလိုက်ပါချေ။

"ဘယ်တုန်းက ထွက်လာကြတာတုန်း၊ ဘယ်ကလမ်း ခေါ်လာတာတုန်း"

သို့ သေနတ်ကိုင်လူကြီးက မေးလာလေ၏။

"အင်း မီးလောင်ကုန်းရွာသား စောတာပုနဲ့ပါ"

သို့ လင်းမြင့်လှိုင်က ပြောလိုက်သည်တွင် ထိုလူကြီးက သူ့ နှစ်ယောက်ကို လှမ်းကြည့်လိုက်လေပြီး၊ ခေါင်းကိုအသာ ခါယမ်း လိုက်လေပြီး ကျွန်တော်ဘို့ဘက် ပြန်လှည့်ကာ-

"အေး မင်းတို့ပြောတဲ့ မီးလောင်ကုန်းရွာက တာပုကို မ ဘူးကွ၊ ပြီးတော့ သည်နေ့ရာနဲ့ မီးလောင်ကုန်းရွာ အတော်လှမ်း ဝေးသားကလား၊ နို့ဆိုလျှင်ဖြင့် မင်းတို့အတော်လေးကို ခရီးလွန်ခဲ့ ကြတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ဘယ်လို"

"အေး မင်းတို့အတော်လေး လမ်းလွဲ ခရီးလွန်ခဲ့ကြတာလို့ ပြောတာ၊ မီးလောင်ကုန်းပြန်ဖို့ဆိုတာ သိပ်မလွယ်တော့ဘူးကွ၊ လမ်းပြကောင်းကောင်းရှိပါမှ ပြန်ရောက်နိုင်မယ်၊ ပြီးတော့ လမ်းမှာ သုံးညလောက် အိပ်ရလိမ့်မယ်"

"ဟင် နို့ဖြင့် ကျွန်တော်တို့ ဘယ်ရောက်နေကြတာတုန်း၊ အဘတို့ကကော မုဆိုးတွေပဲလား၊ ဘယ်ရွာကလဲ"

ကျွန်တော်က မေးလိုက်၏။

"ခု သည်နေရာနှင့်ပြောမယ်ဆိုလျှင်ဖြင့် အနီးဆုံးရွာက ငါတို့ ရွှေမြယာရွာပဲကွ"

"ဗျာ"

"ဟင်"

ရွှေမြယာရွာဆိုလေသည်ကြောင့် ကျွန်တော်သည် အဖိုးအိုသုံးယောက်ကို သတိရလိုက်လေ၏။ သို့ကြောင့် အဖိုးအိုသုံးယောက် အကြောင်းကို မေးမည်အပြုတွင်-

"ရွှေမြယာရွာဆိုတာ သိလား"

မေးလာသဖြင့်

"မသိဘူး" လို့ ပြောလိုက်၏။

"ငါက ရွှေမြယာရွာသူကြီးပေပဲကွ"

"ဟင်"

"ဗျာနိ"

"ဟဲ ဟဲ ဟဲ ရွာသူကြီးနှင့်ဆုံလိုက်တော့ အံ့ဩသွားပြီလား ဘယ့်နှယ့်

www.burmeseclassic.com



သူကြီးက တောတောင်ထဲလာ အမဲပစ်နေတာပါလိမ့်လို့ ထင်သွားပြီးပေါ့"

"အဲလို မဟုတ်ဘူးလား"

"ဘယ်ဟုတ်ပါ့မလဲကွ၊ ငါတို့ရှာက ဆိုးသွမ်းလူကြီးသုံးယောက်ကို လာရှာတာ"

"အလိုလေးဗျာ"

ကျွန်တော် အဖိုးအိုသုံးယောက်အကြောင်း မပြောလိုက်မိသေးတာ ကံကောင်းပေစွဟု ထင်မိ၏။ ပြောလို့ဘယ်ဖြစ်ပါ့မလဲ။

အဖိုးအိုသုံးယောက်က ရွှေမြယာသူကြီးအကြောင်း ပြောထားဖူးသည်ကို၊ ဟုတ်မဟုတ်တော့ဖြင့် စောင့်ကြည့်ရပေဦးမည့်ပေါ့။

"ဝမ်းသာလိုက်တာဗျာ၊ နို့ဖြင့် ကျွန်တော်တို့ကို ကူညီပါ"

သို့ ကျွန်တော်က ပြောလိုက်၏။

"အေးလေကွာ၊ ကူညီရတာပေါ့၊ နို့ပေမင့်လို့ လောလောဆယ်တော့ ငါ ဆိုးသွမ်းလူကြီးသုံးယောက်ကို ရှာရဦးမယ်ကွ၊ အင်မတန် အန္တရာယ်ကြီးတဲ့ကောင်တွေ၊ အလွတ်ပေးလို့မဖြစ်ဘူး"

သို့ပြောလိုက်သည့် အဖိုးအိုကို ကျွန်တော်က စေ့စေ့ကြည့်ပြီး-

"သိခွင့်ရှိမလားပဲ၊ ကျွန်တော်တို့လည်း ကူရှာသင့် ရှာပေးပါ့မယ်ဗျာ၊ ပြီးလျှင်သာ ကျွန်တော်တို့ကို မီးလောင်ကုန်းအပြန်လမ်းကို ညွှန်ပေးစမ်းပါ"

သို့ပြောလိုက်သည့် ကျွန်တော့ကို ထိုလူကြီးက အသေအချာ စိုက်ကြည့်ပြီး သူ့လူနှစ်ယောက်ဘက် လှည့်ကာ-

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့အတွက် အဖော်ရပြီကွ၊ ဟိုသုံးယောက် ပြေးလွတ်လိမ့်မယ် မဟုတ်ဘူး၊ မင်း·သည်တောကျွမ်းတာ မဟုတ်လား"
သို့ သူ့လူနှစ်ယောက်တွင်မှ ပိန်ပိန်ပါးပါး၊ နှုတ်ခမ်းမွှေးကားကား၊ မေးသွယ်သွယ်၊ အသားမဲမဲ လူတစ်ယောက်ကို မေးလိုက်၏။

"ကျုပ်အစ်ကိုက ပိုကျွမ်းလိမ့်မယ်"
သို့ ထိုသူက သူကြီးကိုပြန်ပြောလာသဖြင့် သူကြီးက ကျွန်တော့ဘက် ပြန်လှည့်လာချေပြီး-

"အေး သူ့အစ်ကိုက သည်တောကျွမ်းတဲ့မုဆိုးပဲကွ၊ သူခရီးလွန်နေလို့ မကြာခင်ပြန်ရောက်မှာပါ၊ သူ့ရွာပြန်ရောက်လျှင်ဖြင့် မင်းတို့ကို ပြန်လိုက်ပို့ခိုင်းမယ်"

"ကျေးဇူးတင်လိုက်တာဗျာ"
"ငါ့နာမည်လည်း မှတ်ထားချေဦး"

"ပြောပါ"

"ရွှေမြယာသူကြီး နှုတ်ခမ်းမွှေးစိုးညွန့်ဆို မသိသူမရှိဘူး"
သို့ပြောလေသည်အတွက် ကျွန်တော်သည် မြို့ပြမှ မိတ်ဆွေတစ်ယောက်ဖြစ်သော ရေးဖော်ရေးဖက် နှုတ်ခမ်းမွှေးဦးညွန့်ကို သတိရလိုက်သေးတော့၏။

ပြောဟန်ဆိုဟန် တပုံတည်းပါကလား၊ အသံကျယ်ကျယ် အာခြောင်အာရှင်းသန်သန် ပြောတတ်ခြင်းလည်း တူလွန်းလှချေ၏။

"မင်းတို့နာမည်တွေ ပြောဦးလေကွာ။ ဘယ်မှာနေကြသတုန်း"

www.burmeseclassic.com

www.burmeseclassic.com



သို့ပြောလာသဖြင့်

အပျော်စမ်းမုဆိုး လင်းမြင့်လှိုင်နှင့်ကိုပိုက်ဖြစ်ကြောင်း ပြောလိုက်ရလေ၏။ ရန်ကုန်မြို့ကြီးက လာကြသည်ဟုလည်း ပြောလိုက်၏။

"သူတို့သိပုံမပေါ်" သို့လည်း ကောင်းသည်ပဲ။

"ကဲ.ကဲ ဂျီတစ်ကောင်တော့ ရလိုက်ပြီ၊ ငါတို့လည်း သားကောင်တွေကို မပစ်ချင်ဘဲ ပစ်နေရတယ်ကွာ၊ ဒါကလည်း ဟိုသုံးယောက်ကြောင့်ပေါ့၊ ငါတို့ သူတို့ကိုလိုက်ရှာကြတာ တစ်ပတ်ရှိနေပြီ၊ သည်တောထဲမယ် ရှိတယ်ဆိုတာ အသေအချာသိထားတယ်၊ သစ်ခုတ်သမားတွေ တွေ့မိတယ်ပြောတယ်၊ နို့ကြောင့် မတွေ့မနေလိုက်ရှာရတာ"

"သိခွင့်ရှိလျှင် မေးချင်တယ်"

"ပြောသင့်တာဆို ပြောမယ်လေ"

"သူတို့က ရွာမှာဘာလုပ်ခဲ့ကြလို့တုန်း"

လင်းမြင့်လှိုင်က မေးလိုက်၏။

"မင်းတို့ကို ပြောလျှင်ဖြင့် ယုံပါ့မလားမသိဘူး၊ တကယ့်ဆိုးသွမ်းလူကြီးတွေပဲကွ၊ အသက်ကလည်း (၇၀)ကျော်နေကြပြီ၊ နို့တောင်မှ ဆိုးတုန်း၊ အမွှာညီအစ်ကိုတွေလေ၊ တစ်ယောက်က ကျားလိုကောင်၊ အဲဒါက အစ်ကိုပေါ့၊ တစ်ယောက်က ခြင်လိုကောင်၊ တစ်ယောက်က ဂဏာန်းလိုကောင်"

သို့လူကြီးက ပြောလာသည်ကို ကျွန်တော်တို့သည် အမွှာသုံးယောက်ကို မြင်ဖူးဆုံဖူးသည်ကြောင့် မအံ့သြတော့ပါချေ။ ထို

www.burmeseclassic.com

www.burmeseclassic.com



အမွှာသုံးယောက် ပြောသည်ကတော့ ရွှေမြယာသူကြီးဆိုးသည်တဲ့၊ ခု သူကြီးပြောတော့ သူတို့သုံးယောက်ဆိုးသည်တဲ့၊ ဘာလိုတွေများ ဆိုးလို့တုန်းသိလိုသဖြင့် သူကြီးပြောသည့်စကားကို တိတ်ဆိတ်၊ နားစွင့်နေလိုက်၏။

"တကယ်တော့ အမွှာအကိုကြီး ကျားက ငါတို့ရွာ သူကြီး ဟောင်းပဲကွ၊ သူကြီးဘဝက သည်လောက်မဆိုးဘူးကွ၊ သူ ရပ်ရေးရွာ ရေးလည်းမလုပ်နိုင်၊ အသက်အရွယ်ကလည်း ကြီးလာတော့ အရင် တလို ဖျတ်ဖျတ်လတ်လတ်မရှိလေတော့၊ သူ့ကိုရွာသားတွေက အနားပေးလိုက်တယ်လေ၊ ပြီးတော့ ငါ့ကို ရွာသူကြီးတင်လိုက်ကြ တယ်"

"ပထမတော့ ဟုတ်လို့ပေါ့ကွာ"

"စိုးညွန့် မင်းတို့လိုလူငယ်တွေက ပိုလုပ်နိုင်တာပေါ့၊ ကောင်းတယ် ကွာ၊ ငါလဲ ကူမယ်ပေါ့

နို့ပေမင့်လို့ကွာ သူကသူကြီးဟောင်းဆိုပြီး အခွင့်အရေး တွေ တောင်းဆိုလာတယ်၊ ဆိုပါစို့ သူ့ဆီဧည့်သည်လာလျှင် ဧည့် စာရင်း မတိုင်ပေဘူး၊ သူ သူကြီးဟောင်းမို့လို့ တိုင်စရာမလိုဘူးပေါ့၊ ထားပါလေ လူမှုရေးအရ သူ့ကိုယုံကြည်လို့ သူပြောသလို အခွင့် အရေးပေးလိုက်ပါတယ်၊ နို့ပေမင့်ကွာ သူ့ဆီရောက်လာတဲ့ လူအများကိုတော့ မဟုတ်ဘူးပေါ့၊ တခါတလေ မူမမှန်တဲ့လူတွေ ရောက်လာတယ်၊ အဲ သူတို့ပြန်သွားပြီဆို ရွာမှာပြဿနာဖြစ်ကျန် ခဲ့တော့တာပဲ"

"ဘယ်လိုဖြစ်တာတုန်း"

www.burmeseclassic.com

www.burmeseclassic.com



"ခါးမြအတိုက်ခံရတာတို့၊ ပစ္စည်းအလုခံရတာတို့ပေါ့"

"တိုက်ဆိုင်တာကော မဖြစ်နိုင်ဘူးလား"

သို့ လင်းမြင့်လှိုင်က ပြောလိုက်၏။

"ဘယ်ဟုတ်ပါ့မလဲကွ၊ အဲဒီခြေ့သည်ကောင်က ဘာဝဲရွာက ကောင်တွေ သိတာပေါ့၊ ခါးပြမှုနဲ့ ခဏခဏထောင်ကျခဲ့တဲ့ကောင်လို့ သိရတယ်"

"အဲလိုတွေပေါ့ကွာ သည်တော့ သူ့ကို ငါကပြောတာ"

"အင်း အဲဒါ သူ့ကိုစော်ကားဘာပဲလို့ ပြောတယ်"

"ပြီးတော့ ရွာထဲမယ်ရှိတဲ့ မုဆိုးတွေကို ငါကမှာထားတယ်၊ ရွာပတ်ဝန်းကျင်က တောထဲရှိတဲ့သားကောင်တွေကို မပစ်၊ မသတ်ကြပါနဲ့လို့"

"အားလုံးက နားထောင်တယ်၊ သူက နားမထောင်ဘူး၊ ပြီးတော့ ငါ့သေနတ်ကို ခဏခဏလာငှားတယ်၊ သည်တော့ ငါလဲ ဘယ်ကောင်းပါ့မလဲ၊ ရွာကပြောတော့မှာပေါ့၊ နောက်တော့က ငါက မငှားတော့ဘူးကွာ၊ အဲဒီတော့ ဘာပြောလဲဆိုတော့ သူ့သေနတ်ကို ငါကသိမ်းထားတယ်တဲ့"

"အဲဒါကော ဟုတ်လား"

သို့မေးလာသည့် ကျွန်တော့ကို သူကြီးက တအံ့တသြ ကြည့်လာ တော့မှ ကျွန်တော်စကားပြောမှားသွားသည်ကို သတိရလိုက်လေ၏။ အဖိုးအိုကကြီးက ပြောခဲ့ဖူးသည်ကို၊ သူ့သေနတ်ကို သူကြီးက သိမ်း သွားသည်လို့ဆိုသည်ကို သတိရလိုက်၍ သို့အမှတ်မဲ့ မေးလိုက် ခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"သည်မေးခွန်းက ဘာသဘောနဲ့ မေးတာတုန်း"

သူကြီးစိုးညွန့်က ကျွန်တော့်ကို သက်ာမကင်းဖြင့် မေးလာလေ၏။ ကျွန်တော် ဘာပြောရမည်မသိ။

"အော် သူကြီးပဲပြောတာ အံ့သြပြီးမေးလိုက်တာပါ၊ သူကြီး သေနတ်ကို သူ့သေနတ်လို့ပြောလာတယ်ဆိုကတည်းက သည်လူ မဟုတ်လောက်တော့ဘူးပေါ့ ဟုတ်လား"

သို့လင်းမြင့်လှိုင် ဝင်ပြောလေမှ-

"အေး တကယ်တော့ သည်သေနတ်က ရွာလူကြီးတွေ ဆင့်ကဲဆင့်ကဲ ကိုင်နေတာပဲကွ၊ ငါ သူကြီးဘဝက အနားယူရလျှင်လည်း နောက်လူကြီးကိုပေးရမှာလေ၊ သည်တော့ ငါ့သေနတ်လို့ ဘယ်လို ပြောလို့ရမှာတုန်းကွ"

"အော် ဟုတ်ပြီ သူကအလျှင်သူကြီးဆိုတော့ သူ့ဆီက ယူလိုက်တာနဲ့ သူ့သေနတ်လို့ပြောတာကိုး၊ အတော် မဟုတ်တဲ့သူပေပဲဗျ"

သို့ ကျွန်တော်က ပြောလိုက်လေမှ စောစောက ကျွန်တော့်အပေါ်မှာ အမြင်မကြည်လင်ဖြစ်သွားသော သူကြီးမျက်နှာ ပြန်လည်တည်ငြိမ်လာတော့၏။

"နောက်ဆုံးသူတို့ ရွာကပြေးလာကြတာ ဘာကြောင့်များတုန်း၊ အတော်ကြီးလေးတဲ့အပြစ်ကို လုပ်ခဲ့ကြတာဖြစ်မယ်နော်"

သို့ဆိုသလို ကျွန်တော်က မေးလိုက်သည်တွင်

"ပြောရမှာတောင်ရှက်တယ်ကွာ၊ ငါတို့ရွာမယ် အရှုံမတစ်ယောက် ရှိတယ်၊ မတင်ရွှေတဲ့၊ သူ့ကိုသားမယားအဖြစ် ကျားကောင်က ပေါင်း

www.burmeseclassic.com



သင်းနေတယ်လေကွာ"

"အလိုလေးဗျာ ဘယ်လိုပါလိမ့်"

"သူကြီးဘဝတုန်းကလည်း မိန်းမသုံးလေးယောက်ပဲကွ၊ သူကြီးလဲပြုတ်တာနဲ့ သူ့မိန်းမတွေလဲ သူနဲ့မနေတော့ဘူး၊ ဘယ်နေပ့ါမလဲကွာ သူကြီးဘဝတုန်းက သူတို့ကို အတင်းအဓမ္မနည်းမျိုးစုံနဲ့ တော်ကောက်ထားတာလေ၊ တကယ်တော့ သူက အရှုးပဲကွာ၊ သူ့ကိုယ်သူ ရွာသူကြီးအဆင့်လေးနဲ့ ဘုရင်တစ်ပါးလို့ ထင်နေလားမသိတာ၊ သူကြီးဘဝက ပြုတ်ပြီး မိန်းမတစ်ယောက်မှ မရှိတော့ သူလိုလူမယ် မယားတစ်ယောက်တော့ ရှိသင့်တယ်ဆိုပြီး ရရာမိန်းမကို ကောက်ယူတော့တာလေ၊ သူလိုလူကို ဘယ်မိန်းမက လိုချင်ကြမှာတုန်းကွာ၊ အရှူးမကတော့ ဘာသိမှာတုန်း၊ သည်လူ ကြာလေ ပိုပြီးရူးသွပ်လေ၊ နို့ကြောင့် သည်အတိုင်းလွှတ်ထားလို့ မရတော့ဘူးလေ"

"နို့ဖြင့်လည်း သူ့ဘာသာ တောတောင်ထဲ ထွက်ပြေးလာတာ ရှိပါစေပေ့ါ၊ ကိုယ့်ရွာပြန်လာတာမှ မဟုတ်တာ"

သို့ လင်းမြင့်လှိုင်ကပြောလာသည်တွင် သူကြီးစိုးညွန့်သည် မျက်လုံးမျက်ဆံပြူးပြကာ-

"အဲလိုမဟုတ်ဘူး၊ အဲလိုမဟုတ်ဘူး၊ သူ ရွာကထွက်လာတာ ငါ့ကိုတော်လှန်ဖို့ အင်အားတွေစုနေတာကွ"

အင်း သူကြီး၏ဆိုစကား အမှန်ဆိုသည်ကို ကျွန်တော်တို့ လက်ခံလိုက်ရချေ၏။ ဘယ်တွက်မူ ကျွန်တော်တို့ကို အဖိုးအိုကြီး ဖွင့်ဆိုခဲ့လေသည်ပဲ၊ ပြောပြခဲ့လေသည်ပဲ။

ခုနေခါတော့ဖြင့် ဘယ်သူပြောတာမှန်သည်၊ မဝေခွဲတတ်

www.burmeseclassic.com

www.burmeseclassic.com



ပါချေ။ သူကြီး စိုးညွန့်နှင့် ယခုဆုံကြလေပြီ၊ လေ့လာအကဲခတ်ခွင့် ရပေတော့မည်။

"သူကြီးတို့ ဘယ်တော့လောက် ရွာပြန်ကြမလဲ"

ကျွန်တော်က မေးလိုက်၏။

"မင်းတို့ကံကောင်းတယ် ပြောရမှာပဲကွာ၊ ဘာလို့လဲဆို တော့ သဘက်ခါလောက်ပြန်တော့မလို့"

"နို့ဖြင့် ဟိုသုံးယောက်ကို မရှာတော့ဘူးလား"

"နက်ဖြန်တစ်ရက်တော့ဖြင့် ရှာဦးမယ်ကွာ၊ ငါတို့တွေ သည်တောလဲ နှံ့သလောက် ရှိနေပြီကွ၊ ငါတို့တွေ နတ်ချောင်းဘက် တစ်ချက်သွား ကြည့်မယ်စိတ်ကူးထားတယ်"

"နတ်ချောင်းဆိုတာ . . ."

"အဲဒီနေရာက နတ်ကြီးတယ်ပြောတာပဲ၊ နို့ကြောင့် နတ်ချောင်းလို့ ခေါ်ကြတာပဲ၊ မုဆိုးတွေ သစ်ခုတ်ဝါးခုတ်သမားတွေ၊ အဲဒီ နတ်ချောင်းကို ရှောင်ကြတယ်"

"နို့ဖြင့် သူတို့သုံးယောက်ကကော အဲဒီ သွားကြပါ့မလား"

"ဟင် သူတို့ပုန်းခိုဖို့နဲ့ ပြင်ဆင်ဖို့ကို အဲဒီမှာ အခြေချလုပ်မှ ရနိုင်မယ် ထင်ပြီး သွားကြလျှင်ဖြင့် မသိဘူးပေါ့ကွာ"

"ဟုတ်ပါပြီ၊ ကျွန်တော်တို့လဲ အဲဒီနေရာမျိုးကို ဗဟုသုတ အနေနဲ့ သွားချင်ပါတယ်၊ တစ်ချက်ခုတ်နှစ်ချက်ပြတ်ပေါ့"

သို့ လင်းမြင့်လှိုင်ကလည်း ဝင်ပြောလာချေလေ၏။

သို့ဖြင့် ကျွန်တော်တို့သည် သူကြီးစီစဉ်သည့်နေရာတွင် နားလိုက် ကြပြီး ဂျီကောင်ကို မီးကင်လိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင်က ဂျိုကောင်အသားဖျက်ရာတွင် ဝိုင်းကူသည်။ ကျွန်တော်သည်လည်း ထင်းခြောက်များကို လိုက်လံစုဆောင်းပေးလိုက်၏။

"မင်းတို့တွေ လိမ္မာသိတတ်သားကလား"

သို့နှင့် သူကြီးက သဘောကျပြောလာလေ၏။ မည်သို့ပင်ဖြစ်စေ သူကြီး ကျွန်တော်တို့အပေါ် အမြင်ရှင်းဖို့ မဟုတ်ပါကလား။

"သူကြီး သောက်တတ်စားတတ်လား"

ဂျိုသားမီးကင်ကျက်၍ စားကြမည်တွင် လင်းမြင့်လှိုင်က မေးလိုက်၏။

"ငါ သူကြီးဖြစ်ပြီးကတည်းက ဖြတ်ထားတာကွ"

"နို့ဖြင့် သူတို့နှစ်ယောက်ကော သောက်တတ်လား"

"ဟကောင်ရ မလုပ်ပါနဲ့၊ ငါမသောက်မှတော့ သူတို့ ဘယ်သောက်ရပ့်မလဲကွ၊ နို့ဖြင့် သူတို့နှစ်ယောက်ကို ငါ့ရဲ့လူယုံအဖြစ် ဘယ်ထားပါ့မတုန်း။ မင်းတို့ဘာသာလုပ်ကြချေကွာ၊ ငါ့ကို အားမနာနဲ့"

"အင်း သို့ဆိုတော့ သူကြီးက ဘယ်ဆိုးလို့တုန်း"

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ဝီစကီပုလင်းပြားလေးကိုထုတ်၍ သောက်လိုက်ကြ၏။ အမြည်းအလို့ငှာ ဂျိုသားမီးကင်ဖြစ်ချေ၏။ သူကြီးနှင့်သူ့လူနှစ်ယောက်သည် ဂျိုသားမီးကင်ကို အဝစားနေကြတော့၏။

"သင်္ကာဝါတွေရဲ့အသားကို မြိန်ရည်ရှက်ရည်စားကြတာ မကောင်းပါဘူး၊ နို့ပေမင့်လို့ ငါတို့အတွက် အားလိုသေးလေ၊ သည်

www.burmeseclassic.com

www.burmeseclassic.com



ဘာမယ် ငါးလဲရှာမရဘူး၊ ငှက်ပျောတောလည်းမရှိဘူး၊ သည် တော့ ကမ္ဘာမီးလောင် သားကောင်ချနင်းရတာပေါ့ကွာ"

သို့ဆိုသလို သူကြီးက သူ့စိတ်တွင်းရှိသည်ကို ပြောနေလေ သည်လား၊ ဟန်ဆောင်နေသည်လား ဆိုသည်ကတော့ဖြင့် သူသာ လျှင် အသိဆုံးဖြစ်ချိမ့်မည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော်တို့သည် ရွှေမြယာဆိုသည့် ရွာတို ရောက်ပေရော့မည်။

အဖိုးအိုကကြီး၊ ခခွေး၊ ဂငယ်တို့အကြောင်းကိုလည်း ရွာ ရောက်လျှင် သိရလိမ့်မည်ထင်ပေသည်။

စားသောက်ပြီးနောက် အချိန်ရှိသေးသည်ကြောင့် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ထိုနေရာလေးမှ ထွက်ခဲ့ကြ၏။

သူကြီးနှင့်အဖော်နှစ်ယောက်သည် တနေကုန်ပင်ပန်းခဲ့ သည်ကြောင့် သစ်ပင်ကိုကျောမှီ မှိန်းကျန်ရစ်ခဲ့ကြလေ၏။

"ကိုလင်း သူတို့တွေ ကျွန်တော်တို့ကိုထားပြီး ထွက်သွား လျှင် ဘယ်လိုလုပ်မလဲ"

ကျွန်တော်က လမ်းတွင် လင်းမြင့်လှိုင်အား မေးလိုက်၏။ လင်းမြင့်လှိုင်က ပြုံး၍ကြည့်လာချေပြီး-

"ဘယ်လိုဖြစ်နိုင်မှာတုန်း၊ ခုချိန်မှာ သူတို့က ကျွန်တော်တို့ နှစ်ယောက်ကို လုံးဝမျက်ခြေပြတ်ခံမှာ မဟုတ်ဘူးဗျ"

"အလိုလေးဗျာ ဘာလို့တုန်း"

"ကျွန်တော်တို့မှ ဒါတွေပါလို့လေ"

လင်းမြင့်လှိုင်က သေနတ်ကိုပုတ်ပြ ပြောလာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"သူတို့မယ်ပါတာပဲ၊ ပြီးတော့ သူတို့ထွက်လာကတည်းက သေနတ် တလက်၊ ဓါးတစ်ချောင်း၊ လှံတစ်ချောင်းပဲ ပါလာတာ မဟုတ်လား ကျွန်တော်တို့နဲ့ မဆုံခင်ရက်အတော်များများ သူတို့တောတောင်ထဲ လျှောက်သွားပြီး အဖိုးအိုသုံးယောက်ကို ရှာနေကြတာပဲ"

"ကိုပိုက်က ဒါပဲသိတာကိုး"

"သည်ထက်ပိုသိရအောင် ပြောပေါ့ဗျာ"

"သူကြီးသေနတ်ထဲမယ် ကျည်တစ်တောင့်ပဲ ရှိတော့တာလေ၊ သည် တော့ သူတို့ပြန်ဖို့ လုပ်နေကြတာပေါ့၊ နက်ဖြန်တစ်ရက် လိုက်ရှာမယ် ဆိုတာတောင် ကျွန်တော်တို့အားကိုးနဲ့ဗျ"

"မရှင်းဘူးဗျာ"

"အော် ဒီလိုလေ၊ အဖိုးအိုသုံးယောက်ကို ကိုပိုက်လဲ ကြုံခဲ့ကြတာပဲ အသက်အရွယ်သာကြီးပေမင့် သန်တုန်း၊ မြန်တုန်းမဟုတ်လား၊ ပြီး တော့ ကကြီးအဖိုးအိုကဆို သူ့မယ်မာန်တွေရှိတယ်၊ ခွန်အားတွေ ရှိတယ်၊ ရက်စက်တတ်တဲ့စိတ်မျိုးလဲ ပိုင်ဆိုင်ထားတယ်လေ၊ သူကြီး ပြောသလို အဖိုးအိုကကြီးတို့ ဆိုးသည်ဖြစ်စေ၊ မဆိုးသည်ဖြစ်စေ တကယ်တန်း ထိပ်တိုက်တွေ့ကြမယ်ဆိုလျှင်ဖြင့် ကကြီးအဖိုးအိုက သူကြီးတို့သုံးယောက်ကို သေနတ်သာမရှိလို့ကတော့ ဘယ်အလွတ် ပေးပါ့မလဲဗျာ၊ သူကြီးတစ်ယောက် ကျားရှေ့မှောက်လျက်လဲဆိုသလို တောင် ဖြစ်သွားရှာဦးမယ်။ သူကြီးကလဲ သေနတ်အားကိုးနဲ့ လိုက် ကြတာဖြစ်မယ်ဗျ"

"ဒို့ဖြင့် ကိုလင်းက ဘယ်လိုကြောင့် သူကြီးမှာ ကျည်တစ် တောင့်ပဲ ရှိတော့တယ်လို့ တတ်အပ်ပြောရတာတုန်း၊ သူ့အကြံအိတ်

www.burmeseclassic.com

www.burmeseclassic.com



တပ်ထဲမယ် ကျည်ပိုတွေ ရှိလျှင်ဖြင့်ရှိမပေါ့"

"သူကြီးတို့သုံးယောက် ကြိတ်ပြောနေတဲ့စကား ကျွန်တော် ကြားလိုက်လို့ ခုလိုဖြေနိုင်တာပေါ်ဗျာ"

"လုပ်ပါဦး"

"ကျွန်တော် သူတို့နဲ့ခပ်လှမ်းလှမ်းမှာရှိနေတယ်လေ၊ သူတို့ ကျွန်တော် မကြားဘူးထင်ပြီး တိုးတိုးလေးပြောနေကြတယ်၊ သည်လို . . ."

"ငါတို့မယ် ကျည်တစ်တောင့်ပဲရှိတော့တယ်" သူကြီးက ပြောတယ်။

"နို့ဖြင့် ပြန်ကြမယ်"

သူ့တပည့်တစ်ယောက်က အဆိုပြုတယ်။

သည်တော့ သူကြီးက

"ဟိတ်ကောင်တွေ ငါတို့သည်ရောက်ခဲ့ပြီးမှ အဖိုးအိုသုံး ယောက်ကို မတွေ့တွေ့အောင် ရှာမယ်ကွာ။ အေး ငါတို့ ကနေ့ထိ မတွေ့ပေမင့် လက်လျှော့ကြမယ်ဆိုလည်း နက်ဖြန်တရက်တော့ နတ်ချောင်းဘက် သွားမယ်ကွာ"

"အဲဒါက မဖြစ်ဘူးထင်တယ်၊ အဖိုးအိုသုံးယောက်အတွက် ဆောင် ကျွန်တော်တို့မယ် ကျည်မရှိတော့တာ၊ နတ်ချောင်းက နတ်ကြီးတယ်၊ ကျည်လုံလုံလောက်လောက် မရှိလို့ကတော့ မသွား ပံ့ပါဘူး သူကြီးရယ်"

နှုတ်ခမ်းမွှေးကားကား လူဗလံ တပည့်တစ်ယောက်က ပြောတယ်

သည်တော့ သူကြီးက ကျွန်တော့ဘက် မျက်စပစ်ပြပြီး-

www.burmeseclassic.com

www.burmeseclassic.com



"သူတို့မယ် သေနတ်နှစ်လက်တောင်ရှိတယ်၊ သူတို့ကို ကူညီမယ်ဆိုပြီး နတ်ချောင်းဘက်ခေါ်သွားမယ်"

"နို့ဖြင့်သူကြီးက သူတို့ကိုကူညီမယ်ဆိုတာ သဘော လော်က် ပြောတာပေါ့"

"အဲလိုလဲ မဟုတ်ဘူးလေကွာ၊ ငါတို့တွက် ကူညီပေးရုံ တစ်ရက်ပါပဲ၊ ဟိုသုံးယောက်ကိုတွေ့လျှင်ဖြင့် ကိစ္စပြတ်ပြီပေါ့၊ မတွေ့ လျှင်ဖြင့်လည်း ကိစ္စမရှိဘူးလေ၊ ငါတို့နေရာစုံပြီပဲ၊ ရွာပြန်တော့ ခေါ် သွားမှာပါ၊ ပြီး မင်းအစ်ကိုကို သူတို့လမ်းပြအဖြစ် ထည့်ပေးလိုက်တာ ပေါ့"

"ဟူး တော်ပါသေးရဲ့"

လင်းမြင့်လှိုင်ပြန်ပြောလာသည်တွင် သို့သူကြီးသဘောထား သိရ သဖြင့် စိတ်ချမ်းသာသွားရချေလေ၏။

နတ်ချောင်းဘယ်ဆီရှိမှန်း မသိပေမင့် ကျွန်တော်တို့သည် သူကြီးတို့သုံးယောက်နောက်မှ အေးအေးလူလူ လိုက်ခဲ့ကြ၏။ သို့ဆို တော့-

"လာချေကွာ မြန်မြန် မိုးမချုပ်ခင် ငါတို့ဆင်တဲဝကို ရောက် ဖို့လိုတယ်"

အလိုလေးဗျာ ဆင်ဟဲဝဆိုပါကလား၊ သို့ကြောင့်-

"ဆင်စခန်းသွားတဲ့ လမ်းဆုံနေရာမျိုးကို ပြောတာလား" သို့ ကျွန်တော့အမြင်ကို ပြောလိုက်၏။ ဆင်စခန်းရှိရာသို့သွားသည့် လမ်းထိပ်နေရာမျိုးကို ခေါ်ခြင်းဟုတွက်လိုက်၏။

"ဘယ်ကဟုတ်ရမှာလဲကွာ၊ တချိန်က ဆင်ဦးစီးတယောက်

www.burmeseclassic.com

www.burmeseclassic.com



လမ်းပျောက်ပြီး အဲဒီနေရာမှာ သုံးလေးရက်လောက် စခန်းချသွားလို့ 'ဆင်တည်း'ဝလို့ခေါ်တာကွ၊ အနီးတဝိုက် ဘယ်ကဆင်စခန်းရှိရမှာ တုန်းကွာ၊ နတ်ချောင်းဝနဲ့ဆို မဝေးတော့ဘူးလေကွာ"

"အော် အဲလိုလား"

သည်သို့ဖြင့် ကျွန်တော်တို့သည် သူကြီးအလိုကျ ခပ်သွက်သွက် လျှောက်လိုက်လေ၏။ ကျွန်တော်တို့လာခဲ့သည့်ခရီးတလျှောက် သစ်ပင်ချုံပုတ်ပင်တို့ကို တိုးဝှေ့လျှောက်နေခြင်းတော့ဖြင့် အလျဉ်း မရှိပါချေ။ ရေမရှိသည့်ချောင်းတို့မှာ အလွန်များလေ၏။ မည်သည့် ချောင်းဖြစ်သည်ကိုတော့ဖြင့် မသိ၊ မသိသလိုနေလိုက်တော့၏။ တကယ်တော့ ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ဘယ်ရောက်လို့ ရောက်မှန်း မသိပါချေ။ သို့ငြား ကျွန်တော်တို့အတွက် လမ်းညွှန်ပြ နိုင်သည့် လူသားများနှင့်ဆုံတွေ့ရှိနေရခြင်းကြောင့် စိုးရိမ်ပူပန်မှု အလျှဉ်းမဖြစ်ပါချေ။

"အ အ အာ နေဦး နေဦး"

ရှေ့မှဦးဆောင်သွားသည့် သူကြီးက ရုတ်တရက်ရပ်လိုက်လေပြီး ရှေ့သို့ သေချာကြည့်နေလေ၏။

"ဘာဖြစ်လို့တုန်း"

"လူတစ်ယောက်လို့ ထင်တယ်"

"ဘယ်မတုန်း"

ကျွန်တော်က ရှေ့သို့လှမ်းကဲကြည့်ပေမင့် အရိပ်အယောင်ပင် မမြင် လေသဖြင့် သို့ပြောလိုက်၏။

"ဟိုရှေ့က ဝါးတောထဲဝင်သွားတယ်"

www.burmeseclassic.com

www.burmeseclassic.com



"နို့ဖြင့်လည်း လိုက်ကြမလား"

"ငါတို့သွားရမှာတော့ သည်လမ်းပဲ၊ အေးလေ လူရိပ်တွေ့ လိုက်တယ်ဆိုတော့ အမှာသုံးယောက်လည်း ဖြစ်နိုင်တာပဲ"

သူကြီးက လက်ဝဲဘက်လမ်းမြောင်လေးကို ညွှန်ပြပြော လေပြီး လူရိပ်တွေ့လိုက်သည်ဆိုသည့် ဝါးတောဘက်သွားရန် ချီတုံ ချတုံဖြစ်နေလေ၏။

"အဖိုးအိုသုံးယောက်ဖြစ်နိုင်ချေများတယ်"

လှံကိုင်လူက ဝင်ပြောလေ၏။

"မင်းက သေချာလို့လား၊ နို့မှမဟုတ် ငါတို့တွက် ခရီးဖင့်နိုင် တယ်နော်"

သူကြီးက သို့ပြန်ပြောပြန်၏။

"သူကြီးရယ် ခု ကျုပ်တို့လာခဲ့ကြတာ သူတို့ကို မတွေ့မနေရှာဖွေ ဖမ်းနိုင်ဖို့ပဲ မဟုတ်လား၊ သည်တော့ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည် ဖြစ်စေ သွားကြည့်ရမှာပေါ့"

"အေးလေကွာ မင်းတို့ကော ဘယ်လိုသဘောရသလဲ"

သူကြီးက ကျွန်တော်တို့နှစ်ယောက်ကို မေးလာလေ၏။

"သွားသင့်တယ်"

လင်းမြင့်လှိုင်က သို့ပြောလာ၏။

"နို့ဖြင့်လည်း သွားကြမယ်ကွာ"

သည်တော့ ကျွန်တော်တို့သည် ခပ်သုတ်သုတ်ပင် ဝါးတောဘက် သွားလိုက်ကြ၏။

ဝါးတောနားရောက်သည်တွင်-

www.burmeseclassic.com

www.burmeseclassic.com



"မျှင်ဝါးတောကွ ကောင်းလိုက်တာ"
သူကြီးပြောသလိုပင် မျှင်ဝါးတော ကောင်းလွန်းလှချေ၏။ လက်ဖျံလုံးခန့် လုံးချောကြီးများ ဖြစ်ချေ၏။

ဝါးတောအတွင်းဝင်ဖို့ဆိုသည်ကတော့ဖြင့် လွယ်လိမ့်မည် မဟုတ်ချေ။ ဝါးတို့ကောင်းသည်လည်း မပြောလေနှင့်၊ လူတိုးမဝင်နိုင်လောက်အောင်ပင် ပြွတ်သိပ်ပေါက်နေခြင်းဖြစ်သည်ကြောင့်-

"သူကြီးပြောတာ မဖြစ်နိုင်ဘူးထင်တယ်"
သို့ကျွန်တော်က ပြောလိုက်သည်တွင် သူကြီးက မကျေမနပ်ကြည့်လာချေပြီး-

"ဘာကိုပြောချင်တာလဲ"
"သည်ဝါးတောထဲ လူဝင်သွားမယ်ဆိုတာပေါ့၊ ဘယ်လိုဖြစ်နိုင်မှာတုန်း၊ လူတိုးဝင်လျှင်တောင်မှ အတော်ကလေးကို ခက်ခက်ခဲခဲ အချိန်ပေးဝင်ရမှာ ဟုတ်ပါပြီး အဲဒီလူက တိုးဝင်သွားတယ်ပဲထားဦး၊ အထဲမှာ ကြတ်ညှပ်နေတော့မပေါ့၊ ဘယ်တွက်သည်ဝါးတောထဲ တိုးဝင်ရမှာတုန်းဗျာ"

သို့ဆိုသလို ကျွန်တော်က ဝါးတောအခြေအနေကိုကြည့်ပြီး ပြောလိုက်၏။ သို့သည်တွင် သူကြီးက တချက်တွေဝေစဉ်းစားလိုက်လေပြီး-

"ဟ ငါတို့အပတ်ခံလိုက်ရပြန်ပြီ ထင်တယ်"လို့ ပြောလာလေ၏။

"ဘယ်လို"
"အော် ငါတို့တောခြောက်ခံရတာများလားလို့"

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ပါဘူး သူကြီးရယ် ကျုပ်လဲ မြင်လိုက်တာပဲ"

သို့ လှံတိုကိုင်လူက ပြောလာချေ၏။

"ဟ ဟိုမယ် ဟိုမယ်"

သို့ရှိစဉ် ၄က်ကြီးတောင်မားကိုင်သူက ဝါးတောအတွင်းကြည့်ပြီး အလောတကြီးပြောလာသဖြင့် အားလုံးအကြည့်သည် ထိုလူထံသို့ ရောက်သွားကြ၏။

ပြီး ထိုလူကကြည့်ပြောနေသည့် ဝါးတောအတွင်း ကြည့်လိုက်ကြပြန်၏။

"ဘာတုန်း ဘာတွေ့လို့တုန်း"

"လူ . . လူ . . လူ"

"မတွေ့ပါကလား"

"ကျွန်တော့ကိုတောင် ကြည့်နေတယ်"

သို့ကြောင့် ကျွန်တော်တို့သည် သူညွှန်ပြရာသို့ အသေအချာ စူးစိုက်ကြည့်နေလိုက်ကြပြန်၏။

ကျွန်တော်တော့ဖြင့် ဘာကိုမှမတွေ့ပါချေ။ သို့ကြောင့် နံဘေးတွင်ရှိ လင်းမြင့်လှိုင်ကို လှမ်းကြည့်လိုက်၏။ မေးဆတ်ပြလိုက်၏။

"ကိုလင်းသဘောက ဘယ်လိုလဲ" မေးလိုက်ခြင်းဖြစ်၏။ လင်းမြင့်လှိုင်က ကျွန်တော့ကို မည်သို့မျှပြန်လည်ပြောလာခြင်း မရှိလေဘဲ ထိုနေရာသို့သာ စူးစိုက်မျက်မှောင်ကုတ်ကြည့်နေလေ၏။

ပြီး လက်တွင်းရှိ သေနတ်မောင်းကို တင်လိုက်၏။

"ချောက်"

www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုတော့ သူကြီးနှင့်သူ့လူနှစ်ယောက်သည် လင်းမြင့်လှိုင်ကို ငေးကြည့်လာကြလေ၏။

လင်းမြင့်လှိုင် ဘာကိုမြင်၍ သို့ပြုမူလိုက်ပါလိမ့်။

"သည်မယ် နေခဲ့ကြချေ"

သို့ဆိုလျှက် လင်းမြင့်လှိုင်သည် ဝါးတောအတွင်း ကိုယ်တစောင်းဖြင့်တိုးဝင်သွားလေ၏။ ကျွန်တော်တို့သည် လင်းမြင့်လှိုင်၏ လှုပ်ရှားမှုကိုသာ ကြည့်နေကြလေ၏။

သို့ဖြင့် လင်းမြင့်လှိုင်သည် အတွင်းကျကျသို့ ရောက်သွားလေ၏။ ထိုမှသည် ကျွန်တော်တို့အမြင်မှ တစတစဝေးသွားရာမှ ပျောက်သွားလေ၏။

မကြာလိုက်သောအချိန်ကလေးတွင်-

"ဒိုန်း"

ပြင်းထန်သောယမ်းအားပေါက်ကွဲသံသည် လင်းမြင့်လှိုင်ရှိသည့်နေရာမှ ပေါ်ထွက်လာသည်နှင့်အတူ တပင်တိုင်ထိပ်ဖျားတွင် ရှိနေဟန်တူသည့် တောကျီးကန်းတအုပ် လန့်ဖြန့်ပျံသန်းသွားကြလေ၏။

သို့သေနတ်သံကြားပြီးနောက်-

"ဝင်လာခဲ့ကြချေ"

သို့ လင်းမြင့်လှိုင်၏အသံသဲ့သဲ့ကို ကြား လိုက်ကြ၏။

"ဘယ်လိုဝင်မလဲ"

သူကြီးက ရှေ့သို့ကြည့်ပြီး ပြောလာ၏။ သူကြီးက ဝဝဖိုင့်ဖိုင့်နှင့်ကိုး။

"သည်လိုပဲ တစောင်းတိုးဝင်ကြတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကပြောလိုက်ရင်း ဦးဆောင်ဝင်သွားလိုက်၏။ ငှက်ကြီးတောင်ဓားကိုင်နှင့် လှံကိုကိုင်သူနှစ်ယောက်သည် ပိန်ပိန်သွယ်သွယ်ဖြစ်လေခြင်းကြောင့် အခက်အခဲမရှိကြသော်ငြား သူကြီးမှာမူ သူ့ခန္ဓာကိုယ်ကြီးနှင့်မနည်းတိုးဝင်ခဲ့ရလေ၏။

သို့ဝင်ခဲ့ကြရာမှ ခရီးအတော်ရောက်လောက်တွင် ဝါးပင်တို့တစ်ပင်နှင့်တစ်ပင် ခပ်ကျဲကျဲဖြစ်လေခြင်းကြောင့် အဆင်ချောလာရလေ၏။

"ဟင်"

လင်းမြင့်လှိုင်သည် ဝါးပင်တောအတွင်း ပေါက်လျှက်ရှိ ကျွန်းပင်ကြီးတစ်ပင်အောက်တွင် ခြေပစ်လက်ပစ်ထိုင်နေလေ၏။

သူ့ရှေ့တွင်မူ လူတစ်ယောက် မှောက်ခုံကြီးလဲနေလေ၏။ သို့မြင်ကွင်းကြောင့် ကျွန်တော် ထိတ်လန့်သွားရလေ၏။

လင်းမြင့်လှိုင် လူကိုပစ်လိုက်တာ လက်လွန်သွားလေပြီလား၊ 'ဘုရား ဘုရား'

"ကိုလင်း ဘယ်လိုဖြစ်တာတုန်းဗျာ"

လင်းမြင့်လှိုင်က ခေါင်းကိုခါယမ်းပြလေပြီး သူ့ရှေ့မှလဲကျနေသည့်လူကို မေးငေ့ါပြလေ၏။

သို့မှ ထိုလူကို အသေအချာကြည့်မိ၏။

အလိုလေးဗျာ အဖိုးအို ဂငယ်ပါကလား။

"သေပြီလား"

အနားရောက်လာသည့် သူကြီးက မေးလာပြန်လေ၏။

လင်းမြင့်လှိုင်က ခေါင်းညိတ်ပြ၏။ 'ဘုရားရေ'

"ကိုလင်း ပစ်လိုက်တာလား"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို တွေးတာလဲဗျာ"ဆိုလျှက် ခေါင်းခါပြသဖြင့် စိတ်အေးသွားရလေ၏။

"နို့ဖြင့်"

ခပ်လှမ်းလှမ်းရှိ မြေပြင်သို့ လင်းမြင့်လှိုင်က မေးငေါ့ပြလာချေ၏။ သည်တော့မှ သတိထားမိကြလေ၏။

လက်ကောက်ဝတ်သုံးပတ်ခန့်ရှိပြီး အရှည်ငါးပေခန့်ရှိ တောကြီးမြွေဟောက်တစ်ကောင်ကို တွေ့လိုက်ရ၏။

ခေါင်းတော့ဖြင့် မရှိပါချေ။ လင်းမြင့်လှိုင်ပစ်လိုက်သဖြင့် တခေါင်းလုံးကြေမွထွက်သွားချေပြီ။

"သည်လူ မြွေကိုက်ခံလိုက်ရတာ"

သို့ဆိုလျှက် ထိုလူ၏ခြေသလုံးနေရာကို ပြလာလေ၏။

အစွယ်ရာအပေါက်နှစ်ပေါက်မှ ညိုညိုညစ်ညစ်သွေးတို့ စီးကျနေလေ၏။

"သူက ငါတို့လိုက်ရှာနေတဲ့ အမွှာသုံးယောက်ထဲက တစ်ယောက်ပေပဲကွ"

သူကြီးက တစ်ကောင်တော့ရှင်းသွားပြီဆိုသည့် စိတ်ထားဖြင့် ပြုံးစိစိပြောလာချေ၏။

သို့ကြောင့်-

"သူ့နာမည် ဘယ်လိုခေါ်တုန်း"

လင်းမြင့်လှိုင်က မေးလိုက်၏။

သူကြီးတို့ သိမ်ညာသည်လား၊ အဖိုးအိုတို့ကပဲ လိမ်ညာသည်လား သိလိုသဖြင့် လင်းမြင့်လှိုင်က သို့မေးလိုက်ခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဂဏာန်း"

"ဘာ"

"ဘယ်လို"

ဂဏာန်းဆိုပါကလား၊ ကျွန်တော်တို့ကို ထိုသေလူပြောခဲ့တုန်းက ဂငယ်ဆိုပါကလား။

"ကြံကြံဖန်ဖန်ဗျာ၊ နောက်ထပ်နာမည် ရှိသေးလား"
လင်းမြင့်လှိုင်က သို့မေးလိုက်ပြန်၏။

"မရှိဘူး"

"ဗျာ"

သို့ဆိုပါလျှင် သူကြီးပြောသည့်ကို လက်ခံရမှာလား၊ အဖိုးအိုသုံးယောက်က သူကြီးပြောသလို ဆိုးသွမ်းသူတွေများလား၊ မည်သို့ကြောင့် ကျွန်တော်တို့ကို နာမည်အမှန်မပြောခဲ့ကြပါလိမ့်၊ သို့မှမဟုတ် သူကြီးကပဲ ကျွန်တော်တို့ကို လိမ်လည်ပြောနေခြင်းများလေလား။

သို့ ကျွန်တော် တွေးနေစဉ်-
"သူတို့အမှာသုံးယောက်က တကယ်လူတွေကွ၊ သူတို့မိဘတွေက နာမည်ပေးခဲ့သေးတယ်လေ၊ ဘာတဲ့ ကကြီး၊ ခခွေး၊ ဂငယ်တဲ့လေ၊ ဟင်း ဟင်း "သို့ ပြောသဖြင့် ကျွန်တော် သဘောပေါက်သွားရလေ၏။

"နို့ဖြင့် သူကြီးက ဘာလို့ ဂဏာန်းလို့ပြောရတာတုန်း"
သည်လူက ဂငယ်ဆိုတဲ့နာမည်ရှိလို့၊ ပြီးတော့ သူအကျင့်က ဘယ်သူမဆို ထော်လော်ကန့်လန့်လုပ်ရမှ ကျေနပ်တဲ့သူလေ၊ ဘုကလန့်

www.burmeseclassic.com

www.burmeseclassic.com



ကောင်လေ၊ ကုန့်လန့်တိုက်ရမှ ကျေနပ်တဲ့ကောင်၊ နို့ကြောင့် ဂဏန်းလို့ သူ့ကိုခေါ်ကြတယ်၊ အဲ သူ့အထက်လူက ကိုခြင်တဲ့"

"ပြောပါဦး၊ အဆန်းပါကလား"

"အစားသရမ်းတယ်၊ အစာနဲ့ပတ်သက်လျှင် သေချင်သေပါစေဆိုတဲ့ကောင်မျိုး၊ ခြင်ဆိုတာ သိတယ်မဟုတ်လား၊ သွေးစုပ်ပြီဆိုလျှင် သူ့ဗိုက်ကြီး ဖောင်းကာလာအောင် စုပ်တော့တာပဲ၊ အဲလိုလောဘကြီးသွေးစုပ်ရင်းနဲ့ ဗိုက်ပေါက်ကွဲထွက်၊ သေသွားရတာချည်းပဲ၊ နို့ကြောင့်သူ့ကို ခြင်နဲ့တင်စားပြီး ကိုခြင်လို့ခေါ်ကြတယ်၊ ပြီး ရှိသေးတယ်၊ သူတို့ရဲ့အကိုကြီး 'ကကြီး'ဆိုတာလေ၊ သူကတော့ ကျားသတ္တဝါလိုကောင်မျိုးကွ၊ ရဲရင့်တယ်၊ ကြမ်းကြုတ်တယ်၊ ညှာတာစိတ်မရှိဘူးသူ့ကိုယ်သူ ဘုရင်တစ်ပါးလို့ထင်နေတယ်၊ သူကြီးဘဝတုန်းကတည်းက သူ့စိတ်ကမမှန်ပေဘူး၊ သူကြီးဖြစ်စတုန်းကတော့ ကောင်းသလိုလိုပါပဲ၊ နို့ကြောင့်လဲ သူ့ကိုပယ်ပြီး ငါ့ကို သူကြီးတင်မြှောက်ခဲ့ကြတာပေါ့၊ သူ့ကို ကိုကျားလို့ ခေါ်ကြတာလေ"

သည်လိုဆိုတော့ သူကြီးကအမှန်တွေ ပြောနေတာပါတကား၊ ဘယ်တွက်မူ ကျွန်တော်တို့သည် အမှာသုံးဖော်နှင့် ဆုံခဲ့ကြပြီဖြစ်သည် မဟုတ်ပါကလား၊ ထိုသည်ကိုတော့ဖြင့် လင်းမြင့်လိုင်တမျက်စိမှိတ်ပြ၊ အရိပ်အယောင်ပြခဲ့သည်ကြောင့် လုံးဝမပြောကြလေခြင်းဖြစ်၏။

သူကြီးတို့သုံးယောက်ကို စိတ်ချယုံကြည်မရနိုင်သေး၍ ဖြစ်ချေ၏။ ကျွန်တော့စိတ်ထဲတွင် သူကြီးစစ်စစ်ကော ဟုတ်ပါရဲ့လားရွှေမြယာရွာဆိုတာကော တကယ်ရှိလို့များလေလား၊ သို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ရွှေမြယာရှာကို လိုက်လိုသဖြင့် သူကြီးကို အဆင်ပြေအောင် ပေါင်းနေရခြင်းဖြစ်လေ၏။

“သည်ကောင်ကို သည်မှာပဲ မြှုပ်ခဲ့မယ်”

သူကြီးက ပြောလာ၏။

“ဆိုးသွမ်းလူကြီးတစ်ယောက်တော့ သေပြီဆိုတာ ရွာသားတွေသိအောင် ပြန်သယ်မသွားဘူးလား”

သို့ လင်းမြင့်လှိုင်က သွေးထိုးစမ်းပေးလိုက်၏။

“မလိုဘူး၊ ငါသူကြီး သိလျှင်ပြီးတာပဲ၊ ငါသူကြီး လက်ခံလျှင်ပြီးတာပဲ”

သို့ဆိုတော့ ကျွန်တော်ဘာမှမပြောလိုတော့ပြီ။

သို့ဖြင့် ကျွန်တော်တို့သည် ဂငယ်အဖိုးအို၏အလောင်းကို ထိုနေရာမှာပင် တွင်းတူးမြှုပ်နှံခဲ့ရချေ၏။

“တစ်ကောင်တော့ ရှင်းပြီကွ၊ ဆက်လိုက်ကြမယ်”

သူကြီးက အားတက်သရော် ပြောလာ၍ချေ၏။

“ဟုတ်ပြီလေ”

ကျွန်တော်တို့သည် ဝါးတောအပြင်သို့ ပြန်မထွက်ကြလေတော့ဘဲ ဝါးတောအတွင်းသို့ ဆက်တိုးဝင်ခဲ့ကြလေ၏။

ထိုသည်ကား ကျွန်တော်တို့၏အမှားပင် ဘယ်တွက်မူ ကျွန်တော်တို့တွေ့လိုက်သည့် ဂငယ်အဖိုးအိုကို သည်တွင်တွေ့လေတော့ ကကြီးနှင့်ခခွေးသည်လည်း သည်အတွင်း၌သာရှိမည် ထင်လိုက်ခြင်းကြောင့် ဖြစ်ချေ၏။

သို့ရှိစဉ် ဝါးတောအပြင်ဘက် လှမ်းလှမ်းဆီမှ ကျက်ကောင်များ ပျံသန်းသွားသည်ကို တွေ့လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"ငှက်အုပ်တွေနား လူတစ်ယောက်ယောက် သို့မှမဟုတ် သားရဲကောင်တစ်ကောင် ဖြတ်သွားလို့ဖြစ်မယ်"

လင်းမြင့်လှိုင်က ပြောလေ၏။

"နို့ဖြင့် အဖိုးအိုကကြီးတို့ ဝါးတောအပြင်မှာပဲ ရှိမယ်ဗျ၊ ကျွန်တော်တို့ အလိုက်မှားနေပြီထင်တယ်"

ကျွန်တော်က ပြောလိုက်၏။

"ဟုတ်လိမ့်မယ်ဗျ။ ကျွန်တော် အမှတ်တမဲ့ဖြစ်သွားတယ်၊ ဂငယ် အဖိုးအိုက သွားရင်းလာရင်း ကလန့်တိုက်ပြီး တစ်ယောက်တည်း ဝါးတောထဲ ဝင်ခဲ့တာဖြစ်မယ်"

သို့ လင်းမြင့်လှိုင်က ကျွန်တော့်ကို တိုးတိုးကပ်ပြောလာချေ၏။

"ဟုတ်လိမ့်မယ်ဗျ၊ နို့ဖြင့် ကျွန်တော်တို့ အပြင်ပြန်ထွက်ကြမလား"

"ဘာတွေ တွတ်ထိုးနေကြတာတုန်း"

သည်တွင် သူကြီးသည် ကျွန်တော်တို့အနား ရောက်လာချေ၏။

"အော် ငှက်တွေပျံသန်းသွားတာလေ၊ အဲဒါ သူကြီးလိုက်ရှာနေတဲ့ အဖိုးအိုတို့ ငှက်တွေရှိရာဖြတ်သွားတော့ကာ ငှက်တွေ လန့်ဖျတ်ပြီး ပျံသွားတာဖြစ်မယ်"

"အေးဖြစ်နိုင်တယ်၊ ဘာငှက်တွေလဲ"

"တောကျီးကန်းတွေ ဖြစ်ဖို့များတယ်၊ အတော်ဝေးလို့ အသံမကြား တာဖြစ်မယ်"

ဘို့လင်းမြင့်လှိုင်က ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"နို့ဖြင့် ငါတို့ ဝါးတောအပြင်ပြန်ထွက်ကြမယ်၊ အင်း အဲလိုသာ ပြော ရတာ ငါတော့ ဝါးတောအစပ်ပြန်ထွက်ရမှာ ကြောက်နေတယ်ထွ

"ဘာလို့တုန်း"

"ငါ့ခန္ဓာကိုယ်ကြီးနဲ့ မနည်းပြန်ထွက်ရမှာလေ"

"သူကြီးရယ် ဓားပါတာပဲ၊ ခုတ်ထွင်းထွက်သွားပေါ့၊ အထ တုန်းကတော့ လူတစ်ယောက်တွေ့ပြီး ချောင်းမြောင်းဖမ်းချင် တိတ်တဆိတ်လာခဲ့တာဆိုတော့ အသံပြုလို့မဖြစ်ဘူးလေ၊ ခုတော့ လွတ်လွတ်လပ်လပ် အပြင်ပြန်ထွက်ဖို့ ဝါးပင်တွေကို ဓားနဲ့ခုတ်ဖြ ထွက်လို့ရပါတယ် ဟဲ ဟဲ ဟဲ"

သို့ဖြင့် ကျွန်တော်တို့သည် လာလမ်းအတိုင်း ပြန်ထွက်ခဲ့ ကြလေ၏။ အတန်ကြာကြာအချိန်တွင် အားလုံး ဝါးတောအပြင်သို့ ချောချောမောမော ပြန်ထွက်ခဲ့ကြချေ၏။ သူကြီးထွက်ပေါက်အထို့ ဌာ ဝါးပင်အနည်းငယ်တော့ဖြင့် ခုတ်ဖြတ်ခဲ့ရလေ၏။

"ကျွန်တော်တို့ ဘယ်ဘက်သွားကြမှာတုန်း"

ကျွန်တော်က လင်းမြင့်လှိုင်ကို မေးလိုက်၏။

လင်းမြင့်လှိုင်သည် ဟိုသည်ဝေ့ဝိုက်ကြည့်နေလေပြီး ခ လှမ်းလှမ်းသစ်ပင်ဖျားဆီသို့ သေနတ်ဖြင့် လှမ်းပစ်လိုက်ချေ၏။

"ဒိုန်း"

"ဘာကောင်တွေ့လို့တုန်း"

သေနတ်သံထွက်ပေါ်လာပြီးနောက် ခပ်လှမ်းလှမ်း တောအုပ်အတွင်းမှ တောကြီးဂုန်းတစ်အုပ် လန့်ဖျပ်ပျံသန်းရ ကြသည်ကို တွေ့လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဝေးဝေးသို့ပျံသန်းခြင်း မရှိချေ။ အတန်ကြာ ကောင်းကင်ယံတွင် ဆူဆူညံညံအော်ဟစ်နေပြီးနောက် ထိုနေရာသို့ ပြန်ထိုးဆင်းသွားကြပြန်၏။

"ကိုလင်းရေ အဲဒီနားမယ် သူတို့ရဲ့အစာရှိပြီထင်ပါရဲ့"

"ဒါပေ့ါဗျာ လာသွားကြမယ်"

လင်းမြင့်လှိုင် ဦးဆောင်မှုဖြင့် ထိုနေရာသို့ ဦးတည်သွားလိုက်ကြပြန်၏။

သိပ်တော့ မဝေးလှချေ။

ချုံပုပ်ပင်ငယ်တို့ကိုမူ တိုးဖြတ်သွားကြရ၏။ ဝါးတောတွင်းမှာကဲ့သို့ သွားလာရသည်တော့ မကောင်း။

ချုံပုပ်ပင်တို့များလေသဖြင့် အနံ့အသက်ကတော့မူ မကောင်းလှချေ။ စိမ်းရွှေရွှေအနံ့တို့ မွှန်ထွက်နေလေ၏။ ဆူးချုံပုပ်ပင်၊ နွယ်ပင်တို့မှ ထွက်လာသည့်ရနံ့လားတော့ မသိချေ။ ကျွန်တော်တို့မသိသော ချုံပုပ်နွယ်ပင်အမျိုးအစားများ ဖြစ်ချေ၏။

သည်သို့ဖြင့် ကျွန်တော်တို့သည် သွားရင်း၊ ပြင်းထန်သောရနံ့ စူးစူးတို ရလိုက်၏။

ပုပ်အက်အက်ရနံ့ဖြစ်ချေ၏။

"သားကောင်တစ်ကောင် သေနေတာဖြစ်မယ်"

ကျွန်တော်က ထင်မြင်ချက်ပေးလိုက်သလို အတော်လှမ်းလှမ်း အရောက်တွင် စိုင်သေကြီးတစ်ကောင်ကို တွေ့လိုက်ကြလေ၏။

"ကျားကောင် လှဲထားတာပေပဲ"

www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင်က ဗိုက်ပေါက်ထွက်နေသော စိုင်ကောင်ကြီးကိုကြ
၍ ပြောလာချေလေ၏။

ကျွန်တော်တို့သည် စိုင်ကောင်ကြီးနား နှာခေါင်းမိတ်
သွားလိုက်ကြ၏။ သူကြီးနှင့်အဖော်နှစ်ယောက်သည် ခပ်လှမ်းလှ
တွင်နေခဲ့ကြ၏။

"သေချာတာပေါ့ ကိုပိုက်ရယ်၊ ခပ်လှမ်းလှမ်းမှာ ကျ
ကောင်ခြေရာတွေ"

"အား"

သို့ရှိစဉ် သူကြီးထံမှ ကြောက်လန့်တကြား အော်ဟစ်လိုက်သံကြော
ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ကပျာကသီ လှည့်ကြည့်လိုက်
သလို လက်တွင်းရှိသေနတ်ကိုလည်း မောင်းတင်လိုက်ပြီး ပစ်ခ
ရန်အသင့် ဖြစ်သွားကြ၏။

"ဘာဖြစ်တာတုန်း"

သူကြီးတို့သုံးယောက်စလုံး သူတို့အနီး ချုံပုပ်နွယ်အောက်သို့ စိတ်
တစားကြည့်နေကြသဖြင့် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် သူတို့
ပြန်သွားလိုက်ကြ၏။

အလိုလေးဗျာ ချုံပုပ်ပင်တစ်ပင်အောင်ခြေတွင်
တစ်ယောက် သေနေပါကောလား၊ ဘယ်လိုဖြစ်ရတာပါလိမ့်။

လင်းမြင့်လှိုင်နှင့်ကျွန်တော်သည် ထိုလူသေကို အသေအ
ချာ ဆွဲလှန်ကြည့်လိုက်၏။

"ဟာ"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



အဖိုးအိုတစ်ယောက်ပါကလား၊ ဘုရားရေ ခခွေးအဖိုးအိုဖြစ်ချေ၏။

"သူကြီးတို့လိုက်ရှာနေတဲ့ အဖိုးအိုပဲလား"

ကျွန်တော်က မသိဟန်ဆောင် မေးလိုက်၏။

သူကြီးက မျက်မှောင်ကြုတ်မဲ့ရွဲ့ကြည့်ရင်း-

"ဟုတ်တယ်၊ ဒါ ကိုခြင်ဆိုတဲ့ အဖိုးအိုပေပဲ"

လင်းမြင့်လှိုင်နှင့်ကျွန်တော် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။ အဓိပ္ပါယ်ပါပါ ပြုံးလိုက်ကြ၏။

"ဘယ်လိုဖြစ်ရတာပါလိမ့်"

ဟုသာ သူကြီးကမေး၏။ တကယ်တော့ သူကြီးမျက်နှာသည် ပြုံးပြုံးရွှင်ရွှင် ဖြစ်နေချေ၏။ နောက်တစ်ယောက်တော့ ရှင်းသွားပြန်၏။ ကျေနပ်သွားပုံပင်

"သူ့ကိုလည်း မြေမြှုပ်ပစ်ခဲ့မှာပဲလား"

ဘုတ်ကိုင်လူက သူကြီးကိုမေးလိုက်၏။

"အဲလိုမလုပ်လို့ မင်းက ဒါကြီးကို ရွာထဲထမ်းသွားမှာလားကွ"

သူကြီးက ထိုသူကို ဘုဆတ်ဆတ်ပြောလိုက်ချေလေ၏။

သို့ကြောင့် ထိုသူက အလောင်းကိုမြေမြှုပ်ရန် တွင်းတူးနေသည်၊ လင်းမြင့်လှိုင်က ခခွေးအဖိုးအိုအလောင်းကို စေ့စပ်သေချာ ထိုင်ကြည့်နေလေ၏။

"ဘယ်လိုဖြစ်ရတာတုန်း"

ကျွန်တော်က မေးလိုက်၏။ သည်တွင် လင်းမြင့်လှိုင်က ကျွန်တော့် နားကပ်ပြီး-

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့ဒာထင် သူ့က အစားသရမ်းတယ်လေ၊ သည်တော့ စိုင်ကောင်သေကြီးတွေ့တော့ အငမ်းမရဖြစ်၊ အသားလာယူပါလိမ့်မယ်၊ အဲဒီအချိန်မယ် ကျားကောင်ရောက်လာပြီး သူအစာလာယူတဲ့သူကို ကိုက်သတ်လိုက်တာဖြစ်မပေါ့" လို့ ပြောလာ၏။

သို့လည်း ဖြစ်နိုင်သည်ပဲ။

"အဖိုးအိုကကြီးပဲ ကျန်တော့တယ်"

"သည်လူတွေ သူကြမ္မာသူဖန်တီးကြတာပဲကွ၊ ငါတောင်ဘာမှခွန်အားမစိုက်လိုက်ရဘူး၊ ဟင်း ဟင်း ဟင်း"

သို့ဆိုသလို သူကြီးက ကျေနပ်နှစ်သိမ့်စွာ ပြောလာလေ၏။

ကျွန်တော်တို့သည် အလောင်းကိုမြေမြှုပ်ခဲ့ပြီးနောက် ထိုနေရာလေးမှ ထွက်ခဲ့ကြပြန်သည်။

"ဟား ဟား ဟား ဟား သည်လူတွေ သူ့အကုသိုလ်နဲ့သူ ဖြစ်သွားကြတာပဲ၊ အင်း ကကြီးအဖိုးအိုပဲ ကျန်တော့တယ်၊ သူလည်း သည်နားတဝိုက်ရှိမပေါ့၊ ငါ့လက်က ပြေးမလွတ်နိုင်ပါဘူးကွာ"

လမ်းတွင် သူကြီးက သို့နှယ်ပီတိဖြစ် ပြောလာချေလေ၏။

"သူကြီးက သူကြီးပဲပေါ့၊ ရာသက်ပန်သူကြီးပဲ လုပ်လိုက်ပါတော့လားဗျာ၊ နို့မို့ ကျုပ်တို့နှစ်ယောက်လည်း အနေချောင်မှာ"

သို့ဆိုသလို ပြောလာသည့် လုံကိုင်လူကို ကျွန်တော် စိတ်ပျက်စွာကြည့်မိလေ၏။ 'နောက်လိုက်ပီသပါပေတယ်'လို့လည်း စိတ်ထဲမှာ မှတ်လိုက်မိလေ၏။

လင်းမြင့်လှိုင်ကမူ ပြုံးစိစိလုပ်နေချေလေ၏၊ ထိုသည်ကို လုံကိုင်လူက သိသွားလို့လားမသိ၊ ကျွန်တော်တို့ကို မကျေမနပ် မျက်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းခဲကြည့်လာချေလေ၏။ သူ့စိတ်တွင်းမှလည်း မှတ်လိုက်တော့ပေါ့၊ ကျွန်တော်တို့ သူတို့ရွာရောက်သွားလျှင် ကောင်းကောင်းညာပေးရမည်ရယ်လို့ပေါ့။

သို့ဖြင့် ကျွန်တော်တို့သည် ကျွန်းတောတစ်ခုသို့ ရောက်လာကြ၏။ သို့ ကျွန်းတောအတွင်း ရွက်ကြွေတို့ မြောက်များစွာရှိချေ၏။ ရွှတ်ခြောက်ရွက်စိုတို့ ခြေနင်းမလွတ်ရှိကြချေ၏။

'ကျွတ် ကြွပ် ဂျလွတ် ချွတ် ချွတ် ချပ် ချပ်"

"ဟာ"

"အား"

အလိုလေးဗျာ ကျွန်တော်တို့ရှေ့မှ သွားနေသောလုံ့ကိုင်သူသည် မြေတွင်းပြိုဆင်းသွားတော့၏။ ဘုရားရေ တွင်းထောင်ခြောက်ထဲ ကျသွားခြင်းဖြစ်၏။ မည်သို့ကြောင့် ကျွန်တော်တို့သည် ထိုနေရာသို့ပြေးသွားကြည့်လိုက်ကြ၏။

အလိုလေးဗျာ မမြင်ရက်စရာ မြင်ကွင်းပါကလား။ တွင်းထဲတွင် ဝါးချွန်ဆူးတွေ စိုက်ထား၏။ လုံ့ကိုင်သူသည် မှောက်သွက်အနေအထားဖြင့် ဆူးချွန်တို့ပေါ် ကျသွားခြင်းဖြစ်၏။ ဆူးဖျားတို့သည် ကျောမှလည်းကောင်း၊ ခါးမှလည်းကောင်း၊ ပေါင်မှလည်းကောင်း၊ ပေါက်ထွက်နေချေ၏။ သွေးတို့ရဲရဲနီလို့ ရှိချေ၏။ ကျွန်တော်မြင်လိုက်သည့်အချိန်လေးတွင် လှုပ်လိုလှုပ်လဲ့ရှိသေး၏။ သို့ပေမင့်ကြာလိုက်ပါချေ။ လုံးဝငြိမ်သက်သွားလေ၏။

လင်းမြင့်လှိုင်၊ ကျွန်တော်နှင့်ငှက်ကြီးတောင်ဓားတိုင်တို့သည် လွန်မင်းစွာစိတ်မကောင်းဖြစ်သွားရ၏။

www.burmeseclassic.com

www.burmeseclassic.com



သူကြီးကတော့မူ မည်သို့မျှခံစားချက် မရှိသည့်ပုံပင်။ သူ့နောက်လိုက်ကို ဘယ်လိုများ သဘောထားတာပါလိမ့်။

ကျွန်တော်တို့သည် ထိုလူကိုတော့ဖြင့် ကောင်းမွန်စွာ သင်္ဂြိုဟ်ခြင်း မပြုလုပ်ပေးခဲ့နိုင်ပါချေ။ သို့အတိုင်းထား၍ ထိုနေရာလေးမှ ထွက်ခဲ့ကြရ၏။

သူ့ကံကြမ္မာ သူဖန်တီးတာပဲလို့ သူကြီးကပြောလာဦးမှာပါပဲ။ သွေးအေးလိုက်တာ၊ သို့ကြောင့်လည်း သူကြီးဖြစ်နေတာများလား။

"ကိုလင်းရေ ကျွန်တော်တို့တော့ သူကြီးနဲ့ဆက်မလိုက်ချင်တော့ဘူးဗျာ"

သို့ပြောမိ၏။

"ကိုပိုက်က ရွှေမြယာရွာကို မသွားချင်တော့ဘူးလား"

"သွားတော့သွားချင်တာပေါ့၊ နို့ပေမင့်လို့ လတ်တလောမှာတော့ အနိဋ္ဌာရုံတွေချည်း မြင်နေရတယ်"

"နို့ဖြင့်လည်း အခြေအနေကြည့်ပြီး လမ်းခွဲကြတာပေါ့"

သို့သာ လင်းမြင့်လှိုင်ကပြောသည်၊ တကယ်တော့ လင်းမြင့်လှိုင်သည် ရွှေမြယာရွာသို့ ရောက်ဖူးနေချင်ပုံပင်၊ ပြီးတော့ ကျွန်တော်တို့ လမ်းပျောက်နေကြသည့်အတွက်လည်း ဖြစ်ချေ၏။ သူကြီးပြောသလို တောကျွမ်းမုဆိုးကို ရွှေမြယာရွာမှာပင် သွားတွေ့နိုင်မည်မဟုတ်ပါကလား။ သို့ကြောင့်-

"ကိုလင်းရယ် ရွာရောက်သည့်တိုင်တော့ လိုက်သွားကြတာပေါ့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



သို့ ဆုံးဖြတ်ချက်ချလိုက်လေ၏။

သို့ပေမင့်လို့ ကျွန်တော်တို့သည် မျှော်လင့်မထားလေဘဲနှင့် လူကြီးနှင့်လမ်းကွဲခဲ့ရပြန်လေ၏။

ကျွန်တော်နှင့်လင်းမြင့်လှိုင် နားနေစဉ် မဝေးလောက်သောနေရာတွင် ရေသွားချိုးနေကြစဉ်-

"လာကြ လာကြ မြန်မြန်၊ လာကြ ဟိုမယ် တွေ့ပြီ တွေ့ပြီ" သို့ အော်ဟစ်ခေါ်နေသည့် သူကြီးရှိရာသို့ ကျွန်တော်နှင့် လင်းမြင့်လှိုင် ပြေးလိုက်သွားသည်ဆိုပေမင့် သူကြီးသည် အတော်လှမ်းလှမ်းသို့ ရောက်သွားချေပြီဖြစ်၏။ သူ့နံဘေးတွင် ငှက်ကြီးတောင်ခါးကိုင်လူ ပါသွားချေ၏။

"ကကြီးအဖိုးအိုကို တွေ့လို့ အလွတ်မပေးလိုလို့ ကျွန်တော်တို့တောင် မစောင့်နိုင်ဘဲ ပြေးလိုက်သွားတာပဲဗျ"

သို့ လင်းမြင့်လှိုင်ကပြောရင်း သူကြီးတို့ပြေးသွားရာနောက် ဦးဆောင်သွားချေလေ၏။

ကျွန်တော်တို့ မျက်ခြေပြတ်သွားချေပြီ။

သို့ငြား တွေ့လိုတွေ့ငြား ဟိုသည်စမ်းဘဝါးဝါး လိုက်သွားခဲ့ကြရာမှ-

"အလိုလေးဗျာ သူကြီးတော့ ကကြီးအဖိုးအို လှည့်ကွက်ခံလိုက်ရလေပြီပဲ၊ ကကြီးအဖိုးအိုက သူကြီးတို့ကို ဖျားယောင်းခေါ်ထွက်လိုက်ခြင်းဖြစ်မယ်"

သည်တွင် သူကြီးနှင့်ငှက်ကြီးတောင်ခါးကိုင်လူတို့ လူစုကွဲသည့်အချိန်တွင် အခွင့်အရေးရသည်နှင့် ပြစ်မှုတစ်ခု ပြုလိုက်တာဖြစ်

www.burmeseclassic.com

www.burmeseclassic.com



မယ်"

ငှက်ကြီးတောင်ဓားကိုင်လူသည် ဓားခုတ်ရာဗလပွဖြင့် လဲကျသေနေပြီပဲ၊ ကကြီးအဖိုးအိုး၏လုပ်ကြံမှုမှလွဲ၍ အခြားမဖြစ်နိုင်ချေပြီ။

ကကြီးအဖိုးအိုသည် အသက်အရွယ်ကြီးရင့်သော်လည်း သန်မာဖျတ်လတ်၊ ရဲတင်းနေဆဲဖြစ်ချိမ့်မည်။

"ဒုက္ခပဲ ကိုလင်းရေ၊ သူကြီးတော့ တစ်ယောက်တည်း လူစုကွဲနေပြီ၊ ကကြီးအဖိုးအိုလက်ချက် မိတော့မှာပဲ"

သို့ ကျွန်တော်က စိုးရိမ်တကြီးပြောလိုက်၏။ သည်တွင် လင်းမြင့်လှိုင်က ပြုံး၍ကြည့်လာချေပြီး-

"သူကြီးအတွက် စိုးရိမ်နေတာလား၊ သူကြီးမိုလို့လား" သို့ မေးလာချေ၏။

ကျွန်တော် ဘယ်လိုပြောရမည်မသိ၊ လင်းမြင့်လှိုင်မေးလည်း မေးစရာပင်၊ ဘယ်တွက်မူ သူကြီးတွင် နှလုံးပြူးသေနတ်ရှိနေသည်ပဲ၊ ကျည်တစ်တောင့် ကျန်သေးလေသည်ပဲ၊ ကကြီးအဖိုးအိုက သူ့တွင် လက်နက်ဆိုလို့ ဓားမတစ်ချောင်းသာ ရှိသည်ပဲ၊ ပြီးတော့ သူကြီးက လိုက်ရှာသူ၊ ကကြီးအဖိုးအိုက ပြေးနေသူမဟုတ်ပါကလား။

"ဘယ်လိုဖြစ်ဖြစ်ပေါ့ ကိုလင်းရယ်၊ သူကြီးနောက် လိုက်ကြတာပေါ့"

သို့သာ ကျွန်တော်ပြောလိုက်ရပေမင့် ကျွန်တော်တို့သည် သူကြီးကို ဘယ်လိုမှ မတွေ့ပါတော့ချေ။

"ဦး

www.burmeseclassic.com

www.burmeseclassic.com



ဝူး

ဝူး"

သို့နှယ်လည်း အသံပြုအချက်ပေးကြ၏။ မည်သည့်တုန့်ပြန်မှုမှ မရပါချေ။

"ဒုက္ခပြီး ဒုက္ခပဲကိုလင်းရေ၊ ကျွန်တော်တို့နှစ်ယောက်လည်း သည်တောသည်တောင်ထဲက ထွက်ရပါ့မလား မသိတော့ဘူး"

သို့ ကျွန်တော် ညည်းတွားမိချေလေ၏။

"ကျွန်တော်တို့ နားချေဦးမယ်ဗျာ"

သို့ဆိုလျှက် လင်းမြင့်လှိုင်သည် သစ်တစ်ပင်အောက်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်လေ၏။

"ရော့ ချေဗျာ"

ဝီစကီပုလင်းပြားလေး ကမ်းပေးလာ၏။ တငုံမော့သောက်လိုက်၏။

သည်သို့ဖြင့် နားနေရင်း ဝီစကီဆက်သောက်မိလေ၏။ အတန်ကြာတွင် ယစ်မူးလာကာ အိပ်ပျော်သွားလေ၏။

"ဒိုန်း"

မည်မျှကြာကြာအိပ်ပျော်သွားသည်မသိ။ သေနတ်သံကြားမှ နိုးလာရလေ၏။

လင်းမြင့်လှိုင် ဘယ်ရောက်သွားပါလိမ့်။

သားကောင်တွေ့လို့ သွားပစ်လေသည်ပဲဖြစ်မပေါ့။

သို့ကြောင့် ကျွန်တော်သည် သစ်ပင်ကျောမှီရာမှ မထလေဘဲ မှိန်နေလိုက်ပြန်၏။ အတန်ကြာတွင် လင်းမြင့်လှိုင်တစ်ယောက် ပြန်လာချေလေ၏။ သူ့တွင် ကြံ့ပေါက်လေးတစ်ကောင် ပါလာချေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်မှိန်းနေတုန်း ကိုပိုက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတယ်လေ၊ ကျွန်တော်လည်း အိပ်ပျော်သွားနေတဲ့အချိန်မှာ သည်ဂျီကောင်လေး အော်သံကြားလိုက်လို့ လှမ်းကြည့်လိုက်တာ အတော်ဝေးဝေးမှာ တွေ့လိုက်တာနဲ့ ကျွန်တော်လည်း ကိုပိုက်အိပ်ပါစေဆိုပြီး ဂျီကောင်လေးကို သွားချောင်းပစ်ခဲ့တာဗျ"

သို့ဖြင့် ကျွန်တော်တို့သည် ဂျီကောင်ကို အသားဖျက်၊ တံစို့ထိုးမီကင်လိုက်လေ၏။

"ကျွန်တော်တို့ သည်မယ်ပဲ ညအိပ်စခန်းချကြတာပေါ့" လင်းမြင့်လှိုင်က ပြောလာလေ၏။

အချိန်ကလည်း ညနေစောင်းနေပြီ မဟုတ်ပါကလား၊ သို့ကြောင့် လင်းမြင့်လှိုင်ပြောသလို ဂျီသားစားရင်း ညအိပ်စခန်းချရန် ဆုံးဖြတ်လိုက်ကြခြင်းဖြစ်၏။

သို့ဆိုတော့ ကျွန်တော် ဂငယ်အဖိုးအိုကို သတိရလိုက်လေတော့၏။ ထိုအဖိုးအိုသာ ရှိနေလျှင်ဖြင့်

"စောပါသေးတယ်၊ နောက်ထပ်တစ်နာရီခရီးတော့ ဆက်လျှောက်သွားကြတာပေါ့ဗျာ"လို့တောင် ပြောကောင်းပြောလေမည်၊ သို့မှမဟုတ်

"သည်နေရာ အောက်ပေါင်းရှင်းတယ်ဆိုပေမင့် မကောင်းပါဘူးကွာ၊ သစ်ပင်ကောင်းကောင်း ဂွဆုံမှာ တက်အိပ်ကြတာပေါ့၊ သည်တော့ အဲလို ဂွဆုံကောင်းကောင်းအပင် တွေ့ပြီးတော့မှ ညအိပ်စခန်းချကြတောပေါ့" လို့ ပြောလာလေမည်လား။

"ဘာလဲ ကိုပိုက် ဂငယ်အဖိုးအိုကို သတိရနေတာလား"

www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင် ကျွန်တော့အတွင်းစိတ်ကိုသိ၍ ပြောလာခြင်းများလေလား၊ တိုက်ဆိုင်မှုများလေလား။

"အေးဗျာ ဘယ်လိုလုပ်သိနေတာတုန်း"

"ကိုပိုက် ပတ်ဝန်းကျင်ကိုသေချာကြည့်နေတယ်လေ၊ တကယ်တော့ သည်နေရာက စခန်းချလို့ သိပ်ကောင်းလှတာမဟုတ်ဘူး၊ အေးနို့ပေမင့်လို့ ကျွန်တော်တို့မယ် သေနတ်တွေရှိနေတာပဲ၊ ပြီးတော့ သည်ဂျီကောင်ကိုလည်း ခရီးဆက်ထမ်းပိုး မသွားချင်တော့ဘူးဗျာ၊ ပြီးတော့ သည်နားလေးမယ် မြောင်လေးရှိတယ်လေ၊ ကျွန်တော်တို့ အတွက် ရေလိုတယ်မဟုတ်လား"

လင်းမြင့်လှိုင်တစ်ယောက် ဂျီကောင်သွားရောက်ပစ်ရင်း ပတ်ဝန်းကျင်ကို လေ့လာခဲ့ဟန်တူချေ၏။

ကျွန်တော် လင်းမြင့်လှိုင်ကို အထင်ကြီးလေးစားစွာဖြင့် ကြည့်နေမိလေ၏။ လင်းမြင့်လှိုင်ဆုံးဖြတ်သလိုပင် ကျွန်တော်တို့ သည် ထိုနေရာလေးတွင်ပင် ဂျီသားမီးကင်ကို တဝကြီးစားလိုက်ပြီး ဝီစကီကိုသောက်ကာ ညအိပ်လိုက်ကြလေ၏။

ကျွန်တော် စိုးရိမ်ခဲ့သလို မည်သည့်အနှောင့်အယှက်မျှ မရှိပါချေ၊ အိပ်လို့ကောင်းလိုက်တာ။

မိုးလင်းသည့်တိုင် တရေးသာဖြစ်ချေလေ၏။

'ကျိ ကျိ ကျလိ ကျလိ ကွိ ကွိ" သို့နှယ် ကျေးငှက်တို့၏ အသံများကြားမှ လင်းမြင့်လှိုင်နှင့်ကျွန်တော်သည် ထိုနေရာလေးမှ ထွက်ခဲ့ကြလေ၏။

ခရီးလမ်း ရိက္ခာအလို့ငှာ ဂျီသားမီးကင်အနည်းငယ်မှ ယူလာသေးပြီး

www.burmeseclassic.com

www.burmeseclassic.com



ကျန်အသားများကို အသားစားသားကောင်များ စားရန်ချန်ထားခဲ့ချေလေ၏။

ကျွန်တော်တို့သည် သို့လျှောက်ခဲ့ကြရာမှ အောက်ပေါင်းရှုတ်တောသို့ ရောက်လာကြပြန်၏။ ချုံပုပ်နွယ်ပင်တို့ ပေါများလှသည်တော့ မဟုတ်။

သစ်ပင်ကြီးများ ခပ်စိပ်စိပ်ပေါက်နေသည်ကြောင့် ထိုသစ်ပင်တို့အပေါ် တွက်ကပ်နေသည့် နွယ်ပင်များကြောင့်ဖြစ်ချေ၏။

နွယ်တို့သည် အငုံ အစားအမျိုးမျိုးရှိကြ၏။ လက်သန်းလုံးမှသည် ခြေသလုံးခန့်ရှိနွယ်တို့ရှိကြ၏။ သည်ပြင် အပင်ကြီးအတော်များများ၏အောက်ခြေတွင် ကြိမ်အုံများရှိကြလေ၏။ ကြိမ်အုံများမှ ကြိမ်နွယ်များသည် မြေလျှောက်များရှိကြ၏။ အပင်သို့ တွယ်မှီတက်နေကြသည်တို့ ရှိကြ၏။

အုံဖွယ်ကောင်းသည်မှာ နွယ်သည်လောက်များလေပြားမျောက်တစ်ကောင်မျှ မတွေ့ရခြင်းပင်၊ ကျွန်တော်သည် သွားရင်းလာရင်း ယမထာကြိမ်ကောင်းကောင်း တွေ့လာသည်ကြောင့် ခေါင်းပါသည့်ကြိမ်တစ်ချောင်းကို ခုတ်ယူလိုက်၏။

ကျွန်တော်ခုတ်ယူလိုက်သော ကြိမ်ခေါင်းသည် အတော်လေးလှသည်ကြောင့် ဖြစ်ချေ၏။ သဘာဝဖြစ်နေသည့် နဂါးခေါင်းပုံဖြစ်၏။ ကျွန်တော်တွက်တော့ဖြင့် မဟုတ်။

ရသေ့မမွပါလနှင့်တွေ့လျှင် ပေးဖို့ဖြစ်ချေလေ၏။

"ဘာလဲ ရသေ့အတွက်လား"

"ဒါပေါ့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"နို့ဖြင့်လည်း ကျွန်တော်တို့ တနေရာမှာ ခပ်စောစော စခန်းချကြမယ်"

"ဟင် ဘာလို့တုန်း"

"အော် သည်ကြိမ်ကို မီးကြပ်တိုက်ရဦးမယ်လေ၊ နို့မှ တဖြောင့်တည်း ကောင်းတော့မပေါ့"

လင်းမြင့်လှိုင်ပြောသည်လည်း ဟုတ်ချေ၏။

ကြိမ်အစိုသည် ကွေးကောင်နေသည်ပဲ၊ သို့ကြောင့် မီးပုံနားတွင် ဝါးတိုင်ထူ၍ ထိုဝါးတိုင်နှင့်ကြိမ်ကို တဖြောင့်တည်းဖြစ်အောင် ပူးချည်ထားကာ မီးကြပ်တိုက်ထားမည်ဆိုပါလျှင် တောင်ဝှေးကောင်း သဖွယ် အသုံးပြုနိုင်သည့်ကြိမ်ကုတ်ရပေလိမ့်မည်။ သို့ကြောင့် ကျွန်တော်တို့သည် ထိုနေရာတွင် တောတိုးခဲ့ကြရင်းမှ ခပ်စောစော ပင် စခန်းချနေရာ ရှာခဲ့ကြ၏။

မီးပုံကြီးလုပ်ကာ ကြိမ်ကို မီးကြပ်တိုက်ထားလိုက်၏။

ကျွန်တော်တို့သည် ယူလာသည့်ကျီသားမီးကင်ဖြင့် အမြည်းလုပ်ဝီစကီ သောက်၊ နားနေလိုက်လေ၏။

ထိုနေရာစခန်းတွင်မတော့ နေသာခြင်းမရှိပါချေ။ ပတ်ဝန်းကျင်တွင် ဝါးပင်များရှိလေခြင်းကြောင့် တညလုံး ကောင်းကောင်း အိပ်မရအောင်ပင် ဝါးခုတ်သံများ ကြားနေရလေ၏။

တောခြောက်ခြင်းများ ဖြစ်ချေ၏။

းပ်လှမ်းလှမ်းတောင်ကြောတန်းဆီမှ ကျားဟိန်းသံ၊ ကျားသံ ဟောက်သံ၊ မျောက်တို့ဆူညံသံများဖြင့် နှောင့်ယှက်ခြင်းခံရလေ၏။

"ဒိန်း"

www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင်က စိတ်မရှည်၊ သေနတ်ပစ်ဖောက်၊ ခြောက်လှန့်ဟန် တားလိုက်ပြား ပို၍ပင် ဆူသွားလေသဖြင့်-

"ကျည်ကုန်ပါတယ် ကိုလင်းရယ်၊ လူကိုလာပြီး ကိုယ်ထိလက်ရောက် ဒုက္ခပေးတာမှ မဟုတ်တာချည်း"

သို့သာ ပြောလိုက်ရ၏။ သို့ပြား-

အိပ်မယ်ဆိုးတော့ဖြင့် မက်လိုက်လေသေးတော့၏။ အိမ်မက်ထဲတွင် ကျွန်တော်တို့နှစ်ယောက် တောဆင်အလိုက်ခံရသည်၊ ပြေးမလွတ် ခဲ့ကြလေပြီ၊ သည်တော့ ေ ့သံရွှဲရွှဲဖြင့် ညည့်နက်သန်းခေါင်း လန့် ဖျတ်နိုးလာရ၏။

အံ့ဖွယ်ကောင်းသည်မှာ လင်းမြင့်လှိုင်သည် ကျွန်တော်လို ပင် အိပ်မက်နေသည်ဟု ပြောလာချေ၏။

သူလည်း ကျွန်တော့်လိုပင် တောဆင်အလိုက်ခံရသည် ပြေးမလွတ်သည်ဆိုပဲ၊ တိုက်ဆိုင်တာတော့ဖြင့် မဟုတ်နိုင်။

သည်စခန်းနေရာကလည်း အတော်ကြမ်းပုံရချေ၏။ ညဥ့်နက်သန်းခေါင် မနက်မိုးလင်းသည့်တိုင် မီးပုံနားထိုင်ကာ နေခဲ့ ကြရလေ၏။ တညတည်း ဝီစကီနှစ်ပြားကုန်သွားရချေ၏။

"ကျွန်တော်တို့မှာ မရှိတော့ဘူးဗျ"

လင်းမြင့်လှိုင်က နောက်ဆုံးလက်ကျန်ဝီစကီကိုသောက်ပြီး ပုလင်း ကိုအဝေးသို့ လှမ်းပစ်လိုက်ချေလေ၏။

ကျွတ် ကွတ် ကွတ် ကွီ ကွီ ကွတ်

ကွတ် ကွီ ကွတ်

ကွတ် ကွတ်

www.burmeseclassic.com

www.burmeseclassic.com



အလိုလေးဗျာ မိုးလင်းသည်တွင် ခပ်လှမ်းလှမ်းရှိ သစ်ပင်ငယ်တစ်ခုပေါ်မှ ဦးကွက်ကောင်က မင်္ဂလာသံပေးလာချေလေ၏။

ညကနှင့် တခြားစီဖြစ်သွားပါကောလား။

မင်္ဂလာရှိသော ဦးကွက်သံက ကျွန်တော်တို့နှစ်ယောက်ကို ခွန်အားသစ်တွေ ပေးလာသည့်နှယ်ပါကလား။

"ကျွန်တော်တို့ သည်နေ့ခရီးကတော့ အတော်လေးကို အဆင်ပြေမယ်ဗျ"

သို့ ကျွန်တော်က ပြောလိုက်၏။

"ကျွန်တော်လည်း ထင်ပါတယ်ဗျာ"

သို့ ကျွန်တော်တို့တွက်ထားသလိုပင် နေ့လယ်ခင်းလောက်တွင် ကျွန်တော်တို့သည် ထိုနေရာလေးမှ ထွက်ခဲ့ကြသည်တွင် မျှော်လင့်မထားသော ဝမ်းသာမှုကို ရလိုက်ကြလေ၏။ ကျွန်တော်တို့နှင့်လမ်းကွဲခဲ့ရတာ ကြာပြီဖြစ်သော မုဆိုးကြီးတာပုနှင့် ပြန်လည်ဆုံလိုက်ကြရလေတော့သည်။

"တာပုရယ် ဝမ်းသာလိုက်တာ"

"ဆရာလေးတို့ကို ကျွန်တော်လိုက်ရှာနေတာ၊ ရက်တွေအတော် ကြာသွားပြီနော်"

"တာပုရေ မင်းနဲ့တွေ့တာ အတော်အားရှိတယ်ကွာ၊ နို့မဟုတ် ငါတို့နှစ်ယောက် သည်တောထဲမှာတင် တသက်လုံးနေရတော့မယ့်ပုံပဲ၊ ဘယ်ဝါးခုတ်သစ်ခုတ်သမားမှ မတွေ့ဘူးကွာ၊ ငါတို့ဘယ်မှသွားစရာမလိုတော့ဘူး၊ မင်းနဲ့တွေ့ပြီပဲ၊ နားချေမယ်ကွာ"

"ဟုတ်ပြီး ဆရာလေးတို့ သည်မယ်မနားနဲ့၊ ဟိုကောင်ကြော

www.burmeseclassic.com

www.burmeseclassic.com



ဘက် ပြန်သွားမယ်၊ အဲဒီမယ် ကျွန်တော် ညကရောက်ခဲ့တယ်၊ ဝါးတဲ ရှိတယ်၊ စခန်းလည်းသာတယ်"

သို့ဖြင့် ကျွန်တော်တို့သည် တာပုပြောသည့် ဝါးခုတ်တဲသို့ ရောက်သွားကြလေ၏။

ဆရာလေးတို့ ခဏနေချေဦးဆိုလျှက် မုဆိုးတာပုသည် ချောင်းဘက်သို့ ထွက်သွားလေ၏။

"တာပု သိပ်ဝေးဝေးလံလံ မသွားနဲ့နော်၊ ကျွန်တော်တို့နဲ့ လူစုပြန်ကွဲသွားချေဦးမယ်"

သို့ ကျွန်တော်က သတိပေးစကား လှမ်းအော်ပြောလိုက်လေ၏။

"သည်ချောင်းထဲတင်ပါ၊ ဘယ်မှမသွားပါဘူး၊ ဆရာလေးတို့အတွက် စားစရာသွားရှာမလို့ပါ"

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် တဲပေါ်တွင် ခြေပစ်လက်ပစ် ပက်လက်လှန်လှဲချလိုက်ကြလေ၏။

စိတ်ပန်း လူပန်းဖြစ်သွားခဲ့ကြသည်ပဲ။

သို့ ပက်လက်လှန်ငြိမ်သက် နားနေရာမှ ကျွန်တော်သည် နှစ်နှစ်ခြိုက် ခြိုက် အိပ်ပျော်သွားရလေ၏။

မည်မျှကြာကြာအိပ်ပျော်သွားလေသည်မသိ။

"ကိုပိုက် ကိုပိုက်"

သို့နာမည်ခေါ်လျှက် လူကိုလှုပ်နှိုးလာသဖြင့် အိပ်ပျော်နေရာမှ နိုး လာရလေ၏။ လင်းမြင့်လှိုင်ဖြစ်ချေ၏။

"တစ်ခုခု စားလိုက်ချေဦး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာရှိလို့တုန်း"

"တာပု ငါးရံ့ခေါင်းတိုတွေ ရလာတယ်၊ အဲဒါတွေ မီးကင်ထားတယ်"

"ကောင်းတာပေါ့"

တာပုသည် ချောင်းတွင်းသွား၍ ကျွန်တော်တို့စားဖို့တွက်ဆိုလျှက် ငါးများသွားရောက် ရှာဖွေလာခြင်းဖြစ်၏။

ငါးရံ့ခေါင်းတို အတော်များများကို တံစို့ထိုးမီးကင်ထားပါ တော့လား။

"အရက်တော့ မရှိတော့ဘူး"

ကျွန်တော်က တမ်းတမ်းတတပြောလိုက်၏။

"ဆရာလေးတို့အတွက် ကျွန်တော် ရှာထားပါတယ်"

ဆိုအသံနှင့်အတူ မုဆိုးတာပု အနားရောက်လာ၏။ သူ့လက်ထဲတွင် တော့ ပျောင်းဖူးပုလင်းနှင့် ချက်အရက်အပြည့် ပါလာချေ၏။

"ဟာ ဘယ်ကရလာတာတုန်း"

ကျွန်တော်က တအံ့တသြဖြင့် မေးလိုက်၏။

"ချောင်းထဲ ငါးသွားရှာရင်းနဲ့ ပျားဖွတ်သမားတစ်ယောက် တွေ့တယ်လေ၊ သူက မန်းကလိရွာသားလေ၊ ငါနဲ့သိတယ်၊ နို့ကြောင့် သူ့ဆီက အရက်တစ်ပုလင်း တောင်းထားလိုက်တာ"

"အင်း အဲဒီလူက တာပုကို အင်မတန်ခင်ပြီး၊ ရင်းနှီးလွန်း လို့ ဖြစ်လိမ့်မယ်"

ကျွန်တော်က ပြောလိုက်ပြန်၏။

"သိပ်ဟုတ်တာပေါ့၊ ငယ်ငယ်ကတည်းက မူလတန်းတကျောင်း တည်း အတူတူတက်ခဲ့တာလေ၊ ညီအစ်ကိုလိုပဲပေါ့"

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် တာပုရှာလာဖေ သည့် ထိုချက်အရက်ကို မှဲ့ရှူ့သောက်လိုက်ကြလေ၏။ ငါးရံ့ခေါင်းတိုမီးကင်အမြည်းနှင့် လိုက်ဖက်ညီသေးတော့၏။ ထိုချက်အရက်သည် ပျော့ပျော့လေးနှင့်ပြင်းလွန်းသဖြင့် တခဏ အကြာတွင် အိပ်ပျော်သွားကြလေ၏။

ကျွန်တော်တို့ တရေးပြန်နိုးလာကြသည်တွင် ပတ်ဝန်းကျင် တွင် နေရောင်ပင်မရှိပါတော့ချေ။

"ဟူး အစောကြီးနေဝင်သွားတာလား"

"ဟုတ်တယ် နို့ပေမင့်လို့ သည်နေရာက သစ်ပင်ကြီးတွေ ပွတ်သိပ် ပြီး ထိုးထိုးထောင်ထောင် ပေါက်နေလို့ နေစောစောဝင်တယ်ထင်ရ တာပါ၊ တကယ်တော့ နေ့လယ် နှစ်ချက်တီးလောက်ပဲ ရှိဦးမှာပါ၊ ကဲ ငါတို့ရွာပြန်ကြမှာလား"

သို့ စောတာပုက မေးလေ၏။

ကျွန်တော် လင်းမြင့်လှိုင်ကို ကြည့်လိုက်၏။

"နို့မေးရပါဦးမယ်၊ ရွှေမြယာရွာဆိုတာ သိလား"

"ဟင်အင်း ဘာဖြစ်လို့တုန်း"

စောတာပုက စိတ်ဝင်တစားမေးလာချေ၏။

"ရွှေမြယာရွာကို အဆင်ပြေလျှင်ဖြင့် သွားချင်တယ်"

အလိုလေးဗျာ လင်းမြင့်လှိုင် မပြန်ချင်သေးပေဘူးလား၊ သို့ဆိုလျှင် ကျွန်တော်တို့ သည်တောသည်တောင်ထဲတွင် ကြာဦးမည် သဘောပင်။

"ဘယ်လိုလဲ ကိုပိုက်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့သဘောထားကို မေးလာလေ၏။

"အင်း ကိုလင်း ဆန္ဒရှိမှတော့ သွားကြတာပေါ့"

ကျွန်တော်က ပြောလိုက်၏။

"သွားကြတာပေါ့ဆိုတာတော့ ဟုတ်ပါပြီ၊ ရွှေမြယာရွာ ဘယ်မယ်တုန်းဆိုတာ သိမှမသိတာ"

စောတာပုက စိတ်ပျက်စွာ ပြောလာ၏။

သည်တွင် လင်းမြင့်လှိုင်က

"ဟုတ်ပါပြီ၊ ကဲ တစ်ခုမေးမယ်၊ ခုနေ ကျွန်တော်တို့ ရွာပြန် ကြမယ်ဆိုလျှင်ဖြင့် ဘယ်လမ်းကသွားမှာတုန်း"

သည်တွင် တာပုက-

"ဒါကတော့ ငါသိတာပေါ့၊ ဟောသည့်လမ်းကြောင်းလေးအတိုင်း သွားပြီး မြောင်ထဲဆင်း၊ မြောင်ထဲကနေ စုန်ဆင်းသွားမယ်ဆိုလျှင် ဖြင့် ချောင်းရောက်ပြီး အဲဒီချောင်းက ကန့်ကျူနီချောင်းပဲ၊ ရွာပြန် ရောက်ဖို့က ပူစရာမလိုတော့ဘူး၊ ပြန်မယ်ဆိုသွားကြမယ်၊ ချောင်း ထဲရောက်မှ ညအိပ်စခန်းချတာပေါ့ဗျာ"

သို့ စောတာပုက ဝမ်းသာအားရ ပြောလာ၏။

သို့ပေမင့် လင်းမြင့်လှိုင်က စိတ်ဝင်စားဟန်မပြလေဘဲ-

"ကျွန်တော် အဲဒါသိချင်တာ၊ သည်လမ်းအတိုင်းသွားလျှင် ရွာပြန်ရောက်နိုင်တယ်ဆိုတော့ ရွှေမြယာရွာဆိုတာ သူနဲ့ဆန့်ကျင် ဘက်နေရာမှ ရှိရမပေါ့"

လင်းမြင့်လှိုင်က သို့လည်းပြော၊ ရွာအပြန်လမ်းနှင့်ဆန့်ကျင်ဘက် လမ်းအတွင်းသို့လည်း ဦးဆောင်သွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသည်က လင်းမြင့်လှိုင်၏ဆုံးဖြတ်ချက်ဖြစ်ချိမ့်မည်။

သို့ကြောင့် ကျွန်တော်တို့သည် သူ့နောက်လိုက်ရန်သာ ရှိ
တော့သည် မဟုတ်ပါကလား၊ သည်သို့ဖြင့် ကျွန်တော်တို့သည် တာ
ပြောသည့် ကန့်ကျုံ့နီချောင်းအထက်သို့ ရောက်လာကြလေ၏၊

ချောင်းကျယ်ဖြစ်ခြင်းကြောင့် အလင်းရောင်ရှိနေသေး၏၊
တောအုပ်အတွင်း ရှိကြဆဲဆိုပါလျှင် ကျွန်တော်တို့ အတော်မှော
နေပြီဖြစ်သဖြင့် ထင်းမီးပုံလုပ်ပြီး အိပ်ယာဝင်ရပေလိမ့်မည်။

"ရှေ့နားလေးမယ် ကြောစွယ်လေးရှိတယ်၊ မြေပြင်ပဲ အဲ
မယ် ညအိပ်နားကြမယ်"

စောတာပုပြောသည့်အတိုင်း ကျွန်တော်တို့သည် ချောင်
အတွင်း တဖြေးဖြေးဆင်းလာသည့် တောင်ကြောလေးတိုင်း ချောင်
ကမ်းပါးတွင် နားနေရန် ရှင်းလိုက်ကြ၏။

သစ်ပင်ကြီးတစ်ပင်အောက်တွင် ရှင်းလင်းလိုက်ကြခြင်းဖြ
၏။

ထင်းမီးပုံလည်း ဆိုင်ပြီဖြစ်ချေလေ၏။

"နေဦးဗျ" ဆိုလျှက် လင်းမြင့်လှိုင်သည် တောင်ကြောလေးအပေ
ပိုင်းသို့ လျှောက်သွားလေတော့၏။

သားကောင်သွားရှာတာ ဖြစ်ချိမ့်မည်။

ကျွန်တော်နှင့်စောတာပုသည် ထင်းမီးပုံကို မီးထိုးလိုက်ပြီးနောက်
နားနေထိုင်လိုက်ကြ၏။

အတန်ကြာတွင် လင်းမြင့်လှိုင်ပြန်ရောက်လာ၏။ မျက်
မျက်နှာပျက်နေလေသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်တာတုန်း" မေးလိုက်၏။

"ရိပ်ခနဲ မဲမဲသဏ္ဍာန်တစ်ခုတွေ့လို့ သားကောင်ထင်ပြီး သွားတာဗျာ၊ ဘာမှလည်း မဟုတ်ဘူး၊ နို့ပေမင့် နေရင်းကြက်သီးတွေထလာတယ်ဗျာ၊ ပြီးတော့လည်း အောက်သိုးသိုးအနံ့ ရတယ်"

"ဆရာလေးတော့ တောခြောက်ခံရပြီး ထင်တယ်"

"မဖြစ်နိုင်ဘူး" သို့ လင်းမြင့်လှိုင်က ပြောလေ၏။

"သည်တောင်ကြောစွယ်အထက်ကို ဘယ်သူမှမတက်ကြဘူး၊ တောင်ကြောအပေါ်မယ် ခြောက်သွေ့ပြီး မှုန်ပင်တွေချည်းပဲ၊ တောင်ကြောအပေါ်ရဲ့ မြင်ကွင်းက သုသာန်တစပြင်လိုပဲ ဖြစ်နေလို့"

"တာပု ဘယ်လိုသိတုန်း"

"ငါ ရောက်ဖူးလို့ပေါ့၊ နို့ကြောင့် ဆရာလေးတို့ကို ဘာမှမပြောတာ၊ သည်မယ်ညအိပ်စခန်းချပြီး ခပ်စောစောသည်က သွားကြတာပေါ့"

"ကျွန်တော်တို့တော့ အဲဒီတောင်ကြောပေါ်တက်ကြည့်ချင်တယ်"

လင်းမြင့်လှိုင်က ပြောလာ၏။

"နို့ဖြင့်လည်း မနက်ကျမှ တက်တာပေါ့"

"ကောင်းပြီလေ"

ကျွန်တော်တို့သည် ထိုညတွင် ချောင်းတွင်းရှိ ခရုဖင်လိမ်များကို လိုက်လံစုဆောင်းကောက်ယူ၍ ထုခွဲအသားထုတ်ကာ မီးကင်စားလိုက်ကြလေ၏။

ညစာအလို့ငှာသာ စားလိုက်ရ၏။ သားရေဖတ်များ ဝါးနေ

www.burmeseclassic.com

www.burmeseclassic.com



ရသာလိုပင် ဖြစ်ချေ၏။

ပြီး ရေသောက် အိပ်လိုက်ကြ၏။

နောက်နေ့မနက်တွင် ကျွန်တော်တို့ ထိုတောင်ကြောပေါ်သို့ တက်လိုက်ကြ၏။

တာပုပြောသလို သုသာန်တစပြင်လို ချောက်သွေ့သွေ့ကြီးဖြစ်နေ၏။

မှန်ပင်တို့သည်လည်း ကြေးနီရောင်ပင်စည်များဖြင့် အရွက်တို့ ကိုင်းတို့ကျဲတဲ ကျက်သရေမရှိလိုက်တာ။

သည်ကြား ထိုအပင်တွင် ငှက်ဆိုးကောင်က နားနေလေသေး၏။

အောက်ခြေတွင်မတော့ မြက်ရိုင်းခြောက်နှင့် ထိကရုန်းပင်တို့ ရှိနေလေသဖြင့် မြွေပါးကင်းပါး ကြောက်ရသေးလေ၏။

"ကျွန်တော်တို့တွေ သည်တောင်ကြောကနေ မြန်မြန်ပြန်ဆင်းမှ ဖြစ်မယ်"

သို့ ကျွန်တော်က ပြောလိုက်၏။

သို့ဖြင့် တဖက်တောင်ကြောအောက်ခြေသို့ ဆင်းလိုက်ကြ၏။

အောက်ခြေတွင်မတော့ စိမ်းစိမ်းစိုစိုရှိလှချေ၏။

ထိုစိမ်းစိမ်းစိုစို မြေပြန့်အတွင်း လျှောက်ခဲ့ကြရာမှာ

"ဟိုမယ် ဟိုမယ်"

ကျွန်တော်က လှမ်းပြလိုက်၏။

"မုဆိုးစခန်းချတဲ ထင်တယ်"

လင်းမြင့်လှိုင်က ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ အဲဒီသွားကြမယ်၊ လူတွေ့လျှင်တော့ မေးစမ်းကြည့်တာပေါ့"

သို့ဖြင့် ကျွန်တော်တို့သည် ထင်မှတ်မထားသော လူတစ်ယောက်ကို တွေ့လိုက်ကြရ၏။

အလိုလေးဗျာ ကကြီး အဖိုးအိုပါကလား။ ဘာထိုင်လုပ်နေပါလိမ့်။

"အဖိုး ဘာလုပ်နေတာတုန်း"

အနားရောက်သွားသည်တွင် ကျွန်တော်က မေးလိုက်၏။ တာပုက ကျွန်တော့ကို အံ့ဩတကြီးကြည့်နေလေပြီး-

"ဆရာပိုက်က သိလို့လား"

"အင်း" သို့သာပြောလိုက်၏။ အကြောင်းစုံကိုတော့ဖြင့် နောက်မှရှင်းပြောမည်ဟု တွက်လိုက်ပြီး အဖိုးအိုရှေ့သို့ သွားရပ်လိုက်လေပြီး-

"အဖိုး ကျွန်တော်တို့ကို မမှတ်မိဘူးလား" လို့ မေးလိုက်၏။ အဖိုးအိုသည် ကျွန်တော့ကို မမြင်ဘူး၊ မတွေ့ဘူးသည့်နှယ် ငေးငိုင်ကြည့်နေလေ၏။

"ကိုလင်း အဖိုးအိုကကြီး ဘယ်လိုဖြစ်နေမှန်း မသိဘူး၊ ကျွန်တော်တို့ကို မမှတ်မိဘူးဗျ" သို့ ပြောလိုက်၏။

"အဖိုး ကျွန်တော်တို့လေ"

လင်းမြင့်လှိုင်ကပါ အဖိုးအိုကို ပြောလိုက်၏။

အဖိုးအိုက ခေါင်းကိုခါယမ်းလိုက်လေပြီး-

"အေးကွယ် ဘာမှမသိဘူး၊ ဘယ်လိုမှမထင်ပါနဲ့" ဆိုပြီး ထိုနေရာမှထကာ ထွက်သွားလေသဖြင့် ကျွန်တော်တို့သည် အဖိုးအို

www.burmeseclassic.com

www.burmeseclassic.com



ကို အံ့ဩတကြီးရပ်ကြည့် ကျန်ရစ်ခဲ့ကြလေ၏။

"အဖိုးအိုကကြီး ဘယ်လိုဖြစ်သွားတာပါလိမ့်၊ အဖိုးအို ကကြီးမှ ဟုတ်ရဲ့လားမသိ၊ လူချင်းတူတာဖြစ်မပေါ့"

သို့ ကျွန်တော်ကပြောလိုက်သည်တွင်

"ဒါ အဖိုးအိုကကြီးပဲ"

"ဗျာ"

"ဟင်"

သို့အသံကြောင့် နောက်လှမ်းကြည့်လိုက်ကြ၏။ အံ့ဩဖွယ်လူ တစ်ယောက်ကို တွေ့လိုက်ရပြန်၏။

ရသေ့မွေ့ပါလပါကလား။

"ကိုပိုက်တို့နဲ့ ဆုံပြန်ပြီ၊ လာကြချေ"

သို့ဖြင့် ကျွန်တော်တို့သည် ရသေ့ခေါ်ဆောင်သွားသဖြင့် တဲပေါ်သို့ ရောက်သွားကြလေ၏။

"ရသေ့ကြီး သူ့ကိုဘယ်လိုသိတာတုန်း"

ကျွန်တော်က မေးလိုက်၏။

ရသေ့က ပြုံး၍ကြည့်လေပြီး

"ကိုပိုက်တို့နဲ့ အဖိုးအို ဘယ်လိုကြုံခဲ့ကြတာတုန်း"

သို့မေးလေသဖြင့် ကျွန်တော်သည် ဖြစ်ကြောင်းကုန်စင်ကို ပြောပြ လိုက်၏။ တဆက်တည်းဆိုသလိုပင်

"ရွှေမြယာသူကြီးကို သူ့ကိုလိုက်ရှာနေတာလေ" လို့လည်း ပြောလိုက် သည်တွင် ရသေ့သည် ကျွန်တော့ကိုပြုံး၍ ကြည့်လာပြီး-

"ရွှေမြယာသူကြီးဆိုတာသူလား" ပြောသည်းပြော တဲ

www.burmeseclassic.com

www.burmeseclassic.com



နောက်ဘက်သို့လည်း လှည့်၍လှမ်းကဲကြည့်ပြောလေသဖြင့် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ဘယ်ပျာကသီကြည့်လိုက်ကြ၏။

အလိုလေးဗျာ ဟုတ်ပါရဲ့ ရွှေမြယာရွာသူကြီးပါလား၊ တစ်ယောက်တည်း မိုးပေါ်ကြည့် ရယ်မောနေပေါင်။

"ဟင် သူတို့နှစ်ယောက် ဘာလိုလုပ် ရသေ့ကြီးဆီရောက်နေကြတာတုန်း၊ ဘယ်လိုတွေဖြစ်သွားကြတာတုန်း"

"အော် သူကြီးက ကကြီးအဖိုးအိုကို တောထဲကနေ ဖမ်းခေါ်လာတာလား၊ နို့ ရွှေမြယာသူကြီးက ဘာတွေသဘောကျနေတာတုန်း၊ သစ်ပင်ပေါ်မယ် ဘာရှိလို့တုန်း"

ရသေ့က ပြုံး၍သာနေလေပြီး-

"ရွှေမြယာဆိုတာ ဟိုရှေ့မှာလေ"

ကျွန်တော်တို့ လှမ်းကြည့်လိုက်ကြပြန်၏။

အလိုလေးဗျာ ဟုတ်ပ့ါ အိမ်ခြေအတော်များများ ရှိပုံပင်၊ မည်သို့မျှတော့ ဝေးလှသည်မဟုတ်။

ထိုအိမ်ခြေတန်းဘက်မှ လူတစ်စု လျှောက်လှမ်းလာနေသည်ကို တွေ့လိုက်ကြ၏။

"သူတို့တွေ သည်ကိုလာနေကြတာလား"

ကျွန်တော်က မေးလိုက်၏။

"ဟုတ်တယ်၊ ကိုပိုက်တို့ ခဏစောင့်ကြည့်နေလျှင်ဖြင့် အံ့ဩစရာတွေ တွေ့ရလိမ့်မယ်၊ ပြီးတော့ ပဟေဠိဖြစ်နေတာတွေလည်း ရှင်းသွားလိမ့်မယ်"

သို့ ရသေ့ကပြောလာသဖြင့် ကျွန်တော်သည် လင်းမြင့်လှိုင်

www.burmeseclassic.com

www.burmeseclassic.com



ကို ငေးကြည့်မိခြင်းပင်။

လင်းမြင့်လှိုင်က ခေါင်းကိုခါယမ်းပြလာချေပြီး-

"ရသေ့ကြီး ရှင်းပြလျှင်ဖြင့် ကိုပိုက်သဘောပေါက်သွားမှာပါ" သို့သာ ပြောလာချေလေ၏။

သည်သို့ဖြင့် ရွှေမြယာရွာမှ ထွက်လာခဲ့ကြသော လူတစ်စုသည် ကျွန်တော်တို့နား ရောက်လာလေတော့၏။

စုစုပေါင်းလူခြောက်ယောက်ခန့် ရှိချေ၏။ ထိုလူစုကို အသက်အားဖြင့် လေးဆယ်ဝန်းကျင်ရှိ ဖြူဖြူသန့်သန့် လူငယ် တစ်ယောက် ဦးဆောင်လာခြင်းဖြစ်၏။

BURMESE CLASSIC

သူ့လက်ထဲတွင်မူ နှစ်လုံးပြူးသေနတ်ကိုင်လာချေ၏။ ထိုနှစ်လုံးပြူးသေနတ်သည် သူကြီးကိုင်လာသည့် သေနတ်ဖြစ်မှန်း ကျွန်တော်သိလိုက်ရ၏။

"ရသေ့ကြီးကို ကျေးဇူးတင်ပါတယ်"

ထိုလူငယ်က ရသေ့ကြီးကို သို့ပြောလာချေ၏။

"ဒါ ရသေ့ကြီးရဲ့မိတ်ဆွေတွေပဲ၊ မိတ်ဆက်ပေးရဦးမယ်"

သည်တွင် ထိုလူငယ်က ကျွန်တော်တို့ကို ပြုံးပြလာချေပြီး-

"မုဆိုးတွေထင်ပ၊ သည်ရောက်တုန်းရောက်ခိုက် ရွာကို အလည်လိုက်ခဲ့ကြပါဦးလား"

ကျွန်တော်က လင်းမြင့်လှိုင်ကိုကြည့်လိုက်၏။

လင်းမြင့်လှိုင်က ရသေ့ကိုကြည့်လိုက်၏။

"ကိုပိုက်တို့ ရောက်တုန်းရောက်ခိုက် ရွှေမြယာရွာကို လိုက် သွားကြပါကလား၊ သည်ရွာရှိမှန်း သည်နားတဝိုက်က ရွာတွေကမသိ

www.burmeseclassic.com

www.burmeseclassic.com



ကြဘူးလေ၊ သည်ရွာကို မျက်စိလည်၊ လမ်းမှားရောက်လာတဲ့သူတွေ ကလွဲလို့ အရောက်အပေါက်မရှိသလောက်ပဲ၊ လိုက်သွားကြပါ။ ရသေ့တော့ မကြာရောက်တတ်တယ်၊ ဒါ သူက သည်ရွှေမြယာရဲ့ သူကြီးပဲ"

"ဗျာ"

"ဟင်"

လူငယ်လေးက ရွှေမြယာသူကြီးဆိုပါကလား၊ သို့ဆိုပါလျှင် ကျွန်တော်တို့နဲ့ တောထဲတွင်တွေ့သည့် သူကြီးကကော သူကြီးဆို တော့-

သို့အတွေးဖြင့် ကျွန်တော်သည် ရသေ့ကြီးထံတွင် ရောက်နှင့်နေသည့် သူကြီးဆိုသူကို လှမ်းကဲကြည့်လိုက်၏။

ရသေ့က ပြုံးပြလာပြန်လေပြီး-

"ကိုပိုက်တို့ သူကိုသူကြီးလို့ ထင်နေကြတာကိုး၊ အေးလေ သူက လည်း ပြောချင်ရာပြောခဲ့တာကိုး"

ရသေ့ကြီးမမ္ပပါလကို ကျွန်တော်နှင့်လင်းမြင့်လှိုင်က စေ့စေ့ ကြည့်နေကြတော့၏။ တခုခုပြောချင်သည့်သဘော ဖြစ်၏။

အကင်းပါးသော ရသေ့မမ္ပပါလက-

"ကကြီးအဖိုးအိုက သူကြီးဟောင်းပဲ၊ အဲ သူကတော့ သူကြီး သိပ် ဖြစ်ချင်တဲ့သူ၊ သူ့ကိုယ်သူ သူကြီးလို့ထင်နေတာ၊ တကယ်တော့ ရူးနေ တာလေ"

"ဗျာ"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ဟင်း ဟင်း သူရူးတာက ယဉ်ယဉ်လေးလေ၊ သူ့ကိုယ်သူ သူကြီးလို့ဆိုပြီး သူ့တူရဲ့နှစ်လုံးပြူးသေနတ်ကို ယူယူပြီး၊ သူကြီး ဟောင်းကို သွားရှာနေတာလေ၊ သူကြီးဟောင်းကကြီးအဖိုးအို ကလည်း တချိန်က သူကြီးပါပဲ၊ နို့ပေမင့်လို့ ရာသက်ပန်သူကြီးဖြစ် ချင်နေတာ၊ ခေတ်ပြောင်းနေပြီလေ၊ လူငယ်တွေခေတ် မဟုတ်လား၊ အသက်ကြီးပြီး ရှေးဆန်ကဲ့လူတွေကို ဘယ်လိုလုပ် သည်ရွာ အုပ်ချုပ် နိုင်းလို့ဖြစ်ပါ့မလဲ၊ တိုးတက်မှုဘယ်ရှိပါ့မလဲ၊ နို့ကြောင့် ပညာတတ် လူငယ်တွေလက်ထဲ လွှဲပေးရတော့မပေါ့၊ နို့မှလည်း ရွာက တိုးတက် မှာလေ၊ ဟင်း ဒါတွေထားဦး၊ သူတို့အကြောင်းဆက်ပြောမှ ကိုပိုက်တို့ ရှင်းသွားလိမ့်မယ်"

"ကကြီးအဖိုးအိုက သူသာလျှင်ရာသက်ပန် သူကြီးဖြစ်ချင် နေတာ၊ ပြီးတော့ သူကလည်း သူ့ကိုယ်သူ သူကြီးပဲဖြစ်လောက်တယ် ဆိုပြီး နှစ်လုံးပြူးသေနတ်ကိုလုယူပြီး ကကြီးအဖိုးအိုကို လိုက်ရှာနေ တာ၊ သူကြီးဟောင်းက သူ့ကိုဒုက္ခပေးမယ်ထင်ပြီး လိုက်ရှာတာပေါ့၊ တနေ့ ရွာထဲကနေ နှစ်ယောက်စလုံး ပျောက်သွားကြတယ်၊ နှစ် ယောက်လုံးဆိုပေမင့် ကကြီးအဖိုးအိုရဲ့ညီနှစ်ယောက်လဲ ပျောက် သွားတယ်၊ သည်သူကြီးရူးရဲ့ တပည့်နှစ်ယောက်လည်း ပျောက်သွား တယ်၊ သည်တော့ သူတို့က လိုက်ရှာခဲ့တယ်လေ၊ နှစ်ယောက်ကို တော့ တွေ့ခဲ့တယ်၊ ခခွေးအဖိုးအိုရယ်၊ ဂငယ်အဖိုးအိုရယ် ပြီးတော့ သူ့နောက်လိုက်နှစ်ယောက်ရယ်ကိုတော့ မတွေ့ဘူး"

သို့ သူကြီးပြောလာသည်တွင် ကျွန်တော်က ခခွေးအဖိုးအို၊ ဂငယ်အဖိုးအိုနှင့် လုံ့တိုက်ကိုင်သူ၊ ငှက်ကြီးတောင့်ဓားကိုင်သူကို တော

www.burmeseclassic.com

www.burmeseclassic.com



တောင်ထဲတွင် သေဆုံးသွားကြသည်ကို ပြန်လည်ပြောပြလိုက်၏။

"အဲလိုလား"

သည်တော့မှ ရွာသူကြီးဆိုသည့်လူငယ်နှင့် အဖော်ငါးယောက်တ အံ့သြတကြီးဖြင့် သိရှိသွားကြလေ၏။

ခုတော့ သည်လူနှစ်ယောက်ကို ရသေ့ဆေးကုသပေးလိုက်လို့ အခြေ အနေကောင်းနေပြီလေ၊ နို့ကြောင့် သူတို့က ရသေ့ဆီက ပြန်လာခေါ် ကြတာပေါ့"

အလိုလေးဗျာ သည်တော့မှ ကျွန်တော်တို့ ရှင်းသွားချေ လေ၏။

BURMESE CLASSIC

ကျွန်တော်တို့သည် သူကြီးလူငယ်၏ ရွှေမြယာရွာသို့ လိုက်မသွားကြ တော့လေပဲ။

ရသေ့ထံတွင် တညအိပ်ကာ တာပုနှင့်အတူ ရွာသို့ပြန်ခဲ့ကြချေလေ သည်။

ကကြီးအဖိုးအိုနှင့် သူကြီးပါဆိုသည့် လူကြီးနှစ်ယောက်၏အကြောင်း ရင်းမှန်ကို သိလိုက်သည်ကြောင့် ရွှေမြယာရွာသို့ သွားကြရန်မလို အပ်တော့လေပြီးကိုး . . . အင်း

ကကြီးအဖိုးအို၏ ရာသက်ပန်သူကြီးဖြစ်လိုသည့် နူးသွပ် စိတ်ကြောင့် အမှာညီအစ်ကိုနှစ်ယောက် ဆုံးပါးသွားကြသလို သူကြီး နူးဖြစ်သူ၏ တပည့်နှစ်ယောက်သည်လည်း အရှူးကိုဆရာတင်မိသေ ကြခြင်းကြောင့် အချည်နှီးအသက်သေဆုံးရချေ၏။

တကယ်တော့ အဖိုးအိုနှစ်ယောက်လုံးသည် အရှုပ်ထုပ်မြေ စိတ်ဝါတ်တက်ကြွကြပါ၏။ သန်စွမ်းကြပါ၏။ မန်နိုင်ကြသေး၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ပေမင့်လို့ ယဉ်ယဉ်လေး ရှုးသွပ်နေကြသည်ကို ကိုယ်တိုင်မသိကြပေသည်ကိုး။

စာဖတ်ပရိတ်သတ်အား လေးစား
ကြိုးစားလျက်
ကိုပိုက်
1:40 PM (၂၀ . ၁၁ ., ၂၀၀၇)

BURMESE CLASSIC

www.burmeseclassic.com